## အခန်း(၄၄၅) - မင်းက ငါ့ဆီမှာ အကြွေး တင်နေပြီးသားပဲ... ဘာမှ မထူးပါဘူး။

တိုက်ပွဲ ပြီးသွားသောအခါ သူတို့သုံးယောက်သည် လေ့ကျင့်ရေး အခန်းထဲမှ ထွက်လာကြသည်။

ရီကျန်းသည် စိတ်အခြေအနေ မကောင်းသောကြောင့် သူ့ဘာသာသူ တစ်ယောက်တည်း ထွက်ခွာ သွားသည်။ အခြေခံအားဖြင့် တိုက်ပွဲကို အနိုင်ရခဲ့သော်လည်း ပျော်ရွှင်သည့် ခံစားချက်ကို လုံးဝ မခံစားရပေ။

ရီရီယို့ တစ်ယောက်လည်း ထိုကဲ့သို့ ရလဒ် ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။ လင်းဟွမ်ကို နောက်ပြောင်ကျီစားရန် ဓာတ်ပုံများနှင့် ဗီဒီယိုများ ရိုက်ကူးရန်ပင် တွေးတောနေခဲ့သည်။ ယခုမူ ထိုကဲ့သို့ မလုပ်နိုင်ရုံသာမက ရီကျန်းပင် စိတ်ဆင်းရဲသွားသည်။

"ငါတို့တွေ ဟင်းလင်းပြင် အပျက်အစီးထဲ ရောက်နေတုန်းက မင်းရဲ့အရည်အချင်းကို ဖုံးကွယ် ထားတာလား..."

ရီရီယွီသည် လင်းဟွမ်၏စွမ်းရည်က လွန်ခဲ့သော တစ်လကထက် ပို၍ ကြောက်စရာ ကောင်းလာသဖြင့် သံသယ ဝင်နေသည်။

"ငါ့ရဲ့အစွမ်းအစကို တကယ် မဖုံးကွယ်ထားဘူး။ ငါ့မှာရှိသမျှ အကုန် ချပြခဲ့တာပဲ။ ဒါပေမယ့် အခုလက်ရှိက ဓားကျင့်စဉ် အမျိုးမျိုးကို ပေါင်းစပ်ပြီးတော့ ဓားနယ်ပယ်ကလည်း အဆင့်တက်ထားတာ မကြာသေးဘူး။ နောက်ပြီးတော့ တိုက်ပွဲ အစစ်အမှန်တွေနဲ့

နေ့တိုင်းလေ့ကျင့်ဖြစ်တယ်... အဲ့ဒါကြောင့် နည်းနည်းလေး တိုးတက်လာခဲ့တာပါ”

လင်းဟွမ်က အမှန်တိုင်း ပြောလိုက်သည်။

“မင်း...”

ရီရီယွီသည် လင်းဟွမ်က တစ်ချိန်လုံး ထိမ်ချန်ထားကြောင်း သိနေသည်။

“ဒါဆို အခု တိုက်ပွဲကရော ဘယ်လိုလဲ။ အကုန်လုံး ထုတ်သုံးခဲ့တာလား”

" အကုန်နီးပါး ထုတ်ခဲ့တာပဲ။ တချို့ စွမ်းရည်ကျတော့ သေရေးရှင်ရေး မဟုတ်ရင် ငါ ထုတ်သုံးလို့ မရဘူး..."

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ဒါပေမယ့် မင်းရဲ့အစ်ကိုကလည်း သိသိသာသာ ထိမ်ချန်ထားပါတယ်။ သူက ငါ့ရဲ့ အရှိန်နဲ့ခွန်အားကို ဖိနှိပ်နိုင်တယ်လေ"

လင်းဟွမ်က ဆက်ပြောလိုက်သည်။

"မင်းနဲ့ ငါ့အစ်ကိုက လုံးဝ မထိမ်ချန်ထားရင် ဘယ်သူ အနိုင်ရမယ်လို့ထင်လဲ..."

ရီရီယွီက အောက်ခြေထိ ရောက်အောင် မေးလိုက်သည်။

"တကယ်လို့ ငါ မွန်းစတား တစ်ကောင်မှ မခေါ်ရင် သူ့ဘက်မှာ အနိုင်ရဖို့ (၉၅) ရာခိုင်နှုန်း ရှိတယ်။ ငါ မွန်းစတားတွေကို ဆင့်ခေါ်မယ်ဆို အနိုင်ရဖို့ (၈၀) ရာခိုင်နှုန်းပဲ ရှိလိမ့်မယ်"

လင်းဟွမ်က သူ့ဘာသာသူ တွေးပြီး ပြောလိုက်သည်။

"ဒါဆို ငါ့အစ်ကိုက ပိုအစွမ်းထက်တာပေါ့..."

ရီရီယွီသည် လင်းဟွမ်၏ အဖြေကြောင့် စိတ်ကျေနပ်သွားသည်။

လင်းဟွမ်က ပြုံးရုံသာ ပြုံးနေခဲ့ပြီး ဘာမှ ဆက်မပြောတော့ချေ။ အကယ်၍ သူသာ အဖြူရောင်မီးလျှံအဆင့်သို့ တက်လှမ်းသွားခဲ့ပါက ထိုအချိန်၌ ရီကျန်း မတိုးတက်လာခဲ့လျှင် ကစားပွဲ အပြောင်းအလဲ ဖြစ်သွားမည့် အကြောင်းကို သူသိနေသည်။

လေ့ကျင့်ရေး အခန်းထဲမှ ထွက်လာပြီးနောက် ရီရီယွီက လင်းဟွမ်ကို သူမအခန်းထဲ ခေါ်သွားသည်။ တိတိကျကျ ပြောရလျှင် သူမ နေထိုင်သော အဆောက်အဦးသို့ ခေါ်သွားခြင်းပင်။

ရီရီယွီ၏ နေရာသည် ကြီးမားသော သုံးထပ်တိုက်ကြီး တစ်လုံး ဖြစ်သည်။ အထပ်တစ်ခုစီတိုင်းသည် လင်းဟွမ် တည်းခိုနေသော အဆောင်၏ အရွယ်အစားထက် လေးဆကျော် ကြီးမားသည်။ သုံးထပ်ဟု ဆိုသော်လည်း မြေအောက်ခန်း နှစ်ထပ် ပါသေးသည်။

အပြင်ဘက်မှကြည့်ပါက ဟောင်းနွမ်းနေသော်လည်း အတွင်းထဲတွင် ဇိမ်ခံပစ္စည်း အပြည့်အစုံ ရှိသည်။

အဝင်ဝတွင် အလိုလို ဖွင့်နိုင်၊ ပိတ်နိုင်သော ရွှေကြိုးတံခါးများပင် ရှိသေးသည်။ ထို့အပြင် ရှားပါးသတ္တဝါများနှင့် ပြုလုပ်ထားခြင်း ဖြစ်သည်။

လင်းဟွမ်သည် ရီရီယွီတို့က ကျိုကျိုတက် ချမ်းသာကြောင်း ဝန်ခံလိုက်မိသည်။

"ရှောင်ဟုန်က နေ့တိုင်း မီးမှုတ်ရတာ ကြိုက်တယ်။ ဒါကြောင့် အခန်းထဲမှာရှိတဲ့

ပစ္စည်းတွေက မီးဒဏ် ခံနေရတော့ ပစ္စည်း အများကြီး ပြောင်းနေရတယ်”

ရီရီယွီသည် လင်းဟွမ် ဝင်ပေါက်နားမှ ရွှေကြိုး တစ်ချောင်းအား စိုက်ကြည့်နေသည်ကို တွေ့လိုက်လျှင် ရှင်းပြလိုက်သည်။

“အိမ်မွေး တိရိစ္ဆာန်တစ်ကောင်ကို ထိန်းသိမ်းရတာက ထင်ထားတာထက် အများကြီး ခက်တယ်”

ရီရီယွီက ဆက်ပြောလိုက်သည်။

"ဒါဆို မင်းရဲ့ကလေးကို ရှောင်ဟုန်လို့ ခေါ်နေသေးတာလား"

လင်းဟွမ်က သူမကို လှမ်းကြည့်လိုက်သည်။

"အဲ့ဒါ မင်းနဲ့ဘာဆိုင်လို့လဲ..."

ရီရီယွီက လူသတ်ချင်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး အော်ဟစ်လိုက်သည်။

"နာမည် တစ်ခု စဉ်းစားပေးရမလား..."

လင်းဟွမ်က အကြံပြုရင်း ပြုံးနေလိုက်သည်။

"သွားစမ်း။ အဝေးကိုသွား"

လင်းဟွမ်၏ မထိတထိ နောက်ပြောင်မှုကြောင့် ရီရီယွီတစ်ယောက် ဒေါသ ပေါက်ကွဲသွားသည်။

"အေး... မင်းမလိုချင်လည်း အဆင်ပြေပါတယ်။ အဲ့ဒီလောက် ဒေါသ ထွက်နေစရာ လိုလို့လား..."

လင်းဟွမ်က ပခုံးတွန့်ပြလိုက်သည်။

"ဒါဆိုမင်း မွန်းစတားသွေး လိုချင်သေးလား"

ရီရီယွီက ခြိမ်းခြောက်လိုက်သည်။

"အာ... တောင်းပန်ပါတယ်... အစ်မကြီး..."

လင်းဟွမ် ရုတ်တရက် ပျော့ကျသွားသည်။

"ဟွန့်…"

ရီရီယွီက အေးစက်စက် နှာတစ်ချက်မှုတ်ပြီး ရှောင်ဟုန်ကို ဆင့်ခေါ်လိုက်သည်။

ထိုအကောင်လေးသည် လွန်ခဲ့သော နှစ်ရက်က ဗီဒီယိုဖုန်းထဲတွင် လင်းဟွမ် မြင်ခဲ့သည့်အတိုင်းပင်။ ယခုအခါ ခေါင်းက အနည်းငယ် ကြီးလာပြီး အမွေးများက နည်းနည်းလေး ထွက်လာသော်လည်း ခါတိုင်းကဲ့သို့ နီတာရဲလေး ဖြစ်နေသေးသည်။

လင်းဟွမ်က သူ့ကို အကဲခတ်နေသလို သူကလည်း လင်းဟွမ်ကို အကဲခတ်နေသည်။

ဒါသည် ဖီးနစ်သွေး မျိုးဆက်ပါသော အိမ်မွေးတိရစ္ဆာန် ဖြစ်ရုံသာမက ဉာဏ်ရည်မြင့်မားသော သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်လည်း ဖြစ်နေသည်။

လင်းဟွမ်ထံတွင် ဆိုးရွားသော ရည်ရွယ်ချက်မရှိကြောင်း ပြောနိုင်သည်။

"သတိထား။ ဒီကောင်က စိတ်ရှုးပေါက်ရင် မီးထမှုတ်တတ်တယ်..."

ရှောင်ဟုန်က သူစိမ်းများကို တိုက်ခိုက်တတ်သဖြင့် ရီရီယို့က စိုးရိမ်နေသည်။

ကံကောင်းထောက်မစွာဖြင့် လင်းဟွမ်ကို တိုက်ခိုက်မည့်ပုံ မရှိချေ။

လင်းဟွမ်သည် သိုလှောင်လက်စွပ်ထဲမှ ချော်ရည်ပူ သလင်းကျောက်ကို ထုတ်ယူပြီး လက်ဖဝါးပေါ် တင်လိုက်သည်။

ရှောင်ဟုန်သည် သလင်းကျောက်ထဲမှ မီးစွမ်းအားကို ခံစားမိပြီး လင်းဟွမ်ထံ လျှောက်သွားသည်။ ထို့နောက် ပါးစပ်ပေါက်ထက် ပိုကြီးသော သလင်းကျောက်ကို ကောက်မျိုချလိုက်သည်။

“မင်း ဘာပေးလိုက်တာလဲ...”

ရီရီယွီက ချက်ချင်း မေးသဖြင့်

“ချော်ရည်ပူ သလင်းကျောက်...”

“အဆင်ပြေပါ့မလား”

ရီရီယွီ စိတ်ပူနေသည်။

“စိတ်မပူနဲ့။ ငါ့အိမ်မှာ ရှိတဲ့ အမြီးခုနစ်ချောင်းလေးလည်း စားတယ်။ မင်းဟာက ဖီးနစ်သွေး အစစ်ဆိုတော့ ပိုတောင် အဆင်ပြေသေးတယ်”

လင်းဟွမ်သည် ရီရီယွီက အိမ်မွေး တိရိစ္ဆာန်များအား အစာကျွေးသည့် ပုံစံနှင့် ပက်သက်၍ မရင်းနှီးသေးကြောင်း ယခုမှ သဘောပေါက်သွားသည်။

"ဒါဆိုရင် မင်းက ဘာတွေ ကျွေးနေတာလဲ..."

"ငါ့အဘိုးကတော့ မီးနဲ့ ပတ်သက်တဲ့ဟာတွေ ကျွေးဖို့ပြောတယ်။ အဲ့ဒါနဲ့ လက်ဆတ်တဲ့ မွန်းစတားအသားနဲ့ မီးဂုဏ်သတ္တိရှိတဲ့ အရာတွေ ကျွေးတယ်။ ကျွေးသမျှ အကုန်စားတာပဲ။ ဒါပေမယ့် တစ်ခါတလေတော့လည်း ငါ စားသလို ကျွေးတယ်"

မကြာခင် လင်းဟွမ်က ထိန်းချုပ်သူတစ်ယောက်ဖြစ်ကြောင်း ပြန်သတိရသွားပြီး

"ငါ့ကျွေးနည်းမှာ ပြဿနာ ရှိနေလား"

"မင်းကျွေးတဲ့နည်းက ဖြုန်းတီးရာ ကျလွန်းတယ်။ အဲ့ဒီလောက် ဒုက္ခခံစရာ မလိုဘူး။ မင်း တွင်းထွက်ပစ္စည်း နည်းနည်းပဲကျွေးလို့ ရတယ်။ အဲ့ဒီတွင်းထွက်တွေရဲ့ အာနိသင်က တိရစ္ဆာန်တွေရဲ့ အသားထက်တောင် ပိုကောင်းပြီး ဈေးလည်း သက်သာတယ်။ အရေအသွေးကောင်းတဲ့

သတ္တုတွင်းထွက် ပစ္စည်းတွေလည်း ဈေးမပေါ်ပါဘူး။ သစ်သီးတွေနဲ့တောင် ယှဉ်နိုင်တယ်...”

လင်းဟွမ်က ရှင်းပြလိုက်သည်။

“သတ္တုတုံးတွေ ကျွေးရင် အစာကြေဖို့ မခက်ဘူးလား”

ရီရီယွီ တွေဝေနေသည်။

“အစ်မကြီး.... ဒါက လူမဟုတ်ဘူး... ဖီးနစ် မျိုးဆက်နော်။ လူတွေနဲ့ ယှဉ်ရင် မတူညီတဲ့ အစာချေစနစ် ရှိတယ်။ ငါတို့ လူသားတွေအတွက်

သတ္တုတုံးက အစာကြေဖို့ ခက်ရင်ခက်မယ်။ ဖီးနစ်သွေးမျိုးဆက်ပါတဲ့ အိမ်မွေးတိရစ္ဆာန်တွေ အတွက်တော့ ထမင်းစားရသလိုပဲ။ မင်းရော ထမင်းကို အစာ မချေနိုင်ဘူးလား”

လင်းဟွမ် ဆွံ့အနေသည်။

“အဲ့ဒီလိုလား”

ရီရီယွီသည် သူမ၏ အိမ်မွေးတိရစ္ဆာန်ကို အချိန်တိုင်း မှားယွင်းစွာ ပျိုးထောင်နေကြောင်း သိသွားသည်။ လူသားများ မစားနိုင်သည့်

အရာများကို သူမ၏ အိမ်မွေးတိရိစ္ဆာန်က မစားနိုင်ဘူးဟု ယူဆခဲ့ခြင်းပင်။

"မွန်းစတားတွေ အရိုးစားတာလည်း ပုံမှန်ပဲလား"

"မွန်းစတားတွေရဲ့ အစာချေ စနစ်အရဆို အရိုးစားတာလည်း ပုံမှန်ပဲ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

ရီရီယွီသည် နောက်ဆုံးတစ်ကြိမ်က ရှောင်ဟုန် အရိုးတစ်ပိုင်း ကောက်စားသည်ကို မြင်လျှင်

ဆွံ့အသွားပြီး ပါးစပ်ထဲက အရိုးကို အတင်း ဆွဲလုခဲ့ဖူးသည်။

ရှောင်ဟုန်က ရီရီယွီကို အကဲခတ်သလို စိုက်ကြည့်နေပြီး သူတို့ပြောနေသည့် စကားကို နားလည်ပုံရသည်။

ရီရီယွီသည် ရှောင်ဟုန်၏ အကြည့်ကို သတိထားမိပြီး လင်းဟွမ်ကို စိုက်ကြည့်လိုက်သည်။

"ကဲ... အလုပ်ကိစ္စ သွားရအောင်..."

လင်းဟွမ်က ခေါင်းညိတ်ပြီး ရှောင်ဟုန်ကို ကြည့်လိုက်သည်။ ထို့နောက် သိုလှောင်လက်စွပ်ထဲမှ ချော်ရည်ပူ သလင်းကျောက် လက်တစ်ဆုပ်စာ ထုတ်ယူပြီး ရှောင်ဟုန်ရှေ့မှာ ထားလိုက်သည်။

"ရှောင်ဟုန်။ မင်းရဲ့ သွေးသုံးစက် ငါ လိုချင်တယ်။ အဲ့ဒါကို ဒီချော်ရည်ပူ သလင်းကျောက်တွေနဲ့ လဲမလား..."

ရှောင်ဟုန်သည် ချော်ရည်ပူ သလင်းကျောက်များကို ခဏမျှ စိုက်ကြည့်ပြီးနောက် သုံးကြိမ်တိုင်တိုင် အော်ဟာစ်လိုက်သည်။

"ကောင်းပြီးလေ။ သွေးသုံးစက်အတွက် ချော်ရည်ပူ သလင်းကျောက် လက်နှစ်ဆုပ်စာ..."

လင်းဟွမ်သည် နောက်ထပ် ချော်ရည်ပူ သလင်းကျောက် လက်နှစ်ဆုပ်ကို ကိုင်ကာ ကော်ဇောပေါ် တင်လိုက်သည်။

ရီရီယွီသည် ရှောင်ဟုန်ကို ခေါင်းညိတ်လိုက်သဖြင့် အံ့သြမှင်တက်နေသည်။

"မင်းက သူပြောတာကို နားလည်တာလား..."

"နားလည်ဖို့ မခက်ပါဘူး..."

အမှန်အတိုင်းဆို လင်းဟွမ်လည်း နားမလည်ပေ။ ရှောင်ဟုန်၏ အမူအရာကို ခန့်မှန်းပြီး ရှိုးနေခြင်းပင်။

"အခုတော့ ထိန်းချုပ်သူတွေကို အရမ်း အားကျတာပဲ"

လင်းဟွမ်သည် ရီရီယို့ နားလည်မှု လွဲသွားသော်လည်း ရှင်းပြခြင်း မရှိပေ။

လင်းဟွမ်သည် ရှောင်ဟုန်နှင့် ဆက်သွယ် ညှိနှိုင်းပြီးနောက် ဆေးထိုးအပ်ပြွန်ကို ထုတ်ယူကာ ရှောင်ဟုန်၏ ခြေထောက်ထဲ ထိုးသွင်းလိုက်သည်။

မကြာခင် လက်မအရွယ်ခန့်ရှိသော ဆေးထိုးပြွန်ထဲတွင် သွေးများ ပြည့်လာသည်။

လင်းဟွမ်က ဆေးထိုးအပ်ကို ပြန်နှုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှောင်ဟုန်၏ ခြေထောက်မှ ဒဏ်ရာသည် ချက်ချင်း နီးပါး သက်သာသွားသည်။

“ကျေးဇူးတင်ပါတယ်”

လင်းဟွမ်က ရှောင်ဟုန်၏ နောက်ကျောကို ပွတ်သပ်လိုက်သည်။

"ဒီသွေးကို သုံးနာရီအတွင်း သုံးရမှာဆိုတော့ ငါမနေနိုင်တော့ဘူး... နောက်နေ့မှပဲ ထမင်းကျွေးတော့မယ်..."

လင်းဟွမ်က ရှောင်ဟုန်ကို ပုတ်လိုက်ကာ မတ်တပ် ပြန်ရပ်ပြီး ရီရီယွီကို ပြောလိုက်သည်။

"အဲ့ဒါဆိုရင် မင်းငါ့ကို ကျွေးရမယ့်ထမင်းက ဘယ်နှကြိမ် ဖြစ်သွားပြီလဲ"

ရီရီယွီက ပြုံးပြီး မေးလိုက်သဖြင့်

"စိတ်မပူနဲ့။ ငါ ဖြည်းဖြည်းချင်း ပြန်ဆပ်မယ်။ အနာဂတ်မှာ အခွင့်အရေးတွေ အများကြီး ရှိပါသေးတယ်"

လင်းဟွမ်က ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။

"မင်းက ငါ့ဆီမှာ နဂိုကတည်းက အကြွေးတင်နေပြီပဲ။ တစ်ခေါက် ပိုတင်လည်း ဘာမှမထူးပါဘူး။ သွားပါတော့"

ရီရီယွီက လက်ခါပြပြီး ပြောလိုက်လျှင်

"ကျေးဇူးတင်ပါတယ်..."

လင်းဟွမ်က နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီး ဝင်သွားသည်။

## အခန်း(၄၄၆) - သွေးရဲရဲလေး ချိတ်ဖွင့်ခြင်း။

လင်းဟွမ်သည် နေရာ ကူးပြောင်းခြင်း ဓါတ်ကြွင်းထဲသို့ လမ်းလျှောက် ဝင်သွားပြီးနောက် ဥက္ကာခဲ သဲကန္တာရထဲတွင် ပေါ်လာသည်။ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ကြယ်အလင်းသားရဲ အသိုက်ရှိရာ ရေကန်ဘေးနှင့် တည်နေရာ ချိတ်ဆက်ထားသည်။

ထို့နောက် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို သိမ်းပြီးနောက် ရေကန်ထဲ ခုန်ဆင်းသွားသည်။

မိနစ်(၂၀) ခန့် ကြာသောအခါ သီးခြား နယ်မြေထဲသို့ ရောက်လာသည်။

သီးခြားနယ်မြေထဲတွင် မိုးကြိုးသိမ်း၌က်ကို ဆင့်ခေါ်ပြီးနောက် နက်ရှိုင်းသော အတွင်းပိုင်းသို့ ဝင်သွားသည်။ ထို့နောက် ဖီးနစ်သွေးများကို မိုးကြိုးသိမ်း၌က်၏ ဘယ်ဘက် ပေါင်ထဲ ထိုးသွင်းလိုက်သည်။

မကြာခင် ကောင်းကင်ပေါ်မှ အဖြူရောင် အလင်းများ ဖြာကျလာပြီး မိုးကြိုးသိမ်း၌က်ကို ဖုံးလွှမ်းသွားသည်။ မိုးကြိုးသိမ်း၌က်၏

ခန္ဓာကိုယ်သည် လေထဲသို့ ဖြည်းဖြည်းချင်း မြောက်တက် လာကာ အော်ရာကလည်း သိသိသာသာ မြင့်တက်လာသည်။ ငါးမိနစ် မပြည့်ခင်မှာပင် အဖြူရောင် အလင်းများ ပြန်မှိန်ဖျော့သွားကာ မိုးကြိုးသိမ်းဌက်က မြေပေါ် ပြန်ကျလာသည်။

ယခုအခါ၌ မိုးကြိုးသိမ်းဌက်၏ အောာ်ရာသည် အဖြူရောင် မီးလျှံအဆင့်သို့ ရောက်ရှိသွားပြီ။ သို့သော်လည်း ဒါသည် သာမန် ချိတ်ဖွင့်ခြင်း တစ်ခုသာဖြစ်၍ သိသာထင်ရှားသော ကွဲပြား

ခြားနားမှု မရှိပေ။ သုံးကြိမ် သန္ဓေပြောင်းလဲခြင်း သို့မဟုတ် သွေးမျိုးဆက် ဆင့်ကဲတိုးတက်ခြင်း မဖြစ်ပေါ်ခဲ့ပေ။

လန်စန်လော့၏ ဖြစ်စဉ်ကဲ့သို့ပင် ချိတ်ဖွင့်ခြင်းက ကိတ်မုန့်တစ်လုံး စားရသကဲ့သို့ လွယ်ကူလှ၏။

လင်းဟွမ်သည် မိုးကြိုး သိမ်း၌ကိုက် ချိတ်ဖွင့်ပြီးနောက် မိုးကြိုးသိမ်း၌ကိုက် စီးပြီး ထွက်ခွာလာသည်။ ယခုအခါ မိုးကြိုးသိမ်း၌ကိုသည် အဖြူရောင် မီးလျှံအဆင့် ဖြစ်သွားသောကြောင့် ယခင်ကထက် နှစ်ဆ ပိုမြန်လာသဖြင့် ယခင်က

ကိုင်လီထက် နှေးသော်လည်း ယခု သိပ်မကွာတော့ချေ။

ထုံးစံအတိုင်း ရေကန်ဘေးသို့ ပြန်ရောက်လာပြီးနောက် မိုးကြိုးသိမ်း၍ကက်ကို ကတ်ပုံစံ ပြန်သိမ်းကာ မြေပုံ ထုတ်ကြည့်လိုက်သည်။

မြေပုံပေါ်တွင် အနီရောင် အမှတ်အသားများဖြင့် (၁, ၂, ၃, ၄) ဟူသော ကိုဩဒိနိတ်များ မှတ်သားထားသည်။

ဒါသည် လွန်ခဲ့သော ရက်ပိုင်းက သွေးရဲရဲလေးက ကပ်ပါးကောင်များကို အမဲလိုက်ရန်အတွက် ပြင်ဆင်ထားသော ကိုသြဒိနိတ် တည်နေရာများပင် ။

ပထမဦးဆုံး တည်နေရာမှာ ဝပ်ကျင်းအမှတ် (၇) ဘီ (၂၁) ၊ လော့ပမြို့ ဖြစ်သည်။

လင်းဟွမ်သည် နေရာ ကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ တည်နေရာ အမှတ်အသားပြုလုပ်ပြီး လမ်းလျှောက် ဝင်သွားသည်။

...

"ကဲ တည်နေရာ (၇၆) ခုမြောက် ဝပ်ကျင်းအမှတ်(၇) စီ (၈၈) အနီးအနားမှာ ရှိတဲ့ မွန်းစတား ကပ်ပါးကောင်တွေ အားလုံးတော့ သတ်လို့ကုန်ပြီ"

(၁၈) ရက်မြောက်နေ့ ညသန်ခေါင်ယံအချိန်......

လင်းဟွမ်သည် သွေးရဲရဲလေးက နွယ်ပင်နှင့် ထိုးဖောက်၍ သတ်ဖြတ်ထားသော နောက်ဆုံး ကပ်ပါးကောင်၏ ဦးခေါင်းကို ကြည့်ပြီး ပြုံးလိုက်သည်။

"ပြီးခဲ့တဲ့ ရက်တွေမှာ (၁၈) ရက်ဆက်တိုက် အလုပ်လုပ်ခဲ့ပြီး (၃) နာရီပဲ နားရသေးတယ်။ နောက်ဆုံးတော့လဲ ကပ်ပါးကောင် တစ်ရာကျော် သတ်ခဲ့ပြီးပြီ။ မင်း ချိတ်ဖွင့်တဲ့ အချိန်မှာ သန္ဓေသုံးကြိမ်ပြောင်းဖို့ လုံလောက်မယ် ထင်တာဘဲ"

လင်းဟွမ်သည် တစ်လ ခွဲလုံးလုံး ကောင်းကောင်း မအိပ်ခဲ့ရသဖြင့် မျက်လုံးများ နီရဲနေသည်။

"ငါလဲ လုံလောက်ပြီလို့ ထင်တာပဲ"

သွေးရဲရဲလေးက ပြန်ဖြေလိုက်သည်။

စစ်မှန်သော တိုက်ပွဲများထဲတွင် လင်းဟွမ်၏ လမ်းညွှန်မှုနှင့်အတူ သွေးရဲရဲလေးသည် အလွန် တိုးတက် လာခဲ့သည်။ ယခင်က အနီးကပ် တိုက်ပွဲများတွင် အလွန် ဆိုးရွားခဲ့သော သွေးရဲရဲလေးသည် ယခုအခါတွင် အဆင့်တူ မွန်းစတားအားလုံးကို အနီးကပ် တိုက်ခိုက်မှု၌ အနိုင်ယူနိုင်သော ကျွမ်းကျင်သူ တစ်ယောက်အဖြစ် ပြောင်းလဲသွားခဲ့ပြီ။

"ငါကလည်း ရွှေအဆင့်ပြည့်ဝအဆင့်ကို တစ်လအတွင်း ရောက်အောင် လုပ်ရမယ်။

အဲ့ဒါဆိုရင် သန့်ရှင်းမီးလျှံအဆင့် ရောက်ဖို့ သိပ်ကြာမှာမဟုတ်ဘူး။ မင်းက သန္ဓေသုံးကြိမ် ပြောင်းပြီး ယာယီ အပိတ်ခံရပေမယ့် အကြာကြီး အပိတ်ခံရမှာ မဟုတ်လို့ စိတ်မပူနဲ့”

လင်းဟွမ်က နှစ်သိမ့်လိုက်သည်။

“ငါ သိပါတယ် သခင်။ ကျေးဇူးပြုပြီး မင်းဘာသာမင်း ဂရုစိုက်နော်”

လင်းဟွမ် ဆင့်ခေါ်သော မွန်းစတားအားလုံးထဲတွင် သွေးရဲရဲလေးက တွေးခေါ်မှု အရှိဆုံးနှင့် ဉာဏ်အကောင်းဆုံးသာ ။

လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီးနောက် သွေးရဲရဲလေးနှင့်အတူ ဥက္ကာခဲ သဲကန္တာရထဲသို့ နောက်တစ်ကြိမ် ပြန်ရောက်လာသည်။

သီးခြား နယ်မြေထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သွေးရဲရဲလေးက မူလပုံစံဖြစ်သည့် ကြီးမားသော စပါးအုံး မြွေကြီးကဲ့သို့ ပြန်ပြောင်းလိုက်သည်။

“ရှောင်ဖိန် သွေးရဲရဲလေးကို ချိတ်ဖွင့်မယ်”

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

သွေးရဲရဲလေးသည် ကပ်ပါးကောင် ဆယ်မျိုးကိုသာ သတ်ပစ်ရမည် ဖြစ်သောကြောင့် အစကတည်းက ချိတ်ဖွင့်မည့် စည်းကမ်းများကို အောင်မြင်ခဲ့သည်။ သို့သော်လည်း သွေးရဲရဲလေး၏ သန္ဓေသုံးကြိမ် ပြောင်းလဲမှု သေချာစေရန် လင်းဟွမ်က (၁၈) ရက်ကျော် အချိန်ယူပြီး ကပ်ပါးကောင် တစ်ရာကျော်ကို သတ်ဖြတ်ခိုင်းခဲ့သည်။ ထို့ကြောင့် ယနေ့မှ ချိတ်ဖွင့်ရန်အတွက် သီးခြားနယ်မြေထဲသို့ လာခဲ့ခြင်းပင် ။

သွေးရဲရဲလေးသည် လင်းဟွမ် ပိုင်ဆိုင်သော မော်ကွန်းအဆင့် မွန်းစတားကတ်ထဲတွင် ချိတ်မဖွင့်ရသေးသော နောက်ဆုံး လက်ကျန်ကတ် ဖြစ်သည်။

လင်းဟွမ် ညွှန်ကြား လိုက်သည်နှင့် ကောင်းကင်ပေါ်မှ အဖြူရောင်အလင်းများ ဖြာကျလာပြီး သွေးရဲရဲလေးကို လွှမ်းခြုံသွား၏။

သွေးရဲရဲလေး၏ အော်ရာများ မြင့်တက်လာသလို တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်မှ ခရမ်းရောင်အလင်းများ ဖြာထွက် လာသည်။

မကြာခင် ခရမ်းရောင် အလင်းစက်များသည် သွေးရဲရဲလေး၏ ကိုယ်ပေါ်တွင် ခရမ်းရောင်ဆေး သုတ်လိမ်းထားသကဲ့သို့ ထူထပ်စွာ ဖုံးလွှမ်းသွားသည်။ သွေးရဲရဲလေး၏ ခန္ဓာကိုယ်သည် ဘောလုံးတစ်ခုကဲ့သို့ ကွေး၍ လုံးသွားကာ အိပ်ပျော်သွားပုံ ရကာ လေထဲ၌ တည်ငြိမ်စွာ လွင့်မြောနေသည်။

ခန္ဓာကိုယ်က အရောင် ပြောင်းလာသည်နှင့် တစ်ပြိုင်နက် လင်းဟွမ်သည် သွေးရဲရဲလေးက

သန္ဓေသုံးကြိမ် ပြောင်းလဲမှု လုပ်ငန်းစဉ် စတင်နေပြီ ဖြစ်ကြောင်း သိလိုက်သည်။

လင်းဟွမ်သည် ချိတ်ဖွင့်သည့်ဖြစ်စဉ် ပြီးဆုံးရန် စိတ်ရှည်စွာ စောင့်ဆိုင်းရင်း အချိန်များ ကုန်ဆုံးလာခဲ့သည်။

သွေးရဲရဲလေး၏ အလုံးသည် လေထဲ၌ လည်ပတ်နေခဲ့ပြီး သုံးနာရီ ကြာသောအခါ သွေးရဲရဲလေး၏ အရွယ်သည် ဘတ်စကက်ဘော အရွယ်အစားထိ ကျုံ့လာပြီး လုံးဝပင် ခရမ်းရောင် အလုံးတစ်ခု ဖြစ်သွားသည်။

အကယ်၍ လင်းဟွမ်သာ သွေးရဲရဲလေးထံမှ ထွက်ပေါ်လာသော ကြောက်စရာ ကောင်းသည့် အော်ရာများကို နားမလည်ပါက သွေးရဲရဲလေး သေသွားပြီဟု ထင်သွားမိလိမ့်မည်။

အလင်းရောင်များ မှိန်ဖျော့လာသည်နှင့် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"မော်ကွန်းအဆင့် မွန်းစတားကတ် အဝါရောင် ပန်းနွယ်နတ်ဆိုး (သွေးရဲရဲလေး) ချိတ်ပွင့်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

“မော်ကွန်းအဆင့် မွန်းစတားကတ် အဝါရောင် ပန်းနွယ်နတ်ဆိုး (သွေးရဲရဲလေး) က အခုလက်ရှိမှာ အဖြူရောင် မီးလျှံအဆင့်ကို ရောက်ရှိ သွားပါပြီ”

“အဝါရောင် ပန်းနွယ်နတ်ဆိုး (သွေးရဲရဲလေး) က မော်ကွန်းအဆင့်ကနေ ဂန္ဒဝင်အဆင့်ကတ် အဖြစ် မြင့်တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်”

“ဂန္ဒဝင်အဆင့် မွန်းစတားကတ်ကို ရသွားတဲ့အတွက် ဂုဏ်ပြုတယ်။

“ဒီမွန်းစတားကတ်က မွန်းစတား အမျိုးအစား အသစ်ဖြစ်ပြီး နာမည်မပေးရသေးလို့ ကျေးဇူးပြုပြီး နာမည်တစ်ခု ပေးပါ”

လင်းဟွမ်က အဝါရောင် ပန်းနွယ်နတ်ဆိုး ဟူသောနာမည်ကို ပေးခဲ့သူ ဖြစ်သည်။ ယခုမူ သွေးရဲရဲလေးက သန္ဓေသုံးကြိမ်ပြောင်းပြီး မွန်းစတားအသစ် ဖြစ်လာသောကြောင့် နာမည် မရှိသေးသည်မှာ သဘာဝပင်။

သွေးရဲရဲလေးက ဘောလုံးပုံစံ ဖြစ်နေပြီး နွယ်ပင်ပုံစံ မဟုတ်တော့ဘဲ တိမ်ဆိုင်တစ်ခုကဲ့သို့

ဖြစ်နေသည်။ ဒါကိုမြင်လျှင် လင်းဟွမ် အံ့ဩသင့်သွားပြီး

"သွေးရဲရဲလေး မင်း ပုံစံ ဘာဖြစ်နေတာလဲ"

"သခင်၊ အခု ငါက လိုသလို ပုံပြောင်းလို့ရပြီ"

သွေးရဲရဲလေးက သူ၏ ပုံစံ အသစ်အတွက် ကျေနပ်နေပုံရကာ

"ကျေးဇူးပြုပြီး နာမည်ပေးပါ"

"ဒါဆိုလဲ မင်းကို တိမ်ခရမ်းလို့ နာမည် ပေးလိုက်မယ်"

လင်းဟွမ်သည် စဉ်းစားပြီးနောက် နာမည် ပေးလိုက်သည်။

"နာမည်ပေးခြင်း အောင်မြင်သွားပါပြီ။ မွန်းစတား အမျိုးအစားအသစ် တိမ်ခရမ်းကို မှတ်တမ်းတင်လိုက်ပါပြီ"

နာမည် ပေးပြီးသည်နှင့် တစ်ပြိုင်နက် ရှောင်ဖိန်ထံမှ အကြောင်း ကြားချက် ထွက်ပေါ်လာသည်။

"မင်းရဲ့ လုပ်ပိုင်ခွင့်အာဏာက ကန့်သတ်ထားလို့ ဂန္ဓဝင်အဆင့် မွန်းစတားကတ်ကို အသုံးပြုလို့

မရဘူး။ မင်းရဲ့ မွန်းစတားကဒ် တိမ်ခရမ်းကို ယာယီပိတ်လှောင် ထားပြီး မင်းက သန့်ရှင်းမီးလျှံအဆင့် ထိ မရောက်သေးတဲ့ အချိန်အထိ ကတ်ကို ပိတ်ထားပါ့မယ်"

လင်းဟွမ်သည် ထိုအဖြစ်အပျက်ကို မျှော်လင့်ထားသော်လည်း အကြောင်းကြားချက်ကို ကြားသောအခါ စိတ်တိုသွားသည်။

သွေးရဲရဲလေး၏ ခန္ဓာကိုယ်သည် ကြယ်အဖြစ်သို့ ပြောင်းလဲသွားပြီး ကတ်ပုံစံ ပြောင်းလဲသွားကာ လင်းဟွမ်၏ ခန္ဓာကိုယ်ထဲသို့ ဝင်သွားသည်။

ထိုအချိန်တွင် လင်းဟွမ်လည်း ပင်ပန်းနွမ်းနယ်ကာ ခြေကုန် လက်ပန်းကျသွားသည်။

လင်းဟွမ်သည် မျက်လုံးများ လေးလံပြီး ကောင်းကင်ကို တစ်ချက် မော့ကြည့်လိုက်သည်။ ခဏအကြာ လန်စန်လော့ကို ဆင့်ခေါ်လိုက်ပြီးနောက် ပက်လက်လန်၍ လက်နှစ်ဖက် ကားလိုက်ပြီး ခြေပစ်လက်ပစ် အိပ်မောကျသွားသည်။

## အခန်း(၄၄၇) - သိုင်းပညာ မုဆိုးကောလိပ် စာသင်နှစ် စတင်ခြင်း။

သီးခြား နယ်မြေထဲတွင်....

လင်းဟွမ်သည် အိပ်ပျော်နေရာမှ နိုးလာသောအခါ ကောင်းကင်ကြီးက မည်းမှောင်နေသည်။ မနက် လေးနာရီ၊ ငါးနာရီအတွင်းတွင် စတင် အိပ်ပျော်ခဲ့ပြီး ည (၇) နာရီကျော်မှ ပြန်နိုးလာခဲ့သည်။ (၁၄) နာရီ၊ (၁၅) နာရီလောက် တောက်လျှောက် အိပ်ပျော်ခဲ့ခြင်းပင်။

"တော်တော်လေး ကျေနပ် စရာကောင်းတဲ့ အိပ်စက်မှုပဲ"

လင်းဟွမ်သည် လတ်ဆတ်သော လေကို တစ်ချက်ရှူရှိုက်ပြီး အပျင်းကြော ဆန့်လိုက်သည်။ ထို့နောက် အင်ပါယာ နှလုံးသား လက်စွပ်ထဲမှ နာရီကိုကြည့်လိုက်ရာ ဩဂုဏ်လ (၂၀) ရက်နေ့၊ ည(၇) နာရီ (၂၁) မိနစ် ဖြစ်နေသည်။

"အခု ငါက မော်ကွန်းအဆင့် ကတ်တွေ အားလုံး ချိတ်ဖွင့်ပြီးပြီဆိုတော့ အဖြူရောင်မြို့တော်ကို ပြန်သင့်ပြီ"

ထို့နောက် လင်းဟွမ်သည် သူ့ဘေးတွင် စောင့်ကြပ်ပေးနေသော လန်စန်လော့ကို ပြန်သိမ်းပြီး မိုးကြိုးသိမ်း၌ကက်ကို ဆင့်ခေါ်ကာ သီးခြားနယ်မြေထဲမှ ထွက်လာသည်။

အချိန်က ည (၇) နာရီခွဲပင်။

လင်းဟွမ်သည် နေရာ ကူးပြောင်းခြင်း ဓါတ်ကွင်းကို အသုံးပြုပြီး သိုင်းပညာမုဆိုး ကောလိပ်သို့ ပြန်ရောက်လာခဲ့သည်။

အောက်ထပ်တွင် အသံကြားသည်နှင့် လင်းရှင်က ချက်ချင်း ပြေးဆင်းလာပြီး

"အစ်ကို ပြန်လာပြီလား"

"အင်း၊ ညစာ စားရအောင်"

လင်းဟွမ်က ပြုံးပြီး အကြံပြုလိုက်သည်။

"ကောင်းပြီ ခဏစောင့်"

လင်းရှင်သည် လွန်ခဲ့သော နှစ်နာရီကတည်းက ညစာ စားပြီးခဲ့သော်လည်း ညစာစားရန် သဘော တူလိုက်သည်။

ညစာ စားမည်ဟု ကြားသည့်အချိန်၌ စိတ်အလှုပ်ရှားဆုံးမှာ အာဏာရှင်ပင်။

“သေချာတာပေါ့ အတူတူ စားရအောင်”

လင်းဟွမ်သည် စိတ်လှုပ်ရှားနေသော အာဇာရှင်ကို ကြည့်ပြီး အတူတူ ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။ လင်းဟွမ်သည် ဒီနေ့ တစ်ရက်လုံး ဘာတစ်ခုမှ မစားရသေးသဖြင့် ဗိုက်ဆာနေခဲ့သည်။ သိုင်းပညာ မုဆိုးကောလိပ် အနီးတွင် ကြီးမားသော ညဈေးတန်းကြီး တစ်ခုရှိသည်။ ကျောင်းပိတ်ရက် ဖြစ်သဖြင့် ယခင်ကလောက် လူစည်ကားခြင်း မရှိပေ။ သို့သော်လည်း လူများစွာ ရှိနေသေးသည်။

အများစုမှာ ခရီးသွားများ ဖြစ်ကြပြီး ဒေသခံလူက နည်းပါး၏။

နေဝင်ချိန် ဖြစ်၍ ညဈေးတန်းတွင် မီးရောင်များနှင့် လင်းထိန်နေကာ နေ့ဘက်ကဲ့သို့ပင် ။ ညဈေးတန်းတွင် လူအုပ်ကြီးဖြင့် စည်ကားနေသည်။

လင်းရှင်သည် ညစာ စားပြီးသည်မှာ မကြာသေးသဖြင့် အစား စားချင်စိတ် မရှိဘဲ လင်းဟွမ်နှင့်အတူ ညဈေးတန်းထဲ လမ်းလျှောက်ရင်း ဖျော်ရည်များကိုသာ သောက်ခဲ့သည်။

ထိုအချိန်၌ လင်းဟွမ်နှင့် အာဏာရှင်တို့ကမူ လမ်းတစ်လျှောက် တွေ့သမျှ အစားအသောက်များကို ဝယ်ယူ၍ စားသောက်လာခဲ့ကြသည်။ အာဏာရှင်နှင့် အတူတူ ရှိနေသ၍ ဝယ်သမျှ အစားအသောက်များ မကုန်မည်ကို စိုးရိမ်စရာ မလိုပေ။

ည ကိုးနာရီအထိ လမ်းလျှောက်ပြီး အဆောင်သို့ ပြန်သောအခါ လင်းဟွမ် ဗိုက်ပြည့်နေခဲ့ပြီ။

"အစ်ကို ပြီးခဲ့တဲ့ ရက်ပိုင်းမှာ ဌာနမှူးက လာရှာသေးတယ်။ သူက ကောလိပ်ကနေ အချိန်တစ်ခုလောက် အဝေး သွားရမယ်လို့

ပြောတယ်။ တကယ်လို့ အစ်ကိုက အကူအညီလိုရင် သူ့ ရုံးခန်းဘေးမှာ ထိုင်တဲ့ ဒုဋ္ဌာနမှူးဆီမှာ အကူအညီတောင်းဖို့ ပြောခဲ့တယ်”

လင်းရှင်က ရုတ်တရက် သတိရပြီး ပြောလိုက်သဖြင့်

“အင်း။ ငါ့ဆီလည်း အကြောင်း ကြားထားတဲ့ မက်ဆေ့ချ် ရောက်တယ်”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်ကို လုမင်က သူ၏ ခါးနယ်ပယ် အဆင့်လှမ်းတက်ရန် နီးကပ်နေပြီဟု ခံစားရသဖြင့် ခါးအမျိုးအစား မွန်းစတားများနှင့် တိုက်ခိုက်ပြီး လေ့ကျင့်ရန် စီစဥ်ထားသည်ဟု ပြောခဲ့သည်။ အဆင့်တက်လှမ်း နိုင်ခဲ့ပါက အင်ပါယာအဆင့်နှင့် ပို၍ နီးကပ်လာလိမ့်မည်။ လင်းဟွမ်ကိုလည်း ကျေးဇူးတင်နေသည်။

အကယ်၍ လင်းဟွမ်နှင့်သာ မတွေ့ဆုံခဲ့ပါက ဤအဆင့်တွင် မည်မျှကြာအောင် ပိတ်မိနေမလဲ ဆိုသည်ကို မသိနိုင်ပေ။ လုမင်သည် ခါးနယ်ပယ်

အဆင့်လေးတွင် ရှိနေပြီး အဆင့်ငါးသို့ ရောက်သွားပါက အင်ပါယာအဆင့်ထဲတွင် သူ့ကို အနိုင်ယူနိုင်မည့်လူ တစ်ယောက်မျှ မရှိသလို အင်ပါယာအဆင့် တက်လှမ်းခြင်း ဆိုသည်မှာ သူ့အတွက် ကိတ်မုန့်တစ်ချပ် စားရသကဲ့သို့ လွယ်ကူပေလိမ့်မည်။

လင်းဟွမ်သည် သူ့အတွက် ပျော်ရွှင်မိသည်။

သို့သော်လည်း လင်းဟွမ်အတွက်မူ လုမင်က အဝေး ထွက်သွားသဖြင့် ကတိကထ များလာသည်။

စာသင်နှစ် စစချင်းမှာ ကောင်းကောင်း မလုပ်နိုင်ခဲ့လျှင် မည်ကဲ့သို့ လုပ်ရမည်နည်း။

လင်းဟွမ်သည် ယခင်ကတည်းက ဆရာတစ်ယောက် မဟုတ်ခဲ့ပေ။ ဝေဖန်မှုကို လက်ခံနိုင်သော်လည်း အမှားများ သင်ပေးမိမည်ကို ကြောက်နေခြင်းသာ။ ထိုကဲ့သို့ အတွေးများဖြင့် ထိတ်လန့်လာသည်။

“အစ်ကို၊ ငါကတော့ တန်းခွဲ (၁) ရတယ်။ အစ်ကိုကတော့ ဘယ်အတန်းမှာ သင်ရမလဲ မသိဘူး”

လင်းရှင်သည် လင်းဟွမ်က သူမဆရာဖြစ်လျှင် ဝမ်းသာမိလိမ့်မည်။ သူမအစ်ကို၏ သင်ကြားမှုပုံစံက မည်သို့ရှိလဲ ဆိုသည်ကို မသိသော်လည်း သူမအစ်ကို၏ အရည်အချင်းကို အကြွင်းမဲ့ ယုံကြည်သည်။ သိုင်းပညာ မုဆိုးကောလိပ်မှ ဆရာ တော်တော်များများကို သူမအစ်ကိုက အနိုင်ယူ နိုင်စွမ်းရှိသည်။

“ငါလဲ မသေချာသေးဘူး။ ဌာနမှူးကလည်း ငါ့ကို မပြောခဲ့ဘူး။ ဒါပေမယ့် အတန်းခွဲ (၁) ကို သင်ရမယ်လို့တော့ မထင်ဘူး။ တန်းခွဲ (၁) က

ကျောင်းသားအယောက် တစ်ရာရှိတဲ့ အတန်းကြီးပဲ။ နောက်ပြီးတော့ အဲ့ဒီကျောင်းသားတွေက အဖွဲ့ခွဲ (၇)ရဲ့ ထိပ်ဆုံး ကျောင်းသား တစ်ရာလည်း ဖြစ်နေသေးတယ်”

“”ငါက အခုမှ အလုပ် စဝင်တာဆိုတော့ တန်းခွဲ(၁) ပေးဖို့ မဖြစ်နိုင်ဘူး။ အစ်ကိုလုက ဒါကို သဘောတူရင်တောင် ကျန်တဲ့လူတွေက သဘောတူမှာ မဟုတ်ဘူး။ တန်းခွဲ (၂) မှာလည်း ထိပ်ဆုံး ကျောင်းသားတွေ အများကြီး ရှိတယ်။

ဒါကြောင့် ငါ့ကို တန်းခွဲ (၃) ဒါမှမဟုတ် အဲ့ဒီထက် နိမ့်တဲ့အတန်း ဖြစ်လိမ့်မယ်ထင်တယ်”

လင်းဟွမ်က သူ့အစွမ်းအစကို သူသိသည်။ အခြေခံအားဖြင့် တန်းခွဲ (၁) သည် ဌာနခွဲအားလုံးမှ ထိပ်ဆုံး ကျောင်းသားများဖြစ်ပြီး တန်းခွဲ (၂) တွင်လည်း ထိပ်ဆုံး ကျောင်းသား များစွာ ရှိနေနိုင်သည်။ ထို့ကြောင့် သူ့ကို တန်းခွဲ (၃) သို့မဟုတ် ထိုထက်နိမ့်သည့် အတန်းများကိုသာ ပို့လိမ့်မည်ဟု တွေးခဲ့သည်။

"အခုလက်ရှိ ပြင်ဆင်ထားတဲ့ အခြေအနေကရော ဘယ်လိုလဲ"

လင်းရှင်က မေးလိုက်သည်။

"ငါ ပြင်ဆင်ပြီးပြီ။ ဒါပေမယ့် အခြေခံ ဗဟုသုတပိုင်းကတော့ နည်းနည်းလောက် လိုအုံးမယ်"

လင်းဟွမ်သည် သူ၏ချို့တဲ့မှုကို သူသိသည်။

"တကယ်တော့ သိုင်းပညာမှုဆိုးကောလိပ်က ကျောင်းသားတွေရဲ့ တိုက်ပွဲစွမ်းရည်ကို လေ့ကျင့်

ပေးနေတဲ့အတွက် မင်းရဲ့အားနည်းချက်ကို ကုစားဖို့အတွက် အကောင်းဆုံး လုပ်နိုင်မယ်လို့ ထင်တယ်။"

" ဟုတ်ပြီ အစ်ကိုရဲ့ အခြေခံ အသိပညာတွေ လောက်နဲ့ပဲ အလုပ် လုပ်ဖို့လိုတယ်။ ဒါပေမယ့် ဒါကိုလည်း ဦးစားပေးသင့်တယ်လို့ ထင်တယ်။ အစ်ကိုက တိုက်ပွဲတွေမှာ တော်တယ်။ ငါ ထင်တာတော့ ကျောင်းသားတွေက မင်းဆီကနေ တိုက်ခိုက်ရေး နည်းစနစ်တစ်ချို့ သင်ချင်မယ်လို့ ထင်တာပဲ"

လင်းရှင်က သူမ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်သည်။

“အကြံကောင်းပဲ။ ရက်ပိုင်းလောက်တော့ စဉ်းစားပါရစေဦး”

လင်းဟွမ်သည် လင်းရှင်၏ အကြံပြုချက်က အံ့သြစရာ ကောင်းသည်ဟုတွေးမိသည်။ သူသည် စီနီယာများ၏ သင်ကြားပုံ အဆင့်ဆင့်နှင့် နည်းလမ်းများကို လိုက်နာရန် စဉ်းစားနေခဲ့သည်။ သို့သော်လည်း ထိုအရာက သူနှင့် သင့်တော်မည့်ပုံမရှိပေ။

လင်းဟွမ်သည် လင်းရှင်နှင့် ဆွေးနွေးပြီးနောက် အကယ်၍ သူသာ တပည့်တစ်ယောက် ဆိုပါက မည်သည့် အရာကို လေ့ကျင့်ချင်မလဲဟု တွေးတောနေခဲ့သည်။

နောက်တစ်နေ့ မနက်တွင် ထူးခြားသော သင်ကြားမှု နည်းလမ်းများကို ရှာဖွေရန်နှင့် အခြေခံဗဟုသုတ အချို့ကို လေ့လာရန် စာကြည့်တိုက်သို့ တန်းသွားလိုက်သည်။ ယခုအချိန်၌ သူ၏ ခါးနယ်ပယ်က တည်ငြိမ်နေပြီး အတူတူ လေ့ကျင့်မည့် လုမင်ကလည်း အနားမှာ

မရှိသောကြောင့် စာကြည့်တိုက်ထဲတွင်သာ ဆက်နေရန် ဆုံးဖြတ်လိုက်သည်။

စာကြည့်တိုက်ထဲတွင် မနက် (၇) နာရီမှ သန်းခေါင်ကျော်သည်အထိ နေခဲ့ပြီး နေ့လည်စာကို လောရီမြို့က ဝယ်ယူခဲ့သော အချိုပွဲများနှင့် ဖြေရှင်းခဲ့သည်။

လင်းဟွမ်သည် ဤကဲ့သို့ လုပ်ရိုးလုပ်စဉ်အတိုင်း ဆယ်ရက် ဆက်တိုက် ကုန်ဆုံးခဲ့သည်။

လင်းဟွမ်သည် အလုံးစုံ နိယာမ မှရရှိသော အဆင့်မြင့် ဉာဏ်ရည်နှင့် သက်ယူနိုင်စွမ်းတို့ကြောင့်

ဆယ်ရက်အတွင်းတွင် ပုံမှန်လူများ တစ်နှစ်မှ နှစ်နှစ်အတွင်း သင်ယူရမည့် အရာများထက် ပိုမိုများပြားသော အရာများကို လေ့လာနိုင်ခဲ့သည်။

စက်တင်ဘာလ တစ်ရက်နေ့မှ စတင်ပြီး ကျောင်းတွင် လူများ စည်ကားလာသည်။

လင်းဟွမ်သည် ကောလိပ်ရုံးမှ ပေးပို့သော မက်ဆေ့ချ်ကို လက်ခံ ရရှိလိုက်သည်။

"ဆရာလင်းဟွမ် ပထမနှစ် တန်းခွဲ (၂) အတွက် ဓါးပညာ သင်ကြားပေးရန် တာဝန်ခန့်အပ်ခြင်း ခံရပါတယ်။ သောကြာနေ့တိုင်း နေ့လည်နှစ်နာရီ

ကနေ ညနေ ငါးနာရီအထိ သင်ကြားပေးရပါမယ်။ အတန်းချိန် ဒါမှမဟုတ် အချိန်ပြောင်းချင်ပါက (၂၄) နာရီအတွင်း ကျောင်းသားရေးရာရုံးကို ကျေးဇူးပြုပြီး အကြောင်းကြားပေးပါ”

“ငါ့ကို တန်းခွဲ (၂) ပို့လိုက်တာလား”

တန်းခွဲ (၂) တွင် ရှိနေသော ကျောင်းသားများသည် တန်းခွဲ (၁) တွင် ရှိနေသော ကျောင်းသားများထက် အား မနည်းသောကြောင့် လင်းဟွမ် အံ့သြ သင့်သွားသည်။ ထိုအတန်းထဲတွင် အတန်းအားလုံးမှ ထိပ်ဆုံးကျောင်းသား များစွာရှိသည်။

လင်းဟွမ်သည် ဒါကို အလေးအနက် ထားရမည်။

"ဆရာလင်းဟွမ်၊ ဆရာသစ် တစ်ယောက်အနေနဲ့ ဒီနေ့ မနက်ရှစ်နာရီခွဲ မတိုင်ခင် သတင်းပို့ပါ။ မိတ်ဆက်တွေဆုံပွဲအတွက် ပထမနှစ် ဆရာတွေ အားလုံး စုဝေးတဲ့ရုံးခန်းကို ကြွလာပေးပါ"

လင်းဟွမ်က ပထမမက်ဆေ့ချ်ကို ဖတ်ပြီးသည့် အချိန်၌ ဒုတိယမက်ဆေ့ချ် ဝင်လာသည်။

"ကြည့်ရတာတော့ တွေ့ဆုံပွဲထဲ သွားရမယ့်ပုံပဲ"

လင်းဟွမ်သည် ခေါင်းကို တဖျင်းဖျင်း ကုတ်ပြီး ရေရွတ်လိုက်သည်။

"အစ်ကို တွေ့ဆုံပွဲဆိုတာက ဘာလဲ"

လင်းရှင်က မေးလိုက်သည်။

"တွေ့ဆုံပွဲမှာ ပါရမယ်လို့ အကြောင်းကြားစာ ပို့တာ"

လင်းဟွမ်က မရှုနိုင် မကယ်နိုင် ဖြစ်နေသော ပုံစံဖြင့် ပြောလိုက်သည်။ နာရီကို ကြည့်လိုက်ရာ မနက် ၇ နာရီခွဲ ရှိနေပြီ။

"ကဲ မနက်စာ စားရအောင်။ ရှစ်နာရီခွဲ မတိုင်ခင် ရုံးခန်းထဲမှာ တစ်ခြား ဆရာတွေနဲ့လည်း ဆုံရဦးမယ်"

## အခန်း(၄၄၈) - သူက ဌာနမှူးရဲ့လူလား။

ကျောင်းသားရေးရာ ရုံးခန်းထဲတွင်....

လူလတ်ပိုင်း အမျိုးသား တစ်ယောက်က ညွှန်ကြားရေးမှူးကို စောဒက တက်နေသည်။

“ကျွန်တော်က ပထမနှစ် တန်းခွဲ (၂) ကို ဓါးပညာသင်လာတာ (၇) နှစ် ရှိနေပြီ။ ဒီအတန်းကို အခုမှ အလုပ်ဝင်တဲ့ လူသစ်လေးက ဘယ်လိုလုပ်ပြီး သင်ပေးနိုင်မှာလဲ။ နောက်ပြီးတော့ ငါ့ကိုလည်း

ကြိုတင် အကြောင်းမကြားဘဲ တန်းခွဲ (၃) ကို ပြောင်းလိုက်တယ်။ စာ စသင်ရမယ့် အချိန်ရောက်မှ အသိပေးတာ ဒါ ဘာသဘောလဲ။ ဖြေရှင်းချက် ကောင်းကောင်း ပေးရင်ပေး မပေးလို့ကတော့ ငါ ဌာနမှူးနဲ့ စကားပြောရလိမ့်မယ်”

အခန်းထဲတွင် ဒေါ်နှင့်မောနှင့် ပြောနေသောလူမှာ သိုင်းပညာဌာနတွင် နှစ်ပေါင်းများစွာ သင်တန်းပို့ချခဲ့သော ဓါးသိုင်းဆရာ ကျန်းရှီ ပင် ။

သူပြောနေသည့် ဌာနမှူးမှာ သိုင်းပညာမှဆိုးကောလိပ်၏ ဌာနမှူး သုံးယောက်ထဲမှ

တစ်ယောက် ဖြစ်သည့် ကျန်းရှယ်ဖန်း ဖြစ်ပြီး သူ့အဖိုးလည်း ဖြစ်သည်။

ညွှန်ကြားရေးမှူး လီဖန်း စိတ်တိုသွားသည်။ ယနေ့မနက်က ကောလိပ်တွင် ဆရာ အသစ်တစ်ယောက် ရောက်နေကြောင်း အကြောင်းကြားခဲ့သည်။ လီဖန်းက မက်ဆေ့ချ် ပို့ပေးသူသာ ဖြစ်ပြီး စီစဉ်သူမှာ ဌာနမှူးဝမ် ပင် ။

ဒီနေ့ မနက်၌ ထိုအကြောင်းအရာကို ကြားသည်နှင့် ဤကိစ္စ ဖြစ်ပျက်လာမည်ကို သူ သိနေသည်။ မျှော်လင့်ထားသည့် အတိုင်းပင်

ကျန်းရှိထံ အကြောင်းကြားချက် ပို့ပေး၍ နာရီဝက် မပြည့်ခင် ရောက်ချလာသည်။

ဒုတိယ ဌာနမှူး၏ မြေး ဖြစ်နေသဖြင့် မစော်ကားချင်ပေ။

"ဆရာကျန်း ငါလည်း ဒီသတင်းကို ဒီမနက်ရောက်မှ သိတာ။ ငါ့အလုပ်က မင်းတို့ဆီကို အကြောင်း ကြားပေးဖို့ပဲ။ ဆရာအသစ်ကိုလည်း ဌာနမှူးဝမ်ကပဲ စီစဉ်ခဲ့တယ်။ အဲ့ဒီလူက ဘယ်လိုပုံစံလဲဆိုတာ သိတောင် မသိသေးဘူး"

လီဖန်းက ဌာနမှူးဝမ်ပေါ် ခေါင်းပုံချလိုက်သည်။

"ညွှန်ကြားရေးမှူး၊ ဆရာအသစ်ရဲ့ ကိုယ်ရေးရာဇဝင် ပို့လိုက်ပြီ"

ရုံးခန်းထဲမှ အက်ဒမင်က လီဖန်းကို လှမ်းပြောလိုက်သည်။

ရုံးခန်းထဲ၌ လူစည်ကားနေသည်။

"သူက အရမ်း ချောတာပဲ"

"ငယ်လိုက်တာ"

"အသက် နှစ်ဆယ်တောင် မပြည့်သေးဘူး ထင်တယ်။

ရုံးခန်းထဲမှ လူများသည် လင်းဟွမ်၏ခေတ်ပုံကို မြင်လိုက်လျှင် အံ့အောသင့်စွာ ရေရွတ်လိုက်ကြသည်။

"ငါ့ကို အသေးစိတ် ပြပါအုံး"

ကျန်းရှီသည် လီဖန်းကို လာခေါ်သော အက်ဒမင်အမျိုးသမီး နောက်သို့ လိုက်သွားသည်။ ထို့နောက် အက်ဒမင် အမျိုးသမီးသည် လင်းဟွမ်၏ အသေးစိတ် အချက်အလက်များကို ထုတ်ယူလိုက်သည်။

"နာမည်က လင်းဟွမ်၊ အသက်က (၁၆)နှစ်"

အက်ဒမင် အမျိုးသမီးသည် အံ့အောသင့်စွာ ရေရွတ်လိုက်သည်။

"အောက်ကို ကြည့်ပါအုန်း"

ဒေါသထွက်နေသော ကျန်းရှိသည် လင်းဟွမ် အသေးစိတ် အချက်အလက်များကို ဖတ်လာသည်နှင့်အမျှ မှုန်ကုတ်ကုတ် ဖြစ်လာသည်။

အက်ဒမင် အမျိုးသမီးသည် အောက်သို့ ဆက်ကြည်လိုက်ရာ အခြား ထူးခြားချက်များ မရှိကြောင်း သိလိုက်ရသည်။ လင်းဟွမ်တွင်

ပညာရေး အတွေ့အကြုံ မရှိ။ ကျောင်းပြီးဆုံးခြင်း မရှိ။ ပညာရပ်ဆိုင်ရာ မှတ်တမ်း မရှိပေ။

"ဌာနမှူးက လွန်သွားပြီ။ ဖြတ်လမ်းသုံးတဲ့ ကောင်ကို ဘယ်လိုတောင် အလုပ်ခန့်ရဲတာလဲ။ ငါ့ထက်ပိုပြီး အစွမ်းထက်တဲ့လူ ဆိုရင် မပြောပါဘူးကွာ။ ကောလိပ်ကတောင် ဘွဲ့မရခဲ့တဲ့ ကောင်က ကျောင်းသားတွေကို စာသင်ပေးမယ် ဟုတ်လား။ ကျောင်းသားတွေကို ဟာသ ပြောဖို့လား။ ဟဟ ပဲရမယ်"

ကျန်းရှီက ညွှန်ကြားရေးမှူးကို ကြည့်ပြီး အော်ဟစ်လိုက်သည်။

"နောက်ပြီးတော့ သူက ဒုတိယ ဥက္ကဋ္ဌ ဖြစ်နေရင်တောင် စီမံခန့်ခွဲရေးထဲ ဝင်စွက်ဖက်နေတာ မဟုတ်လား။ ဒီမှာ အလုပ်လုပ်နေတဲ့ ငါတို့ကို ဂရုမစိုက်တာလား"

"သူ့ရဲ့ အသေးစိတ် အချက်အလက်တွေကို ငါ့ရဲ့ အင်ပါယာ နှလုံးသားလက်စွပ်ဆီ ပို့လိုက်။ ငါ ဌာနမှူးဝမ်နဲ့ စကားပြောမယ်"

လီဖန်းက အက်ဒမင် အမျိုးသမီးကို ညွှန်ကြား လိုက်သည်။ အက်ဒမင် အမျိုးသမီးသည် ညွှန်ကြားရေးမှူး၏ လေသံထဲတွင် ဒေါသများ ပါနေကြောင်း သိနေသဖြင့် လင်းဟွမ်၏ အသေးစိတ် အချက်အလက်များကို ချက်ချင်း ပို့ပေးလိုက်သည်။

လီဖန်းသည် လင်းဟွမ်၏ အသေးစိတ် အချက်အလက်များကို ရသည်နှင့် ရုံးခန်းထဲမှ ချက်ချင်း ထွက်သွားသည်။ ကျန်းရှီက နောက်မှ လိုက်သွားသည်။

"ဆရာလီ ငါ မင်းနောက်က လိုက်ခဲ့မယ်"

ဌာနမှူး ရုံးခန်းသည် ကျောင်းသားရေးရာရုံး၏ အပေါ်ထပ်တွင် ရှိသည်။

သုံးမိနစ်ခန့် ကြာသောအခါ သူတို့နှစ်ယောက်သည် ဌာနမှူးဝမ်၏ ရုံးခန်း အပေါက်ဝတွင် ပေါ်လာသည်။

လီဖန်းက တံခါးခေါက်လိုက်သဖြင့် ဌာနမှူးဝမ်က သူတို့နှစ်ယောက်ကို မော့ကြည့်ကာ ဘာကြောင့် ရောက်လာကြောင်း သူသိနေသည်။

"အထဲဝင်ခဲ့"

နှစ်ယောက်လုံးသည် ရုံးခန်းထဲ ရောက်သွားသောအခါ လီဖန်းသည် မည်ကဲ့သို့ စကားစပြောရမှန်း မသိ ဖြစ်နေသည်။

"မင်းတို့ နှစ်ယောက်က ဆရာအသစ် အကြောင်းနဲ့ ပက်သက်ပြီး ပြောစရာ ရှိလို့လား"

ဒုတိယ ဌာနမှူး ဝမ်ကျီကျွင်းက သူတို့ နှစ်ယောက်ကို ပြုံးပြီး မေးလိုက်သဖြင့်

"ဌာနမှူး ဝမ်၊ ငါတို့တွေက အခုပဲ ဆရာလင်းရဲ့ စာရွက်စာတမ်းတွေကို ကြည့်ပြီးပါပြီ။ သူဆီမှာ

ငါတို့ကောလိပ်အတွက် သင်ပေးစရာ ရှိမယ် မထင်ဘူး။”

ဝမ်ကျီကျွင်းက စကား လမ်းစ ဖွင့်ပေးလိုက်သည်ကို မြင်လျှင် လီဖန်းက သူ့အမြင်ကို မထိန်းထား နိုင်တော့ချေ။

“မင်းလည်း အဲ့ဒီလို ထင်တာလား”

ဝမ်ကျီကျွင်းက ကျန်းရှီကို ပြုံးပြီးမေးလိုက်လျှင် ကျန်းရှီက ခေါင်းငြိမ့်ပြီး ထောက်ခံလိုက်သည်။

"ကောင်းပြီလေ။ မင်းတို့နှစ်ယောက်လည်း ဒီမှာ ရှိနေပြီဆိုတော့ လိုရင်းပဲ ပြောတော့မယ်"

ဝမ်ကျီကျွင်းက မတ်တပ်ထရပ်ပြီး သူတို့ထံ လျှောက်သွားကာ

"ဒါက ဌာနမှူးလုရဲ့ အကြံနဲ့စိတ်ကူးပဲ။ သူက ဆရာလင်းကို တန်းခွဲ (၁) မှာတောင် ဓါးပညာ သင်ကြားခိုင်းချင်တတာ။ သူ ဘယ်သူလဲဆိုတာ ငါလည်း မသိဘူး။ ဌာနမှူးလုကလည်း သူ့အကြောင်း မပြောဘူး"

"ငါတို့တွေ ဆွေးနွေးပြီးတဲ့နောက်မှာ သူ့ကို တန်းခွဲ(၁) အစား တန်းခွဲ (၂) ပို့လိုက်တာပဲ။ ဌာနမှူးလုက ဆရာလင်းနဲ့ ပတ်သက်ပြီး မှတ်ချက် ပေးချင်တဲ့လူရှိရင် သူနဲ့ တိုက်ရိုက် တွေ့နိုင်တယ်လို့ ပြောတယ်"

"ဒါက ဌာနမှူးလုရဲ့ စိတ်ကူးလား။ နောက်ပြီးတော့ သူက ဆရာလင်းကို တန်းခွဲ (၁) ကို သင်ခိုင်းချင်တာလား"

ဥာနမှူးလုနှင့် အမြဲတမ်း အတည်ပြုနိုင်သောကြောင့် ဝမ်ကျီကျွင်းက လိမ်မည် မဟုတ်ကြောင်း သူတို့နှစ်ယောက်လုံး သိကြသည်။

"ဒီနေ့တော့ ဥာနမှူးက ဒီမှာမရှိဘူး ထင်တယ်"

ကျန်းရှီနှင့် လီဖန်းတို့သည် ဥာနမှူးလု၏ ရုံးခန်းကို ဖြတ်ကျော်လာရင်း ဥာနမှူးလု၏ ရုံးခန်းတံခါး ပိတ်ထားသည်ကို တွေ့ခဲ့သည်။

"ဥာနမှူးလုက ဒီမှာ လပိုင်းလောက် ရှိမှာ မဟုတ်ဘူး။ သူက တိုက်ခိုက်ရေး အဆင့်တက်ဖို့ လုပ်နေတယ်"

ဝမ်ကျီကျွင်းက ရှင်းပြလိုက်သည်။

"အဆင့် တက်လှမ်းဖို့လား..."

လီဖန်းနှင့် ကျန်းရှီတို့သည် ထိုအကြောင်းကို ကြားလိုက်လျှင် တုန်လှုပ်သွားသည်။ သိုင်းပညာမှုဆိုးကောလိပ်မှ ဆရာများအနေဖြင့် လုမင် တိုက်ခိုက်ရေး အဆင့်၏ နောက်တစ်ဆင့်သည် အင်ပါယာ အဆင့်ဖြစ်ပြီး အဖွဲ့ခွဲ(၇) တွင် အမြင့်ဆုံး ဖြစ်ကြောင်း သိနေကြသည်။

“သူ မသွားခင်က သူနဲ့ စကားပြောချင်တဲ့ လူတွေရှိရင် မက်ဆေ့ချ် ပို့နိုင်တယ်လို့ ပြောခဲ့တယ်။ သူအားတဲ့အချိန် ပြန်ဖြေမယ်တဲ့”

ဝမ်ကျီကျွင်းက ဆက်ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် ဝမ်ကျီကျွင်းက ဤကဲ့သို့ ပြောနေသဖြင့် ဆက်ပြောလည်း အသုံးမဝင်ကြောင်း သိလိုက်ပြီး ဤကဲ့သို့ဖြင့် ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။

ကျန်းရှီက ဌာနမှူးကျန်း၏ရုံးခန်းသို့ သွားနေစဉ် လီဖန်းက သူ့ရုံးခန်းသို့ ပြန်သွားလိုက်သည်။

ကျန်းရှယ်ဖန်းသည် အင်မော်တယ်အဆင့်ဖြစ်သဖြင့် ဝမ်ကျီကျန်း ရုံခန်းထဲမှ ပြောနေသည့်စကားများကို အတိုင်းသား ကြားနေရသည်။ ထို့ကြောင့် သူ့မြေး ဘာကြောင့် ဒီနေရာကို ရောက်လာရသလဲ ဆိုသည်ကို သိနေပြီး

"မင်း ဘာပြောချင်လဲ ဆိုတာ ငါသိတယ်။ ဌာနမှူးလုက ဆရာလင်းကို ဒီမှာ သင်ပေးစေချင်မှာတော့ ငါလည်း ဘာမှ မတတ်နိုင်ဘူး"

"ဒါပေမယ့် စာသင်နှစ်တိုင်းမှာ နောက်ဆုံး အကဲဖြတ်မှု ရှိတယ်။ ဆရာလင်းရဲ့ ကျောင်းသားတွေ ကောင်းကောင်း မလုပ်နိုင်ရင် သူ့ရဲ့သင်ကြားခွင့်ကို ရုတ်သိမ်းဖို့ ငါ လျှောက်ထားပေးမယ်"

ကျန်းရှွယ်ဖန်းက ဆက်ပြောလိုက်သည်။

ကျန်းရှီသည် ကျန်းရှွယ်ဖန်း၏ စကားကို ကြားသော်လည်း မကျေမနပ် ဖြစ်နေသေးသည်။ သူ၏နောက်ခံသည် အင်အား ကြီးမားသောကြောင့် ဒီကောလိပ်တွင် ဖြတ်သန်းခဲ့သော (၇) နှစ်တာ ကာလသည် အင်မတန် အဆင်ပြေ ချောမွေ့ခဲ့သည်။

လူသစ်နှင့် အစားထိုးခံရသည်မှာ ဒါ ပထမဦးဆုံး အကြိမ်ပင်။ ထိုအချက်ကို မည်သို့မျှ လက်မခံနိုင်သလို ဒီအတိုင်း ကျော်မသွားနိုင်ချေ။

ကျန်းရှီသည် ကျန်းရွှယ်ဖန်း၏ ရုံးခန်းထဲမှ ထွက်လာသောအခါ မနက် ရှစ်နာရီခွဲ ရှိနေပြီ။

"အသက် (၁၆) နှစ်ပဲရှိသေးတဲ့ ကလေးလေးက ငါ့နေရာအစားထိုးဖို့ သတ္တိရှိတယ် ဟုတ်လား။ ဒီနေ့မှဒီကောင့်ကို သင်ခန်းစာ မပေးနိုင်ရင် ငါ့နာမည် ကျန်းရှီ မဟုတ်တော့ဘူး"

ကျန်းရှိက လူသတ်ချင်သော မျက်လုံးများနှင့် ရေရွတ်လိုက်သည်။

## အခန်း(၄၄၉) - ပဋိပက္ခ။

မနက် (၈) နာရီ (၁၀) မိနစ်....

လင်းဟွမ်သည် မနက်စာ စားပြီးနောက် ကျောင်းသားရေးရာ ရုံးခန်းသို့ ထွက်လာခဲ့သည်။ ကျောင်းသားရေးရာ ရုံးခန်းနှင့် ဌာနမှူးရုံးခန်းထဲတွင် ဖြစ်ပျက်ခဲ့သော အစောပိုင်းက အဖြစ်အပျက်များကို သူ မသိပေ။

ပထမအထပ်တွင် ဆရာများရုံးခန်း ရှိပြီး ငါးထပ်မြောက်တွင် ဌာနမှူး ရုံးခန်းများရှိကာ လေးထပ်မြောက်တွင် ကျောင်းသားရေးရာ ရုံးခန်း ရှိသည်။ ထိုဌာန အားလုံးသည် မတူညီသော အထပ်များတွင် ရှိနေသည်။

ဆရာများကို အဆင့်အတန်းအလိုက် ခွဲခြားထားခြင်း မရှိသော်လည်း အတန်းအမျိုးအစားကို လိုက်၍ ဓါးပညာ သင်ကြားသည့် ဆရာများက ရုံးခန်းတစ်ခု။ အခြား သိုင်းစွမ်းရည် သင်ကြားသော

ဆရာများကို သူတို့၏သင်ကြားမှု အမျိုးအစားကို လိုက်၍ ရုံးခန်း တစ်ခုစီ စီစဉ်ပေးထားသည်။

ယခင်က လက်နက်မျိုးစုံ၊ စွမ်းရည်မျိုးစုံ ရှိသော ဆရာများကြားတွင် ပဋိပက္ခများ ရှိခဲ့သောကြောင့် ဤကဲ့သို့ စီစဥ်ခဲ့ခြင်းပင် ။ ယဥ်ကျေးမှု ဘာသာရပ် ဆရာများကိုမူ ရုံးခန်းအနည်းငယ် စီစဥ်ပေးခဲ့သည်။ ယဥ်ကျေးမှု ဘာသာရပ်အတန်းတွင် ကျောင်းသား (၂၀၀) ရှိပြီး ထိုအတန်းမှာ တိုက်ခိုက်ရေး အတန်းများနှင့် ကွဲပြားသည်။

တိုက်ခိုက်ရေး အတန်းများတွင်မူ အတန်းတစ်ချိန်ပြီးတိုင်း ကျောင်းသားများ၏ အားသားချက်နှင့် အားနည်းချက်ကို ပြုပြင်ပေးရသဖြင့် အချိန်အများကြီး ယူရသည်။ အကယ်၍ လူဦးရေများလွန်းပါက ဝရုန်းသုန်းကား ဖြစ်သွားပေလိမ့်မည်။

လင်းဟွမ် အပါအဝင် ပထမနေ့စ်၌ ဓါးပညာသင်ကြားပေးသည့် ဆရာ အရေအတွက်မှာ စုစုပေါင်း(၁၇) ယောက်ရှိသည်။ ဒါသည် ဆေဘာစွမ်းရည် ဌာနပြီးနောက် ဒုတိယအကြီးဆုံးဌာန ဖြစ်သည်။

ကျောင်းသားသစ် (၃,၀၀၀) အနက် သုံးပုံတစ်ပုံ ခန့်သည် ဓါးတာအိုအတန်းတွင် သင်ကြားရန် စာရင်းသွင်းထား ကြသည်။

လူတော်တော်များများသည် ငယ်ရွယ်လွန်းသော လင်းဟွမ်က ရုံးခန်းထဲသို ဝင်လာသဖြင့် အူကြောင်ကြောင် ဖြစ်သွားသည်။ လင်းဟွမ်က အသက် (၂၀) ပင် မရှိသေးသည်မှာ သိသာ ထင်ရှားလွန်းသည်။ အသက် (၁၈) နှစ် မပြည့်သေးတာလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

"မင်းက ဘယ် အတန်းကလဲ။ ဘာကူညီ ပေးရမလဲ"

ခေတ်စားသည့် ဆံပင်အတိုပုံစံ ညှပ်ထားသော အမျိုးသမီး ဆရာမက လင်းဟွမ်ကို မေးလိုက်သဖြင့်

"ကျွန်တော်က ဆရာအသစ်ပါ"

လင်းဟွမ်၏စကားကြောင့် လူတိုင်း အံ့အော သွားကြသည်။ သို့သော်လည်း အချို့ကမူ ရွှေအဆင့်(၃) အော်ရာကို ခံစား မိလိုက်ကြသည်။

လင်းဟွမ်းက သူ၏အော်ရာကို မဖုံးကွယ်ထားခဲ့ပေ။ ထိုအစား အနည်းငယ်ပင် ဖြန့်ကျက်ထားခဲ့သည်။ ထို့ကြောင့် သူ၏ တိုက်ခိုက်ရေးအဆင့်ကို သိရန် မခက်လှချေ။

သို့သော်လည်း လူတိုင်းက သူ မည်မျှငယ်ရွယ်လဲဆိုသည်ကိုသာ အာရုံစိုက်နေကြသည်။

“မင်းက ကျန်းရှီနေရာမှာ အစားထိုးလိုက်တဲ့ဆရာအသစ်လား”

လူလတ်ပိုင်း အရွယ် ပိန်ပိန်ပါးပါး အမျိုးသားတစ်ယောက်က လင်းဟွမ်ကို ကြည့်ပြီး မေးလိုက်သည်။

"ကျန်းရှီနဲ့ အစားထိုးတယ် ဟုတ်လား"

လင်းဟွမ်သည် ထိုလူ ဘာတွေပြောလဲ ဆိုသည်ကို မသိပေ။

"တန်းခွဲ (၂) ကို ဓါးပညာ သင်ပေးရမှာ မဟုတ်ဘူးလား"

ဆရာမက လင်းဟွမ်ကို မေးလိုက်သည်။

“ဟုတ်တယ်”

လင်းဟွမ်က ခေါင်းညိတ် လိုက်သည်။

“ဒါဆို မင်းပဲလေ။ ကျန်းရှီက ပြီးခဲ့တဲ့ (၂) နှစ်ကတည်းက တန်းခွဲ (၂) ကို သင်နေခဲ့တာ။ အခု မင်းနဲ့ အစားထိုးလိုက်တော့ မင်းဆီ လာပြီး ပြဿနာရှာနိုင်တယ်။ သတိထားပါ”

ဆံပင်တိုတိုနှင့် ဆရာမက လင်းဟွမ်ကို ကိုယ်ချင်းစာစိတ်ဖြင့် ပြောလိုက်သည်။

အချို့က သူ့ကိုသနားသလို ကြည့်နေကြပြီး အချို့ကမူ စိတ်မထိန်းနိုင်ဘဲ မုန်းတီးသော မျက်လုံးများဖြင့် ကြည့်နေကြသည်။

လင်းဟွမ်က ရွှေအဆင့် (၃) ရောက်နေပြီ ဖြစ်ကြောင်း သိသော်လည်း ရွှေအဆင့် (၃) နှင့် ရွှေအဆင့်ပြည့်ဝ အဆင့်ကြားတွင် ခြားနားမှု ရှိသေးသည်။ ထို့အပြင် ကျန်းရှီက ရွှေအဆင့် ပြည့်ဝအဆင့်ကို ရောက်နေခဲ့သည်မှာ ယခုဆိုလျှင် (၃)နှစ် ရှိနေပြီ။ ထို့ကြောင့် သူ့ထံတွင် သန်မာသော တိုက်ခိုက်ရေးအစွမ်း ရှိသည်။

လင်းဟွမ်ကမူ အသက် (၂၀) ပင် မပြည့်သေးဘဲ ရွှေအဆင့် (၃) သို့ တက်လှမ်း နိုင်ခဲ့သောကြောင့် ပါရမီရှင်တစ်ဦးဟု သတ်မှတ်နိုင်သော်လည်း ဆရာများ၏ မျက်လုံးထဲတွင် ကျန်းရှိထက် အားနည်း၍ ပျော့ညံ့သည်ဟု ထင်မြင်နေကြခြင်းပင်။

လင်းဟွမ်က အသက် (၁၆) နှစ်သာ ရှိသေးကြောင်း မည်သူမျှ မသိကြပေ။ သူတို့က သူ့ကို အသက် (၁၇) နှစ်၊ (၁၈) နှစ်ဟု ထင်နေကြသော်လည်း ထိုထက်ပင် ငယ်ရွယ်နေသေးသည်။ တိုက်ခိုက်ရေး အတွေ့အကြုံ

မရှိသည့် ကျောင်းပြီးခါစ လူသစ်လေးဟု ထင်နေကြသည်။

"သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

လင်းဟွမ်သည် ဆံပင်တိုသော ဆရာမ ပြောပြီးနောက် လူတစ်ယောက်နှင့် အစားထိုးခဲ့ခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။ အခြားသူများ၏ တုံ့ပြန်ပုံကို ကြည့်လိုက်ပြီးနောက် သူမ ပြောသလိုပင် ကျန်းရှီက ကိုင်တွယ်ရ ခက်ခဲနိုင်ကြောင်း သိလိုက်သည်။

"တွေ့ဆုံပွဲက ဘာလဲ"

လင်းဟွမ်က ထိုကဲ့သို့ပြောလိုက်စဥ် တံခါးဝမှ အသံတစ်ခု ထွက်ပေါ်လာပြီး ရုံးခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ အရပ် (၁.၉) မီတာ ခန့်ရှည်သော အမျိုးသား တစ်ယောက်ပင်။

ကြည့်ရသည်မှာ အသက် (၄၀) ခန့်ရှိပြီး မုတ်ဆိတ်အတို ညှပ်ထားသည်။ လည်ပင်းတွင် သတ္တုကြိုးများကို ဝတ်ဆင်ထားပြီး ရန်လိုနေသည့်ပုံ ဖြစ်နေသည်။

လင်းဟွမ်သည် ထိုလူကို အကဲခတ်ပြီးနောက် ကျန်းရှီပဲ ဖြစ်ရလိမ့်မည်ဟု ကောက်ချက် ချလိုက်သည်။

"မင်းက ဓါးပညာ သင်ပေးမယ့် ဆရာအသစ်ပဲ ဖြစ်ရမယ်"

ကျန်းရှီသည် စာရွက်စာတမ်းထဲ၌ လင်းဟွမ်၏ ဓါတ်ပုံကို မြင်ခဲ့ဖူးသောကြောင့် လင်းဟွမ်ကို မြင်မြင်ခြင်း မှတ်မိလိုက်ပြီး လင်းဟွမ်ထံ တန်းပြီး လျှောက်သွားသည်။

လင်းဟွမ်သည် ကျန်းရှီက သူ့ကို ဘာလုပ်မလဲ ဆိုသည်ကို သိချင်နေသည်။

ကျန်းရှီက လင်းဟွမ်ထံ လျှောက်လာပြီး ပခုံးကို ပုတ်လိုက်လျှင် ရုံးခန်းထဲရှိ ကျန်သည့်လူများက ပြုံးနေကြသည်။

"ကဲ မင်းကို မိတ်ဆက်ပေးမယ်။ ဒါက ငါတို့ရဲ့ဆရာအသစ်။ သူ့ရဲ့မျိုးရိုးနာမည်က လင်း။ ဒီနှစ်မှာ အသက် (၁၆) နှစ်ပဲ ရှိသေးတယ်။ သိုင်းပညာမုဆိုးကောလိပ်မှာ (၁၆) နှစ်သား

ကလေးလေးက စာသင်ပေးမယ်တဲ့ အရမ်းကောင်းတယ် မဟုတ်လား”

လူအများသည် လင်းဟွမ်ကို တအံ့တအော လှမ်းကြည့်ကြသည်။ ထိုမျှ ငယ်ရွယ်နေလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ကြပေ။ သို့သော်လည်း အချို့ကမူ စဉ်းစားမရ ဖြစ်နေသည်။

လင်းဟွမ်သည် အသက် (၁၆) နှစ် အရွယ်နှင့် ရွှေအဆင့် (၃) ရောက်နေသောကြောင့် ပါရမီရှင် ဖြစ်ရင်ဖြစ် သို့မဟုတ် နောက်ခံ အသိုင်းအဝိုင်း

တောင့်တင်းသော မိသားစုမှ ဆင်းသက်လာသူသာ ဖြစ်ရမည်ဟု ထင်နေကြသည်။

အသက် (၁၆) နှစ်နှင့် သိုင်းပညာ မုဆိုးကောလိပ်တွင် သင်ကြားရန် စေလွှတ်ခံရပြီး ဥာနမှူးနှင့် ဒုတိယ ဥာနမှူးများကို ဖြတ်ကျော် နိုင်သောကြောင့် နောက်ခံ တောင့်တင်း နေလိမ့်မည်ဟု ကျိမ်းသေပေါက် တွေးနေကြသည်။

ကျန်းရှယ်ဖန်သည် လင်းဟွမ်ကို ဤနေရာသို့ ပို့ခဲ့သူမှာ လုမင် ဖြစ်နေသဖြင့် လင်းဟွမ်အား မေးခွန်းထုတ်ရဲခြင်း မရှိပေ။ လင်းဟွမ်က

မည်သူမည်ဝါ ဖြစ်ကြောင်း မသိသော်လည်း စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်။

ထို့ကြောင့် ကျန်းရှီကို ချွေးသိမ့်သည့်စကားသာ ပြောခဲ့ခြင်း ဖြစ်သည်။ အကယ်၍ လင်းဟွမ်၏ သင်ကြားရေး စွမ်းရည်က မည်သို့ပင် ဖြစ်နေစေကာမူ အမှန်တကယ် ကြောက်စရာကောင်းသော နောက်ခံ အသိုင်းအဝိုင်းရှိနေပါက ထုတ်ပယ် ခံရမည် မဟုတ်ချေ။

အကယ်၍ လင်းပွမ်က အမှန်တကယ် ကြောက်စရာ ကောင်းပါက သူ့မြေးအတွက် တစ်ခုခု လုပ်ရမည်။

သို့သော်လည်း ကျန်းရှီက ထိုမျှ အများကြီး မစဉ်းစားခဲ့ပေ။ ငယ်စဉ်ကတည်းက ပညာရေးတွင် အားနည်းခဲ့ပြီး ကောလိပ်တက်ရောက်ရန် ကျန်းရွှယ်ဖန်းကို အားကိုးခဲ့ရသည်။ ထို့အတူ ဤကဲ့သို့ နည်းလမ်းဖြင့် ကောလိပ်တွင် သင်ကြားခွင့် ရခဲ့ခြင်းပင်။

ကျန်းရှိသည် ကောလိပ်မှ ဘွဲ့ရပြီးနောက် စွန့်စားသူ တစ်ယောက်အဖြစ် နှစ်ပေါင်းများစွာ အသက်လု တိုက်ပွဲများကို တိုက်ခိုက်ခဲ့သောကြောင့် တိုက်ပွဲစွမ်းရည် ကောင်းမွန်လာခဲ့သည်။ သူ စုဆောင်းထားသော အတွေ့အကြုံမှတဆင့် အရည်အချင်းရှိသော ဆရာတစ်ယောက်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။

သို့သော်လည်း သင်ကြားရေး အရည်အချင်းကမူ သာမန်မျှသာ။ ထို့ကြောင့် ရှေ့အဆင့်

ပြည့်ဝအဆင့်တွင် နှစ် အနည်းငယ်ကြာအောင် ပိတ်မိနေခဲ့ခြင်းပင်။

ဤကောလိပ်တွင် သင်ကြားပေးနေစဉ် နှစ်များ တစ်လျှောက် ကျန်းရှယ်ဖန်းက သူ့ကို ကာကွယ်ပေးခဲ့သဖြင့် ကောလိပ်ထဲတွင် မည်မျှ အနိုင်ကျင့်ပါစေ မည်သူမျှ သူ့ကို မစော်ကားရဲကြချေ။

ယခုမူ (၇) နှစ်တာ စာသင်ပြီးနောက် ကလေးတစ်ယောက်နှင့် အစားထိုးခြင်း ခံလိုက်ရသည်။ ဤကိစ္စကို လျှော်လိုက်ပါက

ရှေ့ဆက်ရပ်တည်နိုင်မည် မဟုတ်ပေ။ သူသည် ဤကိစ္စကို လေးလေးနက်နက် မစဥ်းစားခဲ့ပေ။ သူ၏ဆွေမျိုး ဖြစ်နေလျှင်ပင် ရိုက်နှက်ပစ်မည်ဟုသာ တွေးထားသည်။

ယခု လက်ရှိတွင် လုမင်က ကောလိပ်တွင် မရှိသောကြောင့် လင်းဟွမ်ဘက်တွင် မည်သူမျှ မရှိသော်လည်း သူ့ဘက်တွင် သူ့အဖိုး၏ အကာအကွယ် ရှိသည်။

“အင်း မင်းက ဆရာကျန်းရှီ ဖြစ်ရမယ်”

လင်းဟွမ်သည် ကျန်းရှီ၏ လေသံကြောင့် မည်သူဖြစ်ကြောင်း သိနိုင်သည်။

## အခန်း(၄၅၀) - တစ်ချက်တည်း အနိုင်ယူခြင်း

ကျန်းရှီက ပထမနှစ် ဓါးပညာ ရုံးခန်းသို့ လမ်းလျှောက်သွားသည်ကို တွေ့လိုက်လျှင် စိတ်လှုပ်ရှားစရာ ပွဲကောင်းတစ်ခု လာတော့မည်ဟု လူအများက သိလိုက်ကြသည်။

"မင်းက ဆရာကျန်းရှီ မဟုတ်လား"

လင်းဟွမ်သည် သူ့ကို ပြဿနာ လာရှာနေကြောင်း သိနေသည်။

"ဟုတ်တယ်.. ငါက တန်းခွဲ(၂)ကို (၇) နှစ်ကြာအောင် သင်ပေးခဲ့တဲ့ ကျန်းရှီပဲ။ အခု မင်း အစားထိုးထားတဲ့ နေရာပေါ့.."

ကျန်းရှီက ပြုံးပြီး လင်းဟွမ်ကို အထင်သေးသလို ကြည့်လိုက်သည်။ မျက်စိကန်းနေသည့် လူများပင် ကျန်းရှီက ရွဲ့စောင်းပြီး ပြောနေကြောင်း သိနိုင်သည်။

"ဆရာကျန်း ဘယ်အတန်းကို သင်ပေး ရမယ်ဆိုတာ ငါဆုံးဖြတ်တာ မဟုတ်ဘူး။ ငါလည်း ဒီမနက်မှ အကြောင်းကြားချက်ရတာ။ ဒီရုံးခန်းထဲကို

မဝင်ခင်အထိ မင်းနဲ့ အစားထိုးထားတယ်ဆိုတာ ငါ မသိခဲ့ဘူး”

လင်းဟွမ်က သူ့ပခုံးပေါ် လက်တင်ထားသည့် ကျန်းရှိ၏လက်ကို ဖယ်ပြီးပြောလိုက်သည်။

“ပြီးတော့ ငါ့က ဒီရောက်မှ အလုပ် စလုပ်တာ။ ငါတို့က အချိန်အကြာကြီး အတူတူနေရမယ့် လုပ်ဖော်ကိုင်ဖက်တွေပဲ။ အဲ့ဒါကြောင့် အနေခက်ရမယ့် အနေအထားမျိုးတွေ ငါမ လုပ်ချင်ဘူး။ ဆရာကျန်း၊ ငါတို့နှစ်ယောက်

ကျွမ်းကျင်မုဆိုးနည်းလမ်းနဲ့ ဒီပြဿနာကို ဖြေရှင်းကြမလား”

ဆရာအများစုသည် ကျွမ်းကျင် မုဆိုးများ ဖြစ်ကြသဖြင့် မုဆိုးနည်းလမ်းက ဘာလဲဆိုသည်ကို သိကြသည်။ မုဆိုးများသည် သူတို့ အချင်းချင်း နှစ်ပေါင်းများစွာ သိခဲ့ကြသော်လည်း တစ်ခါတလေ ပဋိပက္ခများ ပေါ်လာတတ်သည်။ ဤကဲ့သို့ အခြေအနေကို ဖြေရှင်းရန်အတွက် တိုက်ခိုက်လေ့ ရှိကြသည်။ မည်သူပဲ နိုင်ပါစေ၊ မည်မျှပဲ

ဒေါသထွက်ပါစေ၊ တိုက်ပွဲပြီးပါက ပဋိပက္ခအားလုံး ပြေငြိမ်းကြရသည်။

လင်းဟွမ်၏ အကြံပြုချက်မှာ ကျန်းရှီ လိုချင်နေသော အရာပင်။ လင်းဟွမ်ကို တိုက်ခိုက်ရန် သဘောတူလာအောင် မည်ကဲ့သို့ လုပ်ရင် ကောင်းမလဲဟု စဉ်းစားနေစဉ် လင်းဟွမ်က သူ့သဘောနှင့်သူ အဆိုပြုလာခဲ့ပြီ။

"မုဆိုး နည်းလမ်းလား။ ငါ ကြိုက်တယ်"

ကျန်းရှီက ပြုံးဖြဲဖြဲ အမူအရာနှင့် ပြောလိုက်သည်။

"ငါတို့ရဲ့ ပဋိပက္ခတွေကို အပြီးတိုင်ဖြေရှင်းကြတာပေါ့။ မင်းလိုမျိုး ငယ်ရွယ်တဲ့ကလေးတစ်ယောက်က ဒီလောက်ဒေါသကြီးလိမ့်မယ်လို့ မမျှော်လင့်ထားမိဘူးဟေ့။ ဒါပေမယ့် ဘယ်သူပဲနိုင်နိုင် ငါတို့ရဲ့ပဋိပက္ခကို ဒီမှာပဲအဆုံးသတ်ဖို့ သဘောတူတယ်။ ရှုံးတဲ့လူက ရန်ငြိုးထားစရာ မလိုဘူး။ အနိုင်ရတဲ့ လူကလည်း နောက်ကွယ်မှာ မကောင်းကြောင်း မပြောရဘူး"

"သဘောတူတယ်"

လင်းဟွမ်ကလည်း အကြံများစွာဖြင့် ပြုံးလိုက်သည်။

“ကဲ ဖြေရှင်းမယ့် နည်းလမ်းကို စဉ်းစားပြီး ပြီဆိုတော့ အမြန်ဆုံး တိုက်ခိုက်လိုက်ရအောင်။ ကြာပါတယ်ကွာ ဒီနေ့ပဲ လုပ်လိုက်ရအောင်။ ကဲ လာ.. လေ့ကျင့်ရေးကွင်းထဲ သွားရကြမယ်”

ကျန်းရှီသည် ပြုံးလိုက်ပြီး အချိန်အကြာကြီး မဆွဲချင်တော့ပေ။

“ဘာဖြစ်ဖို့ ဒီလောက် အလုပ်ရှုပ်ခံမှာလဲ။ ဒီမှာပဲ လုပ်လိုက်ရအောင်”

လင်းဟွမ်က အင်ပါယာနန်းလုံးသားလက်စွပ်မှ နာရီကိုကြည့်လိုက်ပြီး ကျန်းရှီကို

"မနက် ရှစ်နာရီ ခွဲရောက်ဖို့ သုံးမိနစ်ပဲ လိုတော့တယ်"

ကျန်းရှီသည် လင်းဟွမ်၏ အဆိုပြုချက်ကြောင့် အံ့အား သင့်သွားသော်လည်း မကြာခင် ထောင်ချောက်တစ်ခု ဖြစ်နေမည်ကို စိုးရိမ်သွားသည်။ သူအနိုင်ရခဲ့လျှင်ပင် သုံးမိနစ်ပဲ အချိန်ရှိသောကြောင့် လင်းဟွမ်ကို ရိုက်နက်ရန် အချိန်မလောက်ပေ။

စောင့်ကြည့်နေသည့် လူများကလည်း တိုက်ပွဲကို သုံးမိနစ်သာ သတ်မှတ်သောကြောင့် လင်းဟွမ်အား ဉာဏ်ကောင်းသည်ဟု ထင်နေကြသည်။

ကျန်းရှီ၏ ဒေါသ ပေါက်ကွဲနေသော စိတ်အခြေအနေအရ လင်းဟွမ်၏ အဆိုပြုချက်ကို သဘောတူမှာ သေချာနေကြသည်။

သို့သော်လည်း အချိုးကမူ လင်းဟွမ်၏ အကြံပြုချက်ကြောင့် သူအရိုက် ခံရမည်ကို မကြောက်ကြောင်း သိနေသဖြင့် အံ့သြသွားကြသည်။

ထိုအစား ကျန်းရှီကို သုံးမိနစ်အတွင်း အနိုင်ယူရန် ယုံကြည်ချက် ရှိနေပုံပင် ။

"သုံးမိနစ်လား လုံလောက်ပါတယ်"

ကျန်းရှီက သဘောတူလိုက်သည်။ သူ့အစွမ်းအစနှင့် ဆိုလျှင် မိနစ်ပိုင်းလေး အတွင်းမှာပင် လင်းဟွမ်ကို အနိုင်ယူနိုင်မည်ဟု ယူဆသည်။ သုံးမိနစ်မှာ နည်းပါးသော်လည်း လင်းဟွမ်ကို သင်ခန်းစာ တစ်ခုပေးရန် လုံလောက်သည်။

"ဒါဆိုလည်း ဒီမှာပဲ လုပ်လိုက်ရအောင်"

လင်းဟွမ်သည် ရုံးခန်းထဲကို လှည့်ပတ်ကြည့်ပြီးနောက် ကျယ်ဝန်းနေသဖြင့် တိုက်ခိုက်ရန် လုံလောက်သည်ဟု တွေးလိုက်သည်။ သို့သော်လည်း အခြားလူများ အတွက်မူ လေ့ကျင့်ရေးအခန်းလောက် မကျယ်သဖြင့် လှုပ်ရှားမှုကို အကန့်အသတ် ရှိနိုင်သည်။ ရွှေအဆင့် လူသားတစ်ယောက်၏ တိုက်ခိုက်ရေး စွမ်းအားက ရုံးခန်းအတွင်းရှိ ကြမ်းပြင်၊ နံရံနှင့် အခြားပစ္စည်းများကို အလွယ်တကူ ပျက်စီး စေနိုင်သည်။

ထိုကန့်သတ်ချက်ကြောင့် ကျန်းရှီသည် သူ့စွမ်းအားကို အထွတ်အထိပ်အထိ ထုတ်သုံးနိုင်မည် မဟုတ်ပေ။

ကျန်းရှီသည် ထိုကဲ့သို့ တွေးလိုက်မိသော်လည်း ရုံးခန်းကို ဖျက်ဆီးပစ်လျှင်ပင် သူ့နောက်ကွယ်တွင် ကျန်းရှယ်ဖန်း ရှိနေသောကြောင့် ကန့်သတ်ချက်ကို စိတ်မဝင်စားပေ။ သူ လိုချင်သည်မှာ လင်းဟွမ်ကို ရိုက်နှက်ရန်သာ။

"ရတယ်လေ။ ဆရာလင်းက ဒီမှာ လုပ်ချင်တော့လည်း ဒီမှာပေါ့"

ကျန်းရှိ လက်ထဲတွင် ကြယ်တစ်ပွင့် ခါးခါတ်ကြွင်းတစ်ခု ပေါ်လာသည်။ လင်းဟွမ်က နောက်ထပ် ကန့်သတ်ချက်များ ထပ်လုပ်လာမည်ကို စိုးရိမ်းသဖြင့် စကားပြောခွင့် မပေးတော့ချေ။ ကျန်သည့် လူများကလည်း ရုံးခန်းထဲမှထွက်ပြီး အပေါက်ဝက စောင့်ကြည့်နေကြသည်။

လင်းဟွမ်သည် ကျန်းရှိ လက်ထဲက ခါးခါတ်ကြွင်းကို ကြည့်လိုက်ပြီး သိုလှောင် လက်စွပ်ထဲမှ ရွှေအသုံးအဆောင် ပစ္စည်းတစ်ခုကို

ထုတ်ယူကာ ရွှေဓါးတစ်လက်အဖြစ် ပြောင်းလဲလိုက်သည်။

"မင်းဆီမှာ ဓါးဓါတ်ကြွင်း တစ်ချောင်းတောင် မရှိဘူးလား"

ကျန်းရှီက မျက်ခုံးပင့်ပြီး မေးလိုက်သည်။ သူ့ကို အနိုင်ကျင့်သည်ဟု အပြောမခံရစေရန် သာမန် ဓါးတစ်ချောင်း ပြောင်းသုံးရင် ကောင်းမလားဟု စဉ်းစားလိုက်သေးသည်။

"ဒါက လုံလောက်နေပြီ"

လင်းဟွမ်၏ စကားမှာ ရတနာတစ်ခုက အစွမ်းထက်သော်လည်း ကိုင်ဆောင်သည့် လူက ပိုအရေးကြီးသည်ဟု သဘော သက်ရောက်နေသည်။ လင်းဟွမ် မျက်လုံးထဲတွင် ကျန်းရှီက ဘာမှ မဟုတ်ကြောင်း အထင်အရှားပင်။

ကျန်းရှီသည် လင်းဟွမ်၏ စကားကို ကြားလိုက်လျှင် ထောင်းခနဲ ဒေါသထွက်သွားသည်။ သူက အနိုင်ကျင့်နေသည်ဟု နာမည် ထွက်သွားမည်ကို စိုးရိမ်သောကြောင့် လက်နက် ပြောင်းလဲရန်ပင် စဉ်းစားနေခဲ့သေးသည်။

သူတို့နှစ်ယောက် မီတာ (၂၀) ပင် မဝေးသော နေရာ၌ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် မတ်တပ် ရပ်နေကြပြီး လင်းဟွမ်ကမူ တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိသကဲ့သို့ ထိုအတိုင်းသာ မတ်တပ်ရပ်နေသည်။

ကျန်းရှီသည် ရုတ်တရက် ဒေါသထွက်လာသည်။ သူသည် အကြီးဖြစ်သောကြောင့် လူကြီးလူကောင်း ဆန်သင့်ပြီး လင်းဟွမ်ကို အရင်ဆုံး ပေး၍ တိုက်ခိုက်သင့်သည်ဟု ယူဆထားခဲ့သည်။ ယခုမူ လင်းဟွမ်က အချိန်ဆွဲ နေပုံပင်။

ကျန်သည့် လူများကလည်း လင်းဟွမ်က အချိန်ဆွဲပြီး ပါးနပ်စွာ ကစားနေသည်ဟု ထင်နေကြသည်။ အချို့ဆို နာရီပင် ကြည့်လိုက်ကြသေးသည်။ ရှစ်နာရီခွဲရန် နှစ်မိနစ်သာ လိုတော့သည်။

'ဒီကောင်လေးက ပေါးပဲ'

ကျန်းရှီသည် စိတ်ထဲမှ တွေးလိုက်ကာ

"ကဲ မင်း မတိုက်ရင် ငါ့ဘက်က စတိုက်ပြီ"

ကျန်းရှီက ပြောလိုက်သည်။

လင်းဟွမ်က အပြုံးကလေးနှင့် ခေါင်းညိတ်ပြသည်။

ထို့နောက် ကျန်းရှိသည် လင်းဟွမ်ထံ ပြေးဝင်သွားကာ တစ်ကိုယ်လုံး ရွှေရောင်တောက်ပလာပြီး ကြီးကျယ်ခမ်းနား လာသည်။ သူ၏တိုက်ပွဲအတွေ့အကြုံမှ တဆင့် ပြင်းထန်သော အော်ရာများ စိမ့်ထွက်လာရာ ဝင်ပေါက်တွင် ရှိနေကြသော ပရိသတ်များသည် အလန့်တကြား ထအော်ကြသည်။

ဆရာအများစုသည် ယခုလက်ရှိ ကျန်းရှီ လုပ်ဆောင်နေသကဲ့သို့ လိုက် မလုပ်နိုင်ကြပေ။

ထိုအချိန်၌ လင်းဟွမ်ကမူ မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့ မတ်တပ်ရပ်နေသေးသည်။

စက္ကန့်ပိုင်းလေးအတွင်းတွင် ကျန်းရှီက လင်းဟွမ်ရှေ့တွင် ပေါ်လာပြီး သူ့လက်ထဲမှဓါးသည် ရွှေအလင်းတန်း တစ်ခုအလား လင်းဟွမ်ထံ တိုးဝင်သွားသည်။

'စောက်ကလေး မင်းရဲ့ဓါးကို အရင်ဖြတ်မယ်။ ပြီးမှ မင်းကို ချီးထွက်တဲ့အထိ ရိုက်မယ်..'

ကျန်းရှီသည် တုံ့ပြန်ခြင်းမရှိဘဲ ဒီအတိုင်း မတ်တပ်ရပ်နေသော လင်းဟွမ်ကို မြင်လျှင် ခနဲ့တဲ့တဲ့ပြောလိုက်သည်။ ဓါးက လင်းဟွမ်ကို ထိမှန်ခါနီးအချိန်၌ လင်းဟွမ်လက်ထဲမှ ဓါးသည် ရွှေရောင် တောက်ပလာ၍ အနည်းငယ် လှုပ်ရှားလိုက်ပုံ ရသော်လည်း လုံးဝ မလှုပ်ရှားသလို မြင်နေရသည်။

ကျန်းရှီသည် လင်းဟွမ်က မည်ကဲ့သို့ လှုပ်ရှားလိုက်ကြောင်း မမြင်လိုက်ရချေ။ အဖြစ်အပျက်ကို စဉ်းစားနေစဉ် သူ့လက်ထဲမှ

ခါးခါတ်ကြွင်းသည် ကျိုးကျပြီး ခြေဖဝါးပေါ် ပြုတ်ကျသွားပြီးနောက် တုန်လှုပ် ချောက်ချားနေသော အော်ဟစ် သံများကို ကြားလိုက်ရသည်။

အောက်သို့ ငုံ့ကြည့်လိုက်ရာ သူ့ခါးပေါ်ရှိ ကြယ်တစ်ပွင့် ချပ်ဝတ်တန်ဆာပေါ်တွင် စင်တီမီတာ (၂၀) နက်ရှိုင်းနေသော အစင်းရာကြီးတစ်ခု ရှိနေပြီး ထိုအတိုင်း အက်ကွဲနေသည်ကို တွေ့လိုက်ရခြင်းပင်။ ထိုအက်ကွဲကြောင်း မှတစ်ဆင့် ထိခိုက်ထားခြင်း မရှိသော သူ့ဝမ်းဗိုက်ကိုပင် မြင်နေရသည်။

“လင်းဟွမ်က ဒီလိုဖြစ်အောင် လုပ်ခဲ့တာလား.”

ကျန်းရှီသည် ခန္ဓာကိုယ် တောင့်တင်းလာပြီး ကျောမှ အေးစက်သော ချွေးအေးများ ထွက်လာ၍ စိုစွတ်လာသည်။

ရုံးခန်း အဝင်ဝတွင် စောင့်ကြည့်နေကြသော လူများလည်း အံ့အား ထိတ်လန့်၍ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ကျန်းရှီက သူတို့ကို ကျောပေးပြီးရပ်နေသဖြင့် ချပ်ဝတ်တန်ဆာ အပေါ်မှ အက်ကွဲကြောင်းကို

မမြင်ရပေ။ ကျိုးကျသွားသော ခါးခါတ်ကြွင်းကိုသာ မြင်နေရသည်။

ရွှေအဆင့် ခါးတစ်ချောင်းက ခါးခါတ်ကြွင်း တစ်ချောင်းကို ချိုးဖျက်နိုင်သည်လော။ အဖြူရောင် မီးလျှံအဆင့် လူများပင် ထိုကဲ့သို့ မလုပ်ဆောင် နိုင်ကြချေ။

လင်းဟွမ်ကို လျှော့တွက် ခဲ့မိသည်။ လင်းဟွမ်သည် ယခုမှ အသက် (၁၆) နှစ်သာ ရှိသေးကာ ရွှေအဆင့် (၃) ရောက်ရှိနေပြီး ကျင့်ကြံခြင်းတွင် ထူးချွန်ရုံ သာမက

သူကိုယ်တိုင်လည်း ပါရမီရှင်တစ်ဦး ဖြစ်နေကြောင်း လူတိုင်း သတိထား မိသွားကြသည်။

## အခန်း(၄၅၁) - ချင်းထိုက်ရှင်း။

လင်းဟွမ်သည် ကျန်းရှီ၏ ကြယ်တစ်ပွင့် ခါးခါတ်ကြွင်းကို ချိုးဖျက်ရုံသာမက ကြယ်တစ်ပွင့် ချပ်ဝတ်တန်ဆာကိုလည်း ဖြတ်တောက်ခဲ့သေးသည်။ အဖြူရောင် မီးလျှံအဆင့်ပင် ဤကဲ့သို့ မလုပ်ဆောင်နိုင်ကြောင်း ကျန်းရှီ ကောင်းကောင်း သိနေသည်။

ကြက်သွေးရောင် မီးလျှံအဆင့် ရောက်နေသူပင် လုပ်နိုင်လိမ့်မည် မဟုတ်ချေ။ ဤကဲ့သို့

ထိပ်တိုက်တွေ့ဆုံမှုအပြီး၌ သူစိတ်လွတ်သွားပြီး သူ့ခေါင်းထဲ၌ သတင်း အချက်အလက်မျိုးစုံ ပေါ်လာသည်။

ရုတ်တရက်ဆိုသလို သူက မျက်လုံးရှိပါလျက်နှင့် မမြင်နိုင်သည့် လူတစ်ယောက် ဖြစ်ကြောင်း သဘောပေါက်သွားသည်။ နောက်ဆုံး၌ လုမင်က လင်းဟွမ်ကို လူသစ်လေး ဖြစ်လင့်ကစား ဘာကြောင့် တန်းခွဲ (၁) တွင် သင်ခိုင်းရန် အဆိုပြုခဲ့လဲ ဆိုသည်ကို သိသွားသည်။

ဤတိုက်ပွဲအတွင်းတွင် လင်းဟွမ်ဘက်မှ ကြောက်ရွံ့မှု တစ်စုံတစ်ရာမျှ မရှိခဲ့ပေ။ အတန်းသင်ရမည့် အချိန်ကို ရောက်ရှိရန် သုံးမိနစ်အလိုတွင် သူနှင့် တိုက်ခိုက်ရန် ရွေးချယ်ခဲ့သည်မှာ မဆန်းတော့ချေ။ ရုံးခန်းထဲတွင် သူ့အဖိုးက လင်းဟွမ်ကို ကြောက်ရွံ့နေသည့်ပုံ ပေါက်နေသည်မှာလည်း မဆန်းတော့ချေ။

ကျန်းရှီသည် ကြောက်စရာကောင်းအောင် ဒေါသကြီးသော်လည်း တုံးအသူ မဟုတ်ချေ။ သူ၏အကာအကွယ် ဓါတ်ကြွင်းပေါ်မှ

အက်ကွဲကြောင်းကို ကြည့်ပြီးနောက် လင်းဟွမ်က ပါရမီရှင် တစ်ယောက်ဖြစ်ပြီး သူ့ကို တစ်ချက်တည်းနှင့် သတ်ဖြတ် နိုင်ကြောင်း သိနေသည်။

လွန်ခဲ့သော စက္ကန့်ပိုင်းက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြန်တွေးပြီးနောက် လည်ပင်း တောင့်တင်းလာသည်။

“ဒါက ဘာ ဖြစ်နေတာလဲ။ ဘာဖြစ်လို့ တံခါးအဝမှာ လူအုံနေတာလဲ”

ရုံးခန်း အပေါက်ဝမှ အသံတစ်ခု ထွက်ပေါ်လာပြီး ဆရာများက ထိုလူဝင်ရောက်နိုင်ရန် လမ်းကြောင်း ဖွင့်ပေးလိုက်သည်။ မုတ်ဆိတ်မွေးများရှိပြီး ကျစ်ဆံမြီး ကျစ်ထားသော ယောကျ်ားတစ်ယောက် ဝင်လာသည်။ ကျန်းရှီထက်ပင် အရပ် ပိုရှည်ကာ အပေါ်တွင် အဖြူရောင်၊ အောက်တွင် အနက်ရောင် ရှိသော စစ်သူရဲကောင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

ထို့နောက် ကျန်းရှိလက်ထဲက ကျိုးပဲ့နေသော ဓါးခါတ်ကြွင်းနှင့် လင်းဟွမ်လက်ထဲမှ ဓါးကို မြင်လိုက်လျှင် အံ့အောသင့်သွားသည်။

လင်းဟွမ်သည် သူ့ဓါးကို သိုလှောင်လက်စွပ်ထဲ အေးအေးဆေးဆေး ပြန်ထည့်ပြီး ထိုလူကို အကဲခတ်လိုက်သည်။ ထိုလူသည် သန္ဓရှင်းမီးလျှံအဆင့်၊ ကြက်သွေးရောင် မီးလျှံအဆင့် သို့မဟုတ် အပြာရောင်မီးလျှံအဆင့် ဖြစ်ကြောင်း သူ ခံစားမိသည်။ သူ့အော်ရာသည်

ရီရီယွီထက် များစွာ အားကောင်းသော်လည်း ရီကျန်းထက် အနည်းငယ် အားနည်းသည်။

“ ကျန်းရှီ၊ ဒီလူငယ်က ဘယ်သူလဲ..”

ထိုလူက လင်းဟွမ်ကို အကဲခတ်နေရင်း လှမ်းမေးလိုက်သည်။

ကျန်းရှီသည် ကျိုးနေသော ဓါးဓါတ်ကြွင်းနှင့် ကျိုးပဲ့သွားသော ချပ်ဝတ်တန်ဆာကို ပြန်သိမ်းပြီး အားတင်းကာ

“ အစ်ကိုချင်း။ သူက ဆရာလင်းပဲ၊ ငါတို့ ဓါးပညာဌာနရဲ့ ဆရာအသစ်ပါ”

“မင်းက ဆရာအသစ် လင်းဟွမ်လား..”

ကျစ်ဆံမြီးကျစ်ထားသော အမျိုးသားက မျက်ခုံးပင့်ပြီး

“တန်းခွဲ (၂) ကို ဆရာအသစ် တစ်ယောက် သင်ရမယ်လို့ ဒီနေ့မှ ကျောင်းသားရေးရာဌာနက အကြောင်း ကြားထားတယ်”

ထို့နောက် ကျန်းရှိလက်ထဲမှ ကျိုးနေသော ဓါးဓါတ်ကြွင်းကို ပြန်မြင်ယောင်ပြီး နောက်ဆုံး၌ ဘာတွေ ဖြစ်ပျက်နေလဲဆိုသည်ကို နားလည်သွားသည်။

“မင်္ဂလာပါ။ ငါ့နာမည်က ချင်းထိုက်ရှင်း ငါက တန်းခွဲ (၁) မှာ ဓါးပညာ သင်ပေးနေတယ်။ ငါတို့ရဲ့ခရီးစဉ်က ကြိုဆိုပါတယ်”

“မင်္ဂလာပဲ”

လင်းဟွမ်ကလည်း ချင်းထိုက်ရှင်းကို လက်ဆွဲပြီး နှုတ်ဆက်လိုက်သည်။

"ဆရာလင်း၊ အစ်ကိုချင်းက ငါတို့ ပထမနှစ် ခါးပညာဌာနရဲ့ ညွှန်ကြားရေးမှူးပဲ"

ကျန်းရှီက လင်းဟွမ်ကို မိတ်ဆက်ပေးလိုက်သည်။

"ကဲ ဖုန်းနံပါတ် လဲရအောင်။ မင်းက ကောလိပ်နဲ့ပတ်သက်လို့ မေးစရာရှိရင် ငါ့ကို ပြောလို့ရတယ်"

ချင်းထိုက်ရှင်းက အင်မတန် ဖော်ရွေနေသဖြင့်

"အင်း.. ဖုန်းနံပါတ် လဲမယ်လေ..."

ကျန်းရှီကလည်း လင်းဟွမ်နှင့် တိုက်ခိုက်မည့် စိတ်ကူးကို စွန့်လွှတ်ကာ ချက်ချင်းပဲ ပြောလိုက်သည်။

"အင်း..."

လင်းဟွမ်ကလည်း မငြင်းပေ။ သူတို့နှစ်ယောက်နှင့် ဖုန်းနံပါတ် ဖလှယ်လိုက်ကြသည်။ တစ်ယောက်နှင့် တစ်ယောက် ဖုန်းနံပါတ် လဲပြီးနောက် ချင်းထိုက်ရှင်းက လင်းဟွမ်ကို မတူညီသော အဖွဲ့နှစ်ခုထဲ ထည့်သွင်းလိုက်သည်။

“အဖွဲ့တစ်ခုက ငါတို့ဌာနရဲ့ ဓါးပညာအကြောင်းကို ဆွေးနွေးတယ်။ ပထမနှစ်ကနေ တတိယနှစ်အထိ ဆရာတွေအားလုံး အဲ့ဒီအထဲမှာပါတယ်။ နောက်တစ်ခုက သိုင်းပညာမှုဆိုး ကောလိပ်ရဲ့ အဖွဲ့စကားဝိုင်းပဲ။ အဲ့ဒီထဲမှာ အရင်က ဆရာတွေလည်း ပါတယ်။ တချို့ကတော့ ကျောင်းကထွက်သွားကြပြီ။ အဖွဲ့ရဲ့ အသံကိုလည်း အချိန်မရွေး ဖျောက်ထားလို့ ရတယ်။ အချိန်တိုင်းလည်း မက်ဆေ့ချ် ကြည့်လို့ရတယ်။ တကယ်လို့ မင်းစိတ်မပါရင် အဖွဲ့ထဲက လူတွေရဲ့

သူငယ်ချင်းဖြစ်ခွင့် တောင်းဆိုမှုကို လျစ်လျူရှုထားနိုင်တယ်”

လင်းဟွမ်သည် နှစ်ခါပြန် မစဉ်းစားဘဲ အဖွဲ့စကားဝိုင်း၏ အသံကို silent လုပ်လိုက်သည်။ နေ့တိုင်း အချိန်ပေးပြီး လေ့ကျင့်နေရသောကြောင့် ထိုကဲ့သို့ မလုပ်ထားလျှင် စိတ်ရှုပ်ရလိမ့်မည်။

“လူတိုင်းကတော့ မင်းကို သိနေကြမယ်လို့ ထင်တယ်။ ကဲ နောက်ကျနေပြီ။ တွေ့ဆုံပွဲဆီကို သွားရအောင်။ ငါတို့ရဲ့ လုပ်ဖော်ကိုင်ဖက် တချို့နဲ့

မိတ်ဆက်ပေးမယ်။ ခါးနယ်ပယ်အကြောင်း ဆွေးနွေးလို့ ရတာပေါ့”

ချင်းထိုက်ရှင်းသည် မနက် ရှစ်နာရီခွဲနေပြီကို မြင်လိုက်လျှင် လူအားလုံးအား တွေ့ဆုံပွဲသို့ ခေါ်ဆောင်သွားသည်။ သိုင်းပညာ မုဆိုးကောလိပ် ကွင်းပြင်ထဲတွင် ကျင်းပခြင်းပင်။

လင်းဟွမ်နှင့် ကျန်သည့်လူများ ရောက်လာသောအခါ ကျောင်းသားသစ် (၃,၀၀၀) လုံး တက်ရောက်နေကြပြီ။

ကျောင်းသားရေးရာမှ အရာရှိ အချို့က ကျောင်းသားများကို သူတို့၏ သက်ဆိုင်သော နယ်ပယ်အသီးသီး ခွဲ၍ လူ (၂၀၀) တစ်တန်းနှုန်းနှင့် အတန်း (၁၅) ခု ခွဲထားသည်။

တွေ့ဆုံပွဲကို တက်ရောက်လာသည့် ဆရာ၊ ဆရာမများထဲတွင် အစောဆုံးဟု ယူဆရမည့် ဓါးပညာဌာန ဝင်ရောက်လာသည်။

ချင်းထိုက်ရှင်း၏ ဦးဆောင်မှုဖြင့် ကျောင်းသားရေးရာ ဌာနမှ စီစဉ်ပေးထားသည့် ထိုင်ခုံများတွင် ထိုင်လိုက်ကြသည်။

သူတို့ ထိုင်နေစဉ် လင်းဟွမ်က ကျောင်းသားများဘက်ကို လှမ်းကြည့်ပြီး လင်းရှင်ကို ချက်ချင်း ရှာလိုက်သည်။ လင်းရှင်သည် အရပ်ပုသောကြောင့် ပထမ တန်းထဲတွင် ထိုင်နေသည်။

လူအုပ်ထဲတွင် ဆရာ တစ်ရာကျော်သာ ပါရှိပြီး မကြာခင် လင်းရှင်က အစ်ကိုဖြစ်သူကို ရှာတွေ့သွားပြီး စပ်ဖြဲဖြဲမျက်နှာနှင့် လှမ်းကြည့် နေသဖြင့် လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ် ပြလိုက်သည်။

ကျောင်းသားများကလည်း လင်းဟွမ်ကို သတိထားမိကြသည်။

"ဒီလူက ဆရာလား။ ဘာဖြစ်လို့ ဆရာတွေနဲ့ အတူတူ ထိုင်နေတာလဲ။ ငါတို့နဲ့ အသက်တူတူပါပဲ"

ကျောင်းသားအချို့က လင်းဟွမ်ကို မြင်လျှင် အံ့အားသင့်နေကြသည်။

"မင်း ဘယ်သူ့အကြောင်း ပြောနေတာလဲ"

ဘေးမှ လူတစ်ယောက်က မေးလိုက်သည်။

"ခါးပညာဌာနမှာ ငါတို့ထက် တစ်နှစ်နှစ်နှစ်လောက်ပဲ ကြီးတဲ့လူတစ်ယောက် ရှိနေလို့"

"အေးဟာ.. အမှန်ပဲ.. ကြည့်ရတာ (၁၆)နှစ်၊ (၁၇)နှစ်လောက်ပဲ ရှိဦးမယ်။ အများဆုံးမှ (၁၈) နှစ်ပေါ့.."

မကြာခင် ကျောင်းသားအုပ်ကြီးက လင်းဟွမ်ကို သတိထားမိသွားသည်။

"အရမ်းချောတာပဲ.."

မိန်းကလေးတစ်ယောက်က မှတ်ချက်ပေးလိုက်သည်။

"ငါတော့ ဆရာတစ်ယောက်လို့ ထင်တာပဲ။ ငယ်တဲ့ပုံပေါက်ပေမယ့် အသက် (၂၀) လောက်ရှိတဲ့ ဦးလေးကြီး ဖြစ်မှာပေါ့။ ရုပ်ရည်ကြောင့် လှည့်စားမခံရစေနဲ့။ အသက် (၃၀) ရောက်နေတာလည်း ဖြစ်နိုင်တာပဲ။ တချို့လူတွေဆိုရင် အသက် (၃၀) ရောက်တာတော င် (၁၅) နှစ် ရုပ်ကလေးတွေနဲ့"

"မင်းပဲ ဦးလေး.."

မိန်းကလေးက ပြောလိုက်သည်။

"သူက ကျောင်းကို လာလည်တဲ့ ဆရာတစ်ယောက်ရဲ့ မိသားစုဝင်လည်း ဖြစ်နိုင်တာပဲ"

လူတစ်ယောက်က ခန့်မှန်းလိုက်သည်။

လင်းဟွမ်သည် ကျောင်းသားအုပ်ကြီးနှင့် ဝေးနေသောကြောင့် ကျောင်းသားများ ဆွေးနွေးနေသည့် အကြောင်းအရာကို မကြားရပေ။

ချင်းထိုက်ရှင်းသည် လင်းဟွမ်ကို ဌာနထဲမှ ဆရာများနှင့် မိတ်ဆက်ပေးနေသည်။

"ဒါက မုရှောင်လန်။ ငါတို့ဌာနမှာ အမျိုးသမီး နှစ်ယောက်ပဲ ရှိတဲ့အထဲက တစ်ယောက်ပေါ့။ တန်းခွဲ(၃) ကို သင်ခဲ့ဖူးတယ်။ ဒါပေမယ့် အခုတော့ တန်းခွဲ (၄) ကို သင်ပေးနေတယ်.."

ချင်းထိုက်ရှင်းက ရုံးခန်းထဲတွင် လင်းဟွမ်ကို သတိပေးခဲ့သော ဆံပင်အတိုနှင့် ဆရာမအကြောင်းကို ပြောနေသည်။

"ရှောင်လန်က ခါးနယ်ပယ် ကျွမ်းကျင်တယ်။ ငါတို့ရဲ့ ခါးပညာဌာနမှာ ပါရမီရှင်ပဲ"

"အစ်ကိုချင်း မစပါနဲ့တော့။ ငါ့ကိုယ်ငါ ဆရာလေးရှေ့မှာ ပါရမီရှင်လို့ မခေါ်ရဲပါဘူး"

မုရှောင်လန်က သူမလက်ကို တသွင်သွင် ခါပြီး ပြန်ပြောလိုက်သည်။ သူမသည် အခြားသူများ ရှေ့တွင် ပါရမီရှင်ဖြစ်ကြောင်း ဝန်ခံရဲသော်လည်း ယခုမူ လင်းဟွမ်က မည်မျှ အစွမ်းထက်ကြောင်း သိနေသဖြင့် ပါရမီရှင်တစ်ယောက်ဟု အခေါ်ခံလိုက်ပါက ဟာသတစ်ခုသာ ဖြစ်သွားလိမ့်မည်။

"ဟိုမှာ ထိုင်နေတာက ငါတို့ဌာနရဲ့ အမျိုးသမီး နောက်တစ်ယောက်ဖြစ်တဲ့ ယုဖေး။ သူမက တန်းခွဲ(၁၁) ကို သင်ပေးနေတယ်"

ချင်းထိုက်ရှင်းက အပြာရောင် ဝတ်စုံ ဝတ်ထားသော အမျိုး သမီးတစ်ယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်ပြန်သည်။ ထိုအမျိုးသမီးက မုရှောင်လန် ထက်စာလျှင် စကားပိုနည်း၍ ချင်းထိုက်ရှင်းက မိတ်ဆက် ပေးသောအခါ လင်းဟွမ်ကို ခေါင်းညိတ်ပြရုံမျှသာ ညိတ်ပြခဲ့သည်။

သူမထံမှ မြင့်မြတ်သော အငွေ့အသက်များ စိမ့်ထွက်နေပြီး လှပ၏။ သူမသည် ခါးသိုင်း ဆရာတစ်ယောက်နှင့် မတူဘဲ ယဉ်ကျေးမှုဘာသာရပ် သင်ကြားပေးသော ဆရာတစ်ယောက်နှင့် ပိုတူနေသည်။

"ကျန်းရှီ အကြောင်းတော့ သိပြီးသား ဖြစ်မယ်လို့ ထင်တယ်။ သူက တိုက်ခိုက်ရေး အစွမ်း ကြွယ်ဝတယ်။ ငါတို့ ကျောင်းသားတွေ တော်တော်များများက သူ့ရဲ့လက်တွေ့ အတန်းကို သဘောကျ ကြတယ်"

"ဒါက မြှောက်ပြောနေတာပါ"

ကျန်းရှီက လက်ခါပြီး ပြောလိုက်သည်။ အစောပိုင်း တိုက်ပွဲကြောင့် လင်းဟွမ်က သူ့ထက် တိုက်ပွဲအတွေ့အကြုံ ပိုများကြောင်း သိနေသဖြင့် ချင်းထိုက်ရှင်း၏ ချီးမွမ်းသံကို ကြားသောအခါ ရှက်သွားသည်။

"ဒါက တန်းခွဲ (၅) ကို သင်ပေးနေတဲ့ ဇောင်ကွမ်း"

## အခန်း(၄၅၂) - လုံး၀ ကြီးပြင်းလာပြီပဲ။

တွေ့ဆုံပွဲ မစခင် ချင်းထိုက်ရှင်းက လင်းဟွမ်ကို သူတို့၏ လုပ်ဖော်ကိုင်ဖက် (၁၆) ဦးနှင့် မိတ်ဆက်ပေးခဲ့သည်။

လင်းဟွမ်သည် နောင်တစ်ချိန်တွင် နာမည်မှားခေါ်မိပါက အနေရ ခက်နိုင်သောကြောင့် နာမည်အားလုံးကို အလွတ် ကျက်နေခဲ့သည်။

အခမ်းအနားကို မနက် (၉) နာရီတွင် စတင်ခဲ့သည်။

ပထမဦးဆုံး စကားပြောသူမှာ ဌာနမှူး ဝမ် ဖြစ်သည်။ သူက ကျောင်း၏ သမိုင်းကြောင်း၊ ကျောင်းဖြစ်တည်လာသည့် အကြောင်း၊ ကျောင်းမှ မွေးဖွားခဲ့သော ကျော်ကြားသူများ အကြောင်းကို ပြောပြခဲ့သည်။

ဒုတိယမြောက် စကားပြောသူမှာ ဌာနမှူးကျန်းဖြစ်ပြီး စည်းကမ်းများကိုသာ

ဦးစားပေး၍ ပြောကြားခဲ့ကာ သမာရိုးကျဆန်သူ ဖြစ်သည်။

မိန့်ခွန်းသည် သိပ်မကြာခဲ့ပေ။ သူတို့နှစ်ယောက်ပေါင်းမှ ဆယ်မိနစ်သာ ကြာမြင့်ခဲ့သည်။ နောက်ဆုံးတွင် ကျောင်းသားရေးရာ ညွှန်ကြားရေးမှူး လီဖန်းက မိန့်ခွန်းပြောကြားသည်။

ကောလိပ်၏ စီမံခန့်ခွဲမှုအကြောင်း၊ ကျောင်းသားများ သတိထားသင့်သည့် ရှောင်ရန်၊ ဆောင်ရန် အချက်အလက်အချို့ကို အဓိကထား

တင်ပြ ဆွေးနွေးသွားသည်။ သူ၏မိန့်ခွန်းကလည်း ဆယ်မိနစ် မပြည့်ခင် ပြီးဆုံးသွားခဲ့သည်။

လျှာအရှည်ဆုံး မိန့်ခွန်းပြောသူမှာ ယဉ်ကျေးမှု ဘာသာရပ်မှ ညွှန်ကြားရေးမှူးပင် ။ သုံးနာရီ ကြာအောင် ဟောပြောခဲ့ပြီး ဟောပြောပွဲအတွက် ကောင်းကောင်း လေ့ကျင့်ထားသူ ဖြစ်သည်။ ဤကဲ့သို့ဖြင့် ယခင် လူသုံးယောက် ပေါင်းထက် ပိုကြာအောင် ဟောပြောခဲ့၏။

အတွင်းရေးမှူးက သတိပေးစကား လှမ်းပြောမှ ဟောပြောပွဲကို အဆုံးသတ်ခဲ့ပြီး နောက်ဆုံးတွင်

မုရှောင်ဟုခေါ်သော ကျောင်းသားက ကျောင်းသားကိုယ်စားလှယ်အဖြစ် တက်ပြောသည်။ သူသည် အဖွဲ့ခွဲ (၇) ဘွဲ့ကြိုစာမေးပွဲတွင် ရမှတ်အပြည့်နှင့် အောင်မြင်ခဲ့သော ထိပ်ဆုံးကျောင်းသား တစ်ယောက်ဖြစ်သည်။

သိုင်းပညာမုဆိုး ကောလိပ်ကို ပထမဆုံး စာရင်းသွင်းသူ သုံးယောက်ထဲမှ တစ်ယောက်လည်း ဖြစ်သည်။ စင်မြင့်ပေါ်ကို လျှောက်လာသော မုရှောင်ကို လူတိုင်းက အာရုံစိုက်နေကြသည်။

"အားလုံးပဲ မင်္ဂလာပါ။ ငါ့နာမည်က မုရှောင်ပါ။ ငါက ကောလိပ်မှာရှိတဲ့ ကျောင်းသားတွေ ကြားထဲမှာ နံပါတ်တစ်ပဲ။ ဒီအဆင့်ကို ဘွဲ့ရတဲ့အချိန်ထိ ထိန်းထားဖို့ စဉ်းစားထားတယ်။ အဲ့ဒီတော့ ကျန်တဲ့ လူတွေက ဒုတိယနေရာ လုကြပါ။ ငါ့ရဲ့ ရည်ရွယ်ချက်က သုံးနှစ်အတွင်း သာလွန်အဆင့်ကို တက်လှမ်းမယ်။ အဖွဲ့ခွဲ (၇) မှာ အသက်အငယ်ဆုံး သာလွန်လူသား တစ်ယောက် ဖြစ်လာရမယ်။ သိုင်းပညာ မုဆိုးကောလိပ်ရဲ့ ကျောင်းသားအားလုံး နှစ်တစ်ရာအတွင်း မကျော်ဖြတ်နိုင်တဲ့ တောင်ကြီးတစ်ခု ဖြစ်ရမယ်"

မုရှောင်၏ မိန့်ခွန်းသည် ကိုယ်ရည်သွေးမှုများနှင့် ပြည့်နှက်နေခဲ့သည်။

လင်းဟွမ်သည် အဖွဲ့ခွဲ (၇) ၏ အသက်အငယ်ဆုံး သာလွန်လူသားတစ်ယောက် ဖြစ်လာရမည်ဟူသော ရည်မှန်းချက်ကို ကြားလိုက်လျှင် ပြုံးလိုက်မိသည်။

“လူငယ်တွေက တကယ့်ကို ခွန်အားတွေနဲ့ ပြည့်နေတာပဲ။ လင်းဟွမ် ရွှေအဆင့် ပြည့်ဝအဆင့် ရောက်ဖို့ ဘယ်လောက် လိုသေးလဲ...”

မနီးမဝေးတွင် ရှိနေသော မုရှောင်လန်က ပြုံးပြီး မေးလိုက်သဖြင့်

“အများဆုံး တစ်လပေါ့…”

လင်းဟွမ်က သူမကို ပြုံးပြပြီး ပြန်ဖြေလိုက်သည်။

‘ဒါဆိုရင် အဲ့ဒီကလေးရဲ့ အိပ်မက်တော့ ပျက်စီးသွားပါပြီ။ သုံးနှစ်အတွင်း သန့်ရှင်းမီးလျှံ အဆင့်ကို ရောက်အောင် လုပ်နိုင်ရင်တောင် သူက ထိပ်ဆုံး နံပါတ်နှစ်ပဲ ဖြစ်လိမ့်မယ်”

မုရှောင်လန်က သူမ၏ပါးစပ်ကို အုပ်ပြီး တခစ်ခစ် ရယ်မောလိုက်သည်။

"လူငယ်တွေ ရည်မှန်းချက် ကြီးတာ ကောင်းပါတယ်"

လင်းဟွမ်က မုရှောင်လန်သည် (၁၅) နှစ်သာ ရှိသေးသော်လည်း ကြေးအဆင့်တွင် ရှိနေကြောင်း သိနေပြီး သူသာ ကိုယ်ရေးသွေးပါက သေချာပေါက် ရှက်စရာ ကောင်းလိမ့်မည်။

"ဒီကောင်လေးမှာ ဆာမူရိုင်းခါးလိုပဲ။ ဒီနှစ်တော့ ငါတို့ဌာနက ဦးဆောင်ခံရတော့မယ့် ပုံပဲ"

ချင်းထိုက်ရှင်းက ခေါင်းခါပြီး ပြောလိုက်သည်။

လင်းဟွမ်သည် ဌာနများကြားက ပြိုင်ဆိုင်မှုမှာ သူထင်ထားသည့်ထက် ပို၍ ပြင်းထန်ကြောင်း သဘောပေါက်လိုက်သည်။

ကျောင်းသား မုရှောင် စကားပြောပြီးနောက် အတွင်းရေးမှူးက တွေ့ဆုံပွဲ ပြီးဆုံးကြောင်း ကြေငြာလိုက်သဖြင့်

ဆရာများနှင့် ကျောင်းသားများ ထွက်ခွာသွားကြသည်။

"လင်းဟွမ်၊ ဒီည ညစာစားပွဲ ရှိသေးတယ်။ မတက်ချင်တဲ့ ဆရာတွေကတော့ မတက်လို့ရတယ်"

ချင်းထိုက်ရှင်းက သူ့ကို ဖိတ်ခေါ်လိုက်သည်။

"အာ… ငါ မတက်ဖြစ်တော့ဘူး။ ဆရာတို့ဘာသာ ဆရာတို့ပဲ ပျော်ကြပါ။ ငါက ဒီရက်ပိုင်းအတွင်း သင်ထောက်ကူ ပစ္စည်းတွေ ပြင်ဆင်ရဦးမယ်"

လင်းဟွမ်က တစ်ခါတည်း ငြင်းလိုက်သည်။

"ရပါတယ်။ မင်းရဲ့ သင်ကြားရေး ပစ္စည်းတွေကိုပဲ အာရုံစိုက်ပါ။ ဒါဆို မင်းကို မနှောင့်ယှက်တော့ဘူး"

ပထမဦးဆုံးအကြိမ် သင်ကြားပို့ချသော ဆရာများတွင် ဤကဲ့သို့ ဖိအားမျိုး

ရှိနေတတ်ကြသည်။ ယခင်ကလည်း အလားတူ ဖြစ်ရပ်မျိုး ကြုံဖူးခဲ့ပြီး တုန်တုန်ယင်ယင် ဖြစ်နေတတ်ကြောင်း ချင်းထိုက်ရှင်းက သိနေသည်။

"မင်းအတန်းက လာမယ့် သောကြာနေ့ နေ့လယ်မှမဟုတ်လား၊ အတန်းထဲ ငါ လာထိုင်ပေးပါ့မယ်"

ချင်းထိုက်ရှင်းက ပြောလိုက်ချိန်တွင်

"ကျေးဇူးပြုပြီး လာခဲ့ပေးပါ"

ချင်းထိုက်ရှင်းသည် လင်းဟွမ် မကိုင်တွယ်နိုင်မည်ကို စိုးရိမ်နေသောကြောင့် လင်းဟွမ်ကို ကူညီရန် စဉ်းစားနေခြင်းပင် ။

ချင်းထိုက်ရှင်း ထွက်သွားသောအခါ လင်းရှင်က သူ့ထံ ပြေးလာသည်ကို တွေ့လိုက်သည်။

"မင်းရဲ့ အတန်းဖော်တွေနဲ့ တွေ့ပြီးပြီလား။ အဆင်ပြေလား"

လင်းဟွမ်က ပြုံးပြီး မေးလိုက်သည်။

"အဆင်ပြေပါတယ်။ ယဉ်ကျေးမှုဌာနမှာ လူအရမ်းများတယ်။ လူ (၂၀၀) လောက် ရှိတော့ နာမည်တချို့လောက်ပဲ မှတ်မိတယ်"

"ဒီနေ့က ကျောင်းစတက်ရမယ့်နေ့လေ။ အတန်းမတက်ဘူးလား"

လင်းဟွမ်က မေးလိုက်သည်။

သူ့အတန်းသည် လာမည့် သောကြာနေ့မှ ဖြစ်ကြောင်း သိသော်လည်း အခြား ကျောင်းသားများနှင့် ဆရာများ အကြောင်းကို မသိပေ။

"အတန်းက မနက်ဖြန်မှ တရားဝင် စမှာ။ ဒီနေ့က ကျောင်းသားရေးရာ ဌာနမှာ စာရင်းသွင်းပြီး နေ့ဘက်ကျရင် အဆောင်ပြောင်းရမယ်။ ပထမနှစ်နဲ့ ဒုတိယနှစ် ကျောင်းသားတွေကို ကျောင်းအပြင်မှာ နေခွင့်မပေးဘူး။ ကျောင်းအဆောင်မှာပဲ နေရတဲ့လေ၊ နေ့ခင်းဘက်ကျရင် ငါ့ရဲ့အိပ်ရာတွေနဲ့ ပစ္စည်းတွေကို သိမ်းရမယ်..."

လင်းရှင်သည် ကျောင်းတွင် အဆောင် နေရသည်မှာ ပထမဆုံးအကြိမ် ဖြစ်သဖြင့် စိတ်လှုပ်ရှားနေသည်။ ယခင်က အဆောင်တွင်

အခြား မိန်းကလေးများနှင့် အတူတူ မနေဖူးပေ။ ထို့အပြင် ယခုလက်ရှိ၌ လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်တွင် စာသင်နေသောကြောင့် သူမ ကြိုက်သည့်အချိန် အချိန်မရွေး သွားတွေ့နိုင်သောကြောင့် သူမအတွက် မထူးခြားပေ။

သို့သော်လည်း လင်းဟွမ်ကမူ သူ့ကလေးက သူ့ကို စွန့်လွှတ်သွားသလို ခံစားလိုက်ရပြီး စိတ်မကောင်း ဖြစ်သွားသည်။ သူသည် ခရီးသွားတစ်ယောက် ဖြစ်သော်လည်း လင်းရှင်နှင့် နှစ်အနည်းငယ်ကြာအောင် အတူတူ

နေခဲ့သောကြောင့် ယခုအခါ၌ အဆုံးရှုံးမခံနိုင်သော သူ၏မိသားစုဝင် တစ်ယောက် ဖြစ်လာခဲ့ပြီ။

"ငါ့အတွက် စိတ်မပူနဲ့... ငါ့ကိုယ်ငါ ကောင်းကောင်း ဂရုစိုက်လိုက်ပါ့မယ်"

"ကဲ... မင်းက ကောလိပ်တက်နေပြီဆိုတော့ တစ်ယောက်ယောက်က မင်းကို အနိုင်ကျင့်လာရင် အနိုင်ကျင့်မခံနဲ့။ တစ်ခုခု ဖြစ်လာရင် ငါ့ဆီ ဖုန်းဆက်လိုက်"

လင်းရှင်သည် သူမ၏ အစ်ကိုဖြစ်သူ စိတ်မကောင်းဖြစ်နေသည်ကို သတိထားမိသဖြင့် နှစ်သိမ့်လိုက်သည်။

"ဘယ်သူပဲဖြစ်ဖြစ် ကိစ္စမရှိဘူး... မင်းကို အနိုင်ကျင့်ရဲရင် ပေးဆပ်စေရမယ်"

လင်းဟွမ်က အလေးအနက် ထားပြီး ပြောလိုက်သည်။

"ကဲ... ကောင်းပြီ။ မင်းရဲ့ ကျောင်းသားမှတ်ပုံတင် သွားယူ။ နေ့ခင်းဘက်ရောက်ရင်မှ အခန်းပြောင်းပေါ့"

လင်းဟွမ်က ပြုံးပြီး လင်းရှင်၏ခေါင်းကို ပုတ်လိုက်သည်။

“ဟုတ်”

“အဲ့ဒါဆိုရင် အစ်ကိုရဲ့ သင်ထောက်ကူ ပစ္စည်းတွေပြင်လိုက်ဦး။ ငါ့ဆီမှာက ပစ္စည်းတွေ များများစားစား မရှိဘူး။ အားလုံးကို သိုလှောင်လက်စွပ်ထဲပဲ ထည့်လိုက်မယ်”

လင်းရှင်က လက်ခါပြပြီး ပြောလိုက်သည်။

“ကောင်းပြီ။ ဒါဆိုရင် ငါ သွားတော့မယ်”

လင်းရှင်က ပြေးသွားပြီး လူတန်းကြီးနှင့် ဝင်ရောက် ပူးပေါင်းသွားသည်။

"ဟဲ့ လင်းရွှယ်။ အဲ့ဒီလူက ဘယ်သူလဲ"

အရပ်ရှည်သော မိန်းကလေးက လင်းရှင်ကို မေးလိုက်သည်။

လင်းရွှယ် ဆိုသည်မှာ ခရမ်းရှောင်ကျီးကန်း အဖွဲ့အစည်းက ရှာမတွေ့စေရန် လွှန်ခဲ့သော တစ်နှစ်ခွဲခန့်က နှင်းမြို့ကို ရောက်သည့်အချိန်မှာ လင်းဟွမ်က ညီမဖြစ်သူအတွက် ဖန်တီးပေးခဲ့သော နာမည်တစ်ခုပင် ။ လင်းရှင်သည် သိုင်းပညာ

မုဆိုးကောလိပ်သို့ တက်ရောက်သောအခါ ထိုနာမည်ကိုသာ အသုံးပြုခဲ့သည်။

"အရမ်းချောတာပဲ..."

ဘေးနားတွင် ရှိနေသော ကောင်မလေး နှစ်ယောက်က မှတ်ချက်ပေးလိုက်သည်။

လင်းဟွမ်သည် ထွက်ခွာသွားသော လင်းရှင်ကို ရပ်ကြည့်နေခဲ့သည်။ ထို့နောက် အင်ပါယာ နှလုံးသားလက်စွပ်တွင် နှိုးစက်ကို အသက်သွင်းပြီး စာကြည့်တိုက်သို့ သွားလိုက်သည်။ တစ်နာရီကျော်

ကြာအောင် စာဖတ်ပြီးနောက် နှိုးစက်က (၁၁) နာရီခွဲ ရှိနေပြီဖြစ်ကြောင်း အချက်ပြလာသည်။

လင်းဟွမ်သည် နှိုးစက်ကိုပိတ်ပြီး အဆောင်သို့ ပြန်လာခဲ့သည်။ အဆောင်နားသို့ ရောက်သောအခါ ဒုတိယထပ် ပြတင်းပေါက် မှတစ်ဆင့် အဆောင်ပေါ်တွင် လှုပ်ရှားနေသော လူတစ်ယောက်၏ အရိပ်ကို မြင်လိုက်သဖြင့် လမ်းလျှောက်နေသည်ကို ရပ်တန့်လိုက်သည်။

ကြည့်ရသည်မှာ လင်းရှင်က ပစ္စည်းတွေ သိမ်းဆည်းပြီး သန့်ရှင်းရေး လုပ်နေပုံပင်။

လင်းဟွမ်သည် ဒါကိုတွေးမိ၍ ပြတင်းပေါက်မှတစ်ဆင့် လင်းရှင်ကို ရပ်ကြည့်နေခဲ့သည်။ ထုံးစံအတိုင်း ညီမ ဖြစ်သူက သီချင်းလေး တညည်းညည်းလုပ်ရင်း ပစ္စည်းတွေ သိမ်းဆည်းနေခြင်းပင် ။

နာရီဝက်ခန့် ကြာသောအခါ လင်းရှင်သည် လုပ်လက်စကို လက်စသတ်ပြီး အခန်းတံခါးကို ဖွင့်လိုက်သည်။

လင်းဟွမ်က သစ်ပင်နောက်တွင် အမြန် ပုန်းလိုက်သည်။

လင်းရှင်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီးနောက် စိတ်မကောင်းဖြစ်သွားပုံရကာ တံခါးပိတ်ပြီးနောက် သစ်ပင်အောက်က လမ်းကလေးအတိုင်း ဖြည်းညင်းစွာ လျှောက်သွားသည်။

ခဏအကြာ လင်းဟွမ်သည် သစ်ပင်ပေါ်မှ ခုန်ဆင်းကာ ထွက်ခွာသွားသော လင်းရှင်ကို လှမ်းကြည့်နေလိုက်သည်။ သူမ ပျောက်ကွယ်သွားပြီးနောက်မှ အဆောင်ထဲသို့ ဝင်လာခဲ့သည်။

အဆောင်က သန့်ရှင်းနေကာ အများအားဖြင့် ရှုပ်ယှက် ခတ်နေတတ်သော ညှော်ခန်းက သန့်ရှင်းနေခြင်းပင်။

လင်းဟွမ်သည် ဒုတိယအထပ်သို့ လျှောက်သွားချိန်တွင် လင်းရှင်က အခန်းထဲမှ ပရိဘောဂများ အပြင် အရာအားလုံး သိမ်းသွားကြောင်း တွေ့လိုက်ရသည်။ စားပွဲပေါ်ရှိ မီးအိမ်ကလေးကို ကြည့်လိုက်ရာ မရှိတော့ချေ။

လင်းဟွမ် စိတ်ထဲ ဗလာဖြစ်သွားသည်။ အခန်းထဲမှ ထွက်လာပြီးနောက် သူ၏

ကိုယ်ပိုင်အခန်းထဲကို သွားလိုက်ရာ သန့်ရှင်းနေသည်ကို တွေ့လိုက်ရပြီး ခုတင်ခေါင်းရင်းတွင် စာအုပ်တစ်အုပ် ရှိနေသည်။ လင်းဟွမ်သည် ခပ်မြန်မြန် လျှောက်သွားပြီး မီးအိမ်အောက်တွင် စာအုပ်ကို ဖွင့်၍ ဖတ်လိုက်လျှင်

“အစ်ကို။ ဒီနေ့က စပြီး အမှီအခိုကင်းကင်းနဲ့ နေနိုင်အောင် သင်ယူပါ့မယ်။ အစ်ကို ညီမကို စိတ်ပူစရာမလိုအောင် ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ့မယ်။ အချိန်တန် စားမယ်၊ အချိန်တန် နားမယ်၊ လေ့ကျင့်ရမယ့် အချိန် လေ့ကျင့်ပါ့မယ်”

လင်းရှင်က စာရွက်ပေါ်တွင် ကျက်သရေရှိစွာ ရေးထားသည်။

"အင်း... ကလေးမလေးက တကယ် ကြီးလာပြီပဲ..."

## အခန်း(၄၅၃) - မင်္ဂလာပါ၊ ငါ့နာမည်က လင်းဟွမ်။

လင်းရှင်သည် စက်တင်ဘာလ (၁) ရက်နေ့ စာသင်နှစ် စသည့်အချိန်၌ လင်းဟွမ်၏အဆောင်မှ ထွက်သွားခဲ့သည်။

နောက်ထပ် နှစ်ရက်အတွင်းတွင် လင်းဟွမ်သည် အိပ်စက်သည့် အချိန်မှလွဲ၍ ကျန်သည့် အချိန်အားလုံးကို စာကြည့်တိုက်ထဲတွင်သာ အချိန်ကုန်ဆုံး ခဲ့သည်။ အကယ်၍ ညနက် သန်းခေါင်အချိန်၌ စာကြည့်တိုက် မပိတ်ပါက

လင်းဟွမ်သည် စာကြည့်တိုက်ထဲမှာပင် အိပ်နေနိုင်သည်။ ဒီရက်ပိုင်းအတွင်း သတင်းမျိုးစုံကို သူဖတ်နေခဲ့သည်။

ဓါးတာအိုနှင့် ပက်သက်သော အကြောင်းအရာများအပြင် အဖွဲ့ခွဲ (၇) ၏ ဖွံ့ဖြိုးတိုးတက်မှု သမိုင်း၊ ကျော်ကြားသူများ၏ အဖြစ်အပျက်များ၊ အဖွဲ့အစည်းများ၏ လျှို့ဝှက် အချက်အလက်များနှင့် မွန်းစတားမျိုးစုံအကြောင်း တို့ကိုလည်း ဖတ်ရှုနေခဲ့သည်။ သူ့အတန်းအတွက် အသုံးဝင်မည့် အချက်အလက်တိုင်းကို လက်လွှတ်

မခံခဲ့ချေ။ သူ့ကို ကြည့်ရသည်မှာ သတင်းအချက်အလက် အနှစ်သာရအားလုံးကို စုပ်ယူနေသော ရေမြှုပ်တစ်ခုနှင့် တူလှသည်။

အချိန်များသည် လျှင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။

စက်တင်ဘာလ (၅) ရက် သောကြာနေ့…

မွန်းလွဲ တစ်နာရီခွဲတွင် လင်းဟွမ်၏ အင်ပါယာနှလုံးသားလက်စွပ် တုန်ခါလာသည်။

လင်းဟွမ်သည် စာကြည့်တိုက်ထဲမှ ထွက်လာပြီး ဆရာများ ရုံးခန်းသို့ သွားလိုက်သည်။ သိုင်းပညာ မုဆိုးကောလိပ်ရှိ ဆရာ အားလုံးသည် အတန်းချိန်တွင်သာ သူတို့အတွက် သတ်မှတ်ထားသော အတန်းထဲတွင် ရှိရမည်ဖြစ်ပြီး ကျန်သည့် အချိန်များကို လွတ်လပ်ခွင့် ပေးထားသည်။

အတန်း မစခင် ရုံးခန်းထဲ အနားယူနေသည့် ဆရာများလွဲ၍ ပုံမှန်နေ့များတွင် ရုံးခန်းထဲ၌ လူမရှိသလောက်ပင်။ ကျောင်းတွင်း

လုပ်ရှားမှုမရှိသည့် အချိန်များတွင် ဆရာ အချင်းချင်း တွေ့ဆုံခဲ့သည်။

ယဉ်ကျေးမှု ဘာသာရပ် ရုံးခန်းတွင် ဆရာ အင်အားပိုများသောကြောင့် လင်းဟွမ်တို့ ရုံးခန်းထက် လူ ပိုစည်ကားသည်။

လင်းဟွမ်သည် နေ့လည် (၁း၄၀) တွင် ရုံးခန်းသို့ ရောက်သောအခါ ရုံးခန်းထဲ၌ လူတစ်ယောက် ထိုင်နေသည်။ ထိုင်ဖို့ ကတိပေးထားသော ချင်းထိုက်ရှင်း မဟုတ်ဘဲ ထိုအစား မုရှောင်လန် ဖြစ်နေသည်။

"မစ္စမု၊ နေ့လည် စာသင်ချိန် ရှိလို့လား"

လင်းဟွမ်က သူမကို ပြုံးပြီး နှုတ်ဆက်လိုက်သည်။ ဒီနေ့တွင် သူမ အတန်းရှိကြောင်း သူမသိပေ။

"ဟုတ်တယ်"

မုရှောင်လန်ကလည်း ပြုံးပြီး ပြန်ဖြေခဲ့သည်။ သူမက ဌာန၏ အချိန်ဇယားများကို လေ့လာထားသောကြောင့် လင်းဟွမ်ကို မြင်သောအခါ လုံးဝ မအံ့သြမိပေ။

လင်းဟွမ်က သူမကို နှုတ်ဆက်ပြီးနောက် ထိုင်ခုံတွင် ထိုင်လိုက်သည်။

လင်းဟွမ်သည် တော်တော်လေး စိုးရိမ်နေသည်။ ကမ္ဘာပေါ်တွင် ရှိစဉ်အချိန်က အလုပ်ချိန်အတွင်း ဖောက်သည်များအား ကုန်ပစ္စည်းမိတ်ဆက်ခြင်းနှင့် မိတ်ဆက်ပွဲများ ပြုလုပ်ခဲ့သော်လည်း သင်ကြားခြင်းနှင့် ဖောက်သည်များ တွေ့ဆုံခြင်းသည် ကွဲပြား ခြားနားသော အရာပင်။ အကယ်၍ သူညံ့ဖျင်းပါက ကျောင်းသားများက စင်ပေါ်ကို လှမ်းအော်

နိုင်သည်။ ထိုအကြောင်းကို တွေးရင်း ရင်ပူလာပြီး နာရီကိုကြည့်လိုက်ရာ နှစ်မိနစ်သာ လိုတော့သည်။

"ဆရာလင်း၊ ဒါက မင်း ပထမဦးဆုံးအကြိမ် စာသင်မှာ မဟုတ်လား"

မုရှောင်လန်သည် လင်းဟွမ်၏ စိုးရိမ်ပူပန်မှုကို သတိထားမိသဖြင့်

"ဟုတ်တယ်။"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"ဘာမှ မစိုမ်းရိမ်နဲ့၊ ကိုယ့်အကြောင်းကို ရိုးရိုးလေးပဲ မိတ်ဆက်လိုက်။ ပြီးရင် အတန်းကို မင်းစီစဉ်ထားတဲ့အတိုင်းပဲ စလိုက်။ ပုံမှန်အားဖြင့်တော့ အတန်းထဲမှာ ဒုက္ခပေးတဲ့လူ တစ်ယောက်၊ နှစ်ယောက်တော့ ရှိတတ်တယ်။ မကြောက်နဲ့၊ ကိုယ့်လုပ်စရာရှိတာ ကိုယ်လုပ်နေ။ အတန်းချိန်ထဲမှာ ပြဿနာတစ်ခု ကြုံရရင် အဲ့ဒီ အမှားကို သတိထားပြီး ဘယ်တော့မှ ထပ်မလုပ်နဲ့။ အဲဒါဆို တိုးတက်လာလိမ့်မယ်။ ကျောင်းသားတွေက မင်းကဘယ်လောက် ရိုးသားတယ်ဆိုတာ သေချာပေါက် သိလာလိမ့်မယ်"

မုရှောင်လန်က အကြံပေးသည်။

"ငါ့ရဲ့ ပထမဦးဆုံး အတန်းကိုတောင် ပြန်သတိရမိတယ်။ မင်းထက်တောင် ပိုပြီး စိုးရိမ်နေသေးတာ။ အတန်း မစခင် ရေ ဘယ်နှစ်ခါလောက် ချိုးလဲ ဆိုတာတောင် မမှတ်မိတော့ဘူး။ သုံးနာရီကြာအောင် စာသင်ရမယ့် အချိန်မှာ သန့်စင်ခန်း သုံးမိမှာကိုတောင် ကြောက်နေခဲ့သေးတယ်။ အတန်းထဲရောက်တော့ ပိုဆိုးတာ တစ်ခု ရှိသေးတယ်။ အရေးထဲ စကားက ထစ်နေလို့လေ။ ဒါပေမယ့် မိနစ်

အနည်းငယ်ကြာတော့ အာရုံစိုက်နေတဲ့ ကျောင်းသားတွေ ရှိနေလို့ အဆင်ပြေလာတယ်”

မုရှောင်လန်က သူမ၏ ကိုယ်ပိုင်အတွေ့အကြုံကို မျှဝေလာသည်။

လင်းဟွမ်သည် သူမ၏ ဇာတ်လမ်းကို နားထောင်ပြီးနောက် အနည်းငယ် စိတ်အေးလာသည်။

"မင်းတို့တွေ ဘာပြောနေ ကြတာလဲ"

ဝင်ပေါက်မှ အသံတစ်ခု ထွက်ပေါ်လာပြီး ရုံးခန်းထဲသို့ ဖြည်းဖြည်းချင်း လမ်းလျှောက်ဝင်လာသော ချင်းထိုက်ရှင်းကို တွေ့လိုက်ရသည်။

" အော်... ဆရာလင်းကို ကျွန်မရဲ့ ရှက်စရာကောင်းတဲ့ အတွေ့အကြုံလေးတွေ ပြန်ပြောပြနေတာ။"

မုရှောင်လန် ရယ်ပြီး ပြောလိုက်သည်။

"ခေါင်းဆောင်ချင်း၊ ဘာလို့ ဒီကိုရောက်လာတာလဲ"

"ဒီနေ့က ဆရာလင်း ရဲ့ ပထမဦးဆုံး အတန်းဆိုတော့ ငါလိုက်ထိုင်ပေးမလို့"

ချင်းထိုက်ရှင်းက ရှင်းပြလိုက်သည်။

"မင်း အတန်းက အဆင်ပြေပြေ ချောချောမွေ့မွေ့ဖြစ်မယ်ဆိုတာ သေချာတယ်။ ငါလည်း အတန်းသွားရတော့မယ်။ မင်းတို့တွေပဲ ဆက်ပြော နေခဲ့ကြတော့"

မုရှောင်လန်က လင်းဟွမ်ကို ပြုံးပြပြီးနောက် နာရီကိုကြည့်ကာ ထွက်ခွာသွားသည်။

လင်းဟွမ်လည်း နာရီကြည့်လိုက်ရာ (၁) နာရီ (၅၅) မိနစ် ဖြစ်နေခဲ့ပြီ။

"စိတ်မပူနဲ့။ ဒါက သင်ကြားရုံလေးပဲ။ မွန်းစတားတွေကို သတ်ရတာထက် အများကြီး ပိုလွယ်ပါတယ်ကွာ"

ချင်းထိုက်ရှင်းက ရယ်မောပြီး ပြောလိုက်သည်။ ဒီရက်ပိုင်းအတွင်း၌ လင်းဟွမ်ကို လုမင်က သင်ကြားရန် ခန့်အပ်ထားခဲ့ခြင်း ဖြစ်ကြောင်း သိရှိခဲ့ရသည်။ အခြားဆရာများကို မေးမြန်းပြီးနောက်

လင်းဟွမ်က ခါးနယ်ပယ်တွင်လည်း ပါရမီရှင် တစ်ယောက် ဖြစ်ကြောင်း သိရှိခဲ့သည်။

ထို့ကြောင့် လင်းဟွမ် အကြောင်း ပိုသိချင်လာသည်။ သူသည် ကြက်သွေးရောင်မီးလျှံ အဆင့် (၂) ရောက်နေခဲ့သော်လည်း လုမင်က သူ့နေရာကို လင်းဟွမ်နှင့် အစားထိုးချင်နေသည်မှာ မည်သည့် အရည်အချင်းကြောင့်လဲ ဆိုသည်ကို သိချင်သောကြောင့်ပင်။

ချင်းထိုက်ရှင်းသည် ဒီနှစ်ရက်အတွင်း၌ ရွှေအဆင့်ခါးနှင့် ကြယ်တစ်ပွင့် ခါးခေတ်ကွြင်းကို

ချိုးဖျက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ဓါးတာအို နယ်ပယ်တွင် လင်းဟွမ်နှင့် အဆင့်တူ မဟုတ်ကြောင်း သဘောပေါက်လာသည်။

ပထမ အစပိုင်းတုန်းက လင်းဟွမ်သည် အင်အားကြီးမားသော နောက်ခံ အသိုင်းအဝိုင်းကြောင့်သာ ကျန်းရှိနှင့် အစားထိုးခဲ့ခြင်းဖြစ်နိုင်သည်ဟု ထင်နေခဲ့သည်။ ထို့ကြောင့် ရင်းနှီးမှုပြသည့်အနေဖြင့် လင်းဟွမ်၏ အတန်းထဲတွင် ထိုင်ပေးရန် သဘောတူခဲ့ခြင်းပင်။

သို့သော်လည်း ယခုအခါ၌ သူ့ရည်ရွယ်ချက်က ပြောင်းလဲသွားခဲ့ပြီ။ လင်းဟွမ်က မည်မျှ အစွမ်းထက်လဲဆိုသည်ကိုသာ ပို သိချင်လာခဲ့သည်။

"မွန်းစတားတွေကို သတ်ရတာက ပိုလွယ်မယ် ထင်တယ်"

လင်းဟွမ်က ရှက်ရွံ့စွာ ပြုံးလိုက်သဖြင့်

"အများကြီး မစဉ်းစားနဲ့။ မင်းပြင်ဆင်ထားတဲ့ အတိုင်းပဲလုပ်။ အမှားတစ်ခုခု လုပ်မိရင် ဒါမှမဟုတ် တစ်ခုခု ဖြစ်လာခဲ့ရင် ငါ ကူညီပေးမယ်။"

ချင်းထိုက်ရှင်းက လင်းဟွမ်ကို ပခုံးပုတ်ပြီး ပြောလိုက်၍

"ကျေးဇူးတင်ပါတယ် အစ်ကိုချင်း"

လင်းဟွမ်သည် ထိုစကားကို ကြားလိုက်လျှင် စိတ်အေးသွားသည်။

“ကဲ အချိန်နှီးနေပြီ၊ သွားကြစို့”

ချင်းထိုက်ရှင်းက ပြောလိုက်သည် ။

သိုင်းပညာ မုဆိုးကောလိပ်၏ သင်ကြားရေး အဆောင်နှင့် ရုံးခန်းအဆောင်သည် မီတာ (၃၀၀)

ပင် မဝေးချေ။ ပထမထပ်တွင် ပထမနှစ် ကျောင်းသားများ ဖြစ်သည်။

များမကြာမီ ချင်းထိုက်ရှင်းနှင့် လင်းဟွမ်တို့သည် ခါး၌ာန အတန်းခွဲ (၂) သို့ ရောက်လာကြသည်။ လူ(၁၀၀) ဆံ့သော စာသင်ခန်းထဲတွင် လူတစ်ဝက် ပြည့်နေသဖြင့် ကျောင်းသား၊ကျောင်းသူ အားလုံး တက်ရောက်ကြခြင်း ဖြစ်သည်။

သူတို့သည် ဝင်လာသော လူနှစ်ယောက်ကို တွေ့လိုက်လျှင် လင်းဟွမ်က နောက်ကျနေသော

ကျောင်းသားဖြစ်ပြီး ဆရာဖြစ်သူ ချင်းထိုက်ရှင်းနှင့်အတူ ဝင်လာသည်ဟု ထင်နေကြသည်။

သို့သော်လည်း ချင်းထိုက်ရှင်းက စာသင်ခန်း နောက်ဆုံးတန်းတွင် ဝင်ထိုင်လိုက်သည်ကို တွေ့သောအခါ ကျောင်းသားများ အံ့သြသွားကြသည်။ ထိုအချိန်၌ လင်းဟွမ်ကမူ စင်ပေါ်သို့ တက်လာသည်။

လင်းဟွမ် စင်ပေါ်သို့ ရောက်သည်နှင့်တပြိုင်နက် ခေါင်းလောင်းသံ မြည်လာသည်။

ကျောင်းသားများက လင်းဟွမ်ကို စိတ်ရှုပ်ထွေးစွာ လှမ်းကြည့်နေကြပြီး အများစုက နောက်ဆုံးတန်းတွင် ထိုင်နေသော ချင်းထိုက်ရှင်းကို သမင်လည်ပြန် လှည့်ကြည့်နေကြသည်။

ခေါင်းလောင်းသံ ဆုံးသွားသောအခါ လင်းဟွမ်က အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး ချောင်းတစ်ချက်ဟန့်ကာ လည်ချောင်း ရှင်း၍ စကားပြောရန် အစပြုလိုက်သည်။

"အားလုံးပဲ မင်္ဂလာပါ။ ငါ့နာမည်က လင်းဟွမ်၊ ဒီနေ့ကစပြီး မင်းတို့ကို ဓါးတာအို သင်ကြားပေးမယ့် ဆရာပါ"

## အခန်း(၄၅၄) - မျှော်လင့်ထားသည့် ကျောင်းသားများ၏ ရုတ်ရုတ်သဲသဲ မြင်ကွင်းတစ်ခု။

ပထမနှစ် တန်းခွဲ (၂) ထဲ၌.....

ကျောင်းသားများသည် အင်မတန် ငယ်ရွယ်သော ဆရာဖြစ်သူကို ကြည့်ပြီး စိတ်ရှုပ်ထွေးနေကြသည်။ သူ၏ ပုံသဏ္ဌာန်အရ အသက် (၁၆) နှစ် (၁၇) နှစ်ခန့်သာရှိနိုင်ပြီး အသက် (၁၈) နှစ်ထက် မပိုသည်မှာ သေချာသည်။ အချို့ကမူ တွေ့ဆုံပွဲထဲတွင် သတိထားမိခဲ့ပြီး လင်းဟွမ်ကို

ဆရာခွေမျိုးများထဲမှ တစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ထင်နေခဲ့ကြသေးသည်။ ယခုမူ ထိုကဲ့သို့မဟုတ်ဘဲ အတန်းထဲတွင် ပေါ်လာပြီး ဆရာတစ်ယောက် ဖြစ်နေခဲ့သည်။

လင်းဟွမ်က သူ့ကိုယ်သူ မိတ်ဆက်ပြီးသည့် အချိန်၌ အောက်တွင် ထိုင်နေကြသော ကျောင်းသားအုပ်ကြီးက လက်ခြောက် လိုက်ကြသည်။

"မေးစရာ ရှိလို့လား"

လင်းဟွမ်က သူတို့ကို ခေါင်းညိတ်ပြလိုက်သဖြင့်

"ဆရာ၊ စိတ်မရှိရင် မင်းအသက်ကို ပြောပြလို့ရမလား"

ထိုကောင်လေး၏ မေးခွန်းမှာ ကျောင်းသားအားလုံး မေးချင်နေသော မေးခွန်း ဖြစ်သည်။

"ဒီနှစ်မှ (၁၆) နှစ်။"

လင်းဟွမ်က အမှန်အတိုင်းပြောရန် ရွေးချယ်ခဲ့သည်။

ထိုအဖြေကို ကြားလိုက်လျှင် အတန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အတန်းထဲရှိ ကျောင်းသားအများစုမှာ (၁၅) နှစ်ဖြစ်ပြီး အချို့မှာ (၁၄) နှစ်ရှိကြ၍ သူတို့ထဲမှနှစ်ဦးသည် လင်းဟွမ်နှင့် အသက်တူနေသည်။

လူအများစုသည် အသက် (၁၆) နှစ်တွင် ဆရာဖြစ်ရမည့်အစား ကျောင်းသာ တက်နေသင့်သည်။ ကျောင်းသား အများစုသည် အင်မတန် ဉာဏ်ကောင်း ကြသောကြောင့် လင်းဟွမ်၏

အသက်အရွယ်အရ ကောလိပ် မတက်ဖူးကြောင်း ပြောနိုင်သည်။

"ဆရာ၊ ဘယ်ကောလိပ်မှာ ကျောင်းတက်ခဲ့လဲ ဆိုတာ သိလို့ရလား"

ရှေ့ဆုံးတန်းမှာ ထိုင်နေသော ခပ်ချောချော ကောင်လေးတစ်ယောက်က မေးလိုက်သည်။

"ငါ ကောလိပ် တစ်ခါမှ မတက်ခဲ့ဖူးဘူး"

လင်းဟွမ်၏ စကားက ဗုံးကျဲလိုက်သကဲ့သို့ ကျောင်းသား အယောက် (၅၀) လုံး ဒေါသ ပေါက်ကွဲသွားကြသည်။

"ဒါဆိုရင် မင်းက ငါတို့ကို သင်ကြားပေးဖို့ အရည်အချင်း ပြည့်မီတယ်လို့ ဘာကိုအားကိုးပြီး ထင်နေတာလဲ။"

မေးခွန်း မေးသော ကောင်လေးက မတ်တပ်ထရပ်ပြီး လင်းဟွမ်ကို စိုက်ကြည့်နေသည်။

"ဒီအတန်းမှာ ငါတို့ ကျောင်းသားတွေ အယောက် (၅၀) ရှိတယ်။ အဲ့ဒီအထဲက တစ်ဝက်ကျော်က

ဘီအဆင့် ဝပ်ကျင်းစခန်းတွေမှာ ထိပ်ဆုံး ကျောင်းသားတွေပဲ။ အဖွဲ့ခွဲ (၇) တစ်ခုလုံးမှာ ဘွဲ့ကြိုကျောင်းသား သန်းပေါင်းများစွာရှိတယ်။ အဲ့ဒီအထဲမှာ ငါတို့ဟာ ထိပ်ဆုံး သုံးထောင်ထဲ ပါတယ်။ ဒီလို အခြေအနေရှိတာတောင် ငါတို့ကို သင်ကြားပေးမယ့်လူက ကောလိပ်တက်ဖို့တောင် အရည်အချင်း မပြည့်မီတဲ့ လူတစ်ယောက်တဲ့ ကြားလို့ကောင်းရဲ့လား"

လင်းဟွမ်သည် ကူကယ်ရာမဲ့ သွားသည်။ အမှန်တရားက ကျောင်းသားများကို

ဤကဲ့သို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားအောင် လုပ်လိမ့်မယ်ဆိုသည်ကို သူလည်း သိနေသည်။ မည်သို့ပင် ဆိုစေကာမူ သူတို့သည် အဖွဲ့ခွဲ (၇) မှ ရွေးချယ်ခံ ထိပ်ဆုံးကျောင်းသားများ ဖြစ်သောကြောင့် ဂုဏ်ယူကြသည်မှာ သဘာဝပင်။

လင်းဟွမ်က ရှင်းပြရန် လုပ်လိုက်စဉ် အနောက်အတန်းတွင် ထိုင်နေသော ချင်းထိုက်ရှင်းက ထရပ်လိုက်ပြီး....

"တိတ်စမ်း"

စာသင်ခန်းတစ်ခုလုံး လုံးဝ တိတ်ဆိတ်သွားသည်။ ကျောင်းသား အများစုသည် လှည့်ကြည့်လိုက်ရာ ခြိမ်းခြောက်လွန်းသော အော်ရာကြောင့် တိတ်ဆိတ်သွားခြင်းသာ...

ချင်းထိုက်ရှင်းသည် စင်ပေါ်သို့ လျှောက်သွားပြီးနောက် လင်းဟွမ်ကို မေးခွန်းထုတ်ခဲ့သော ကောင်လေးကို ဒေါသတကြီး စိုက်ကြည့်ရင်း လင်းဟွမ်ဘေးတွင် ရပ်လိုက်ပြီး

"ထိုင်စမ်း"

ကောင်လေးသည် စကား ပြန်ပြောချင်သော်လည်း ချင်းထိုက်ရှင်း၏ အကြည့်များကြောင့် နာခံစွာ ထိုင်ချလိုက်သည်။

ထိုကောင်လေး ထိုင်ချပြီးနောက် ချင်းထိုက်ရှင်းက စာသင်ခန်းထဲကို တစ်ချက် ဝေ့ကြည့်ပြီး စကား စပြောလိုက်သည်။

"ငါ့နာမည်က ချင်းထိုက်ရှင်း။ ကောလိပ်ရဲ့ အခြေခံ အချက်အလက်ကို ဖတ်ဖူးတဲ့လူတိုင်း ကြားဖူးလိမ့်မယ်လို့ ယုံကြည်တယ်။ အေး မင်းတို့ မကြားဖူးသေးရင်လည်း ငါက သိုင်းပညာ

မုဆိုးကောလိပ် ပထမနှစ် တန်းခွဲ (၁) မှာ ခါးတာအို သင်ကြားပေးနေတဲ့ ဆရာပဲ။ ခါးဌာနရဲ့ ညွှန်ကြားရေးမှူးဆိုလည်း ဟုတ်တယ်၊ ဒီမှာ စာသင်နေတာ ငါးနှစ်ရှိပြီ။ ဒါကြောင့် ငါမှာ ပြောပိုင်ခွင့်ရှိတယ်လို့ ငါ ယုံကြည်တယ်။"

ချင်းထိုက်ရှင်းက မည်သူမည်ဝါ ဖြစ်ကြောင်း သိပြီးနောက် ကျောင်းသားများသည် ဘာမှ မပြောဝံ့ကြတော့ပေ။

"ဆရာလင်းက စာသင်ဖို့အတွက် အရည်အချင်း ပြည့်မီလားလို့ မင်းတို့ မေးတဲ့မေးခွန်းကို ငါ ဖြေပေးမယ်။"

“ပထမတစ်ချက် အဖွဲ့ခွဲ (၇) မှာရှိတဲ့ ကောလိပ်အားလုံးက ဆရာတစ်ယောက်ရဲ့ ပညာရေး အတွေ့အကြုံအပေါ် အခြေ မခံဘူး။ တကယ်တော့ အဖွဲ့ခွဲ (၇) တစ်ခုလုံးမှာ ရှိတဲ့ ကောလိပ်တွေရဲ့ ဆရာ(၃၀) ရာခိုင်နှုန်းကျော်က ကောလိပ်ကို တစ်ခါမှ မတက်ခဲ့ဖူးဘူး။ စွန့်စားသူတို့ရဲ့ သုခဘုံတို့ အချို့ဆိုရင် ပြည်ထောင်စုအစိုးရ စစ်တပ်ကတောင်

ရွေးချယ်မှု ခံခဲ့ရတယ်။ အများစုက ကောလိပ် မတက်ဘဲ အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး တဖြည်းဖြည်း ကြီးထွားလာကြတယ်။"

"မင်းတို့ အားလုံးက ထိပ်ဆုံးကျောင်းသားတွေ ဖြစ်ပေမဲ့ အခုချိန်မှာ တန်ပြန်မှုဆိုး အကဲဖြတ်မှုထဲကို ဝင်ဖြေခိုင်းရင် မင်းတို့ အယောက်ငါးဆယ်ထဲမှာ တစ်ယောက်မှ မအောင်ဘူးလို့ ငါ ပြောရဲတယ်။ မင်းတို့အကြောင်း မပြောနဲ့အုံး တန်းခွဲ (၁) က ကျောင်းသား အယောက်တစ်ရာ ဝင်ဖြေရင်တောင် လူငါးဆယ်ထက် နည်းတဲ့လူတွေပဲ အကဲဖြတ်မှု

အောင်မြင်လိမ့်မယ်။ ငါထင်တာ မမှားရင် ငါ့ဘေးနားက ဆရာလင်းက မင်းတို့ အသက်အရွယ်မှာ အကဲဖြတ်မှု အောင်မြင်သွားပြီ"

ချင်းထိုက်ရှင်းက လင်းဟွမ်ကို ကြည့်ပြီး ပြောလိုက်သည်။

"ပြီးခဲ့တဲ့နှစ် ဇွန်လမှ တန်ပြန်မုဆိုး အကဲဖြတ်မှု အောင်မြင်ပြီး ဒီဇင်ဘာလမှာ မုဆိုးလိုင်စင် ရခဲ့တယ်"

လင်းဟွမ်က ခေါင်းညိတ်ပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

"ကြားလား။ ဆရာလင်းက အသက် (၁၅) နှစ်မှာ မုဆိုးလိုင်စင် ရထားတယ်။ မင်းတို့ကောင်တွေထဲမှာ ဘယ်သူက ဒီဇင်ဘာလမှာ မုဆိုးလိုင်စင် ရနိုင်မလဲဆိုတာ ငါသိချင်တယ်"

ချင်းထိုက်ရှင်းက မေးလိုက်လျှင် မည်သူမှ ပြန်မပြောကြပေ။ သူတို့တွင် လေ့လာရန်နှင့် ပြင်ဆင်ရန်အတွက် အချိန် သုံးလ ရှိသော်လည်း မုဆိုးလိုင်စင်ရရှိရန် မဆိုထားနှင့် တန်ပြန်မုဆိုး အကဲဖြတ်မှုအတွက်ပင် ကျောင်းသားတစ်ယောက်မှ ယုံကြည်ချက် မရှိကြချေ။

"ဆရာလင်း ကောလိပ်ကနေ ဘွဲ့ရတာပဲဖြစ်ဖြစ် မရတာပဲဖြစ်ဖြစ် အနည်းဆုံးတော့ သူ့အရည်အချင်းက မင်းတို့ အသက်အရွယ်နဲ့ အလှမ်းကွာနေပြီ။ အဲဒါကြောင့် သူ့က သင်ကြားပေးဖို့ ထိုက်တန်တယ်"

ချင်းထိုက်ရှင်းက ဤကဲ့သို့ ပြောလိုက်လျှင် ကျောင်းသား တော်တော်များများက လေးလေးနက်နက် တွေးမိသွားကြသည်။

"ငါတို့ကောလိပ်မှာ ဘွဲ့မရတဲ့ ဆရာတွေ အများကြီး မရှိဘူး။ ဒါပေမယ့် ဒီနှစ်မှာ (၁၇)

ရာခိုင်နှုန်း ရှိတယ်။ အဲ့ဒီ (၁၇) ရာခိုင်နှုန်းကိုလည်း ဒုဌာနမှူးနဲ့ ဌာနမှူးတွေက ခန့်အပ်တာပဲ။ တင်းကျပ်တဲ့ စည်းမျဉ်းတွေနဲ့ အကဲဖြတ်တယ်၊ ဌာနမှူးရဲ့ အကဲဖြတ်မှု အောင်မြင်ပြီ ဆိုကတည်းက သင်ကြားဖို့ အရည်အချင်း ပြည့်မီတယ်လို့ ပြောတာပဲ"

"စာအုပ် တစ်အုပ်ကို မျက်နှာဖုံး ကြည့်ပြီး အကဲဖြတ်တယ်ဆိုကတည်းက မှားနေပြီ။ နောက်ပြီးတော့ ငါတို့ကျောင်းရဲ့ အသန်မာဆုံး ဌာနတွေက ဆေဘာတာအိုနဲ့ ခါးတာအို ဌာနတွေပဲ

ဆိုတာ လူတိုင်းသိတယ်။ ဆေဘာ တာအိုဌာနက ကျောင်းသားတွေတောင် ကောလိပ် မပြီးသေးတဲ့ ဆရာတွေကို ခွဲခြားဆက်ဆံမှု မလုပ်ဘူး။ ငါတို့ ဓါးတာအို အတန်းကလည်း ဒီလိုလုပ်လို့ မရနိုင်ဘူးလား"

ချင်းထိုက်ရှင်းသည် စကား ပြောပြီးနောက် ကျောင်းသားများကို လှည့်ကြည့် လိုက်ရာ ကျောင်းသား တော်တော်များများက လက်ပြန် ချသွားသည်။

"ဘာပဲဖြစ်ဖြစ် ဆရာလင်း သင်တဲ့အတန်းကို ပြီးအောင်တက်ပြီး သူက သင်ကြားဖို့ အရည်အချင်း ပြည့်မီလား မပြည့်မီဘူးလားဆိုတာ အဆုံးအဖြတ် ပေးလို့ရတယ်။ သူ ဘာပြောမလဲ ဆိုတာတောင် မင်းတို့က မသိသေးဘူး။ သူ့ရဲ့ မိတ်ဆက် စကားကြားရုံနဲ့ အပြစ်တင် ဝေဖန်နေတာက မလေးမစား လုပ်တာပဲ။ အထူးသဖြင့် မင်းတို့လို ပြဿနာရှာတဲ့ ကောင်တွေက သိုင်းပညာ မုဆိုးကောလိပ်ကို မလေးမစား လုပ်နေတာပဲ။"

ချင်းထိုက်ရှင်းက လင်းဟွမ်ကို သင်ကြားရန် အရည်အချင်း မရှိဘူးဟု ပြောခဲ့သည့် ရှေ့ဆုံးတန်းတွင် ထိုင်နေသော ကောင်လေးကို ကြည့်ပြီး

" ဆရာလင်းကို တောင်းပန်ပါ"

ထိုကောင်လေးသည် တွန့်ဆုတ်နေသော်လည်း ချင်းထိုက်ရှင်းကို စကားပြန် မပြောရဲပေ။ ခါးတာအို ကျောင်းသား တစ်ယောက်အနေနှင့် သူက ဆေဘာတာအို ကျောင်းသားများထက် ပိုညံ့ကြောင်း

ဝန်ခံရမည်။ စိတ်ထဲတွင် ဒွိဟ ဖြစ်နေပြီးနောက် မတ်တပ်ထရပ်ပြီး လင်းဟွမ်ကို ဦးညွတ်လိုက်သည်။

"ဆရာလင်း၊ ကျွန်တော့်ရဲ့ မဆင်မခြင် ပေးခဲ့တဲ့ မှတ်ချက်အတွက် တောင်းပန်ပါတယ်။ ကောလိပ်မပြီးတဲ့ ဆရာ၊ ဆရာမတွေကို ခွဲခြားဆက်ဆံတာမျိုး မဖြစ်သင့်ပါဘူး။ ဒါပေမယ့် မင်းရဲ့ ကျွမ်းကျင်မှုက ငါ့ရဲ့မျှော်လင့်ချက်ကို မပြည့်မီရင် အတန်းပြောင်း လျှောက်မယ်"

ထိုကောင်လေးက ခေါင်းမာလှ၏။ တောင်းပန်သည် ဆိုသော်လည်း လင်းဟွမ်၏ သင်ကြားရေး စွမ်းရည်ကို သံသယဖြစ်နေဆဲပင်။

"မင်းရဲ့တောင်းပန်မှုကို ငါ လက်ခံတယ်၊ မင်းရဲ့အမြင်ကိုလည်း ငါ နားလည်တယ်။ အတန်းပြီးလို့မှ မင်းတို့က ငါ့ကို မကြိုက်ရင် အတန်းပြောင်းလည်း ငါမတားဘူး"

"ကောင်းပြီ။ ဆရာလင်း မိန့်ခွန်း ဆက်ပြောလိမ့်မယ်။ မင်းတို့ အားလုံးက အာရုံစိုက်ကြမယ်လို့ မျှော်လင့်တယ်။"

ချင်းထိုက်ရှင်းသည် ပြဿနာ ပြေလည်သွားသည်ကို မြင်လိုက်လျှင် လင်းဟွမ်ကို ခေါင်းညိတ်ပြပြီး စာသင်ခန်း အနောက်ဘက်သို့ ပြန်လျှောက်သွားသည်။

## အခန်း(၄၅၅) - လင်းဟွမ်၏ ပထမဆုံးအတန်း။

လင်းဟွမ်သည် ကျောင်းသားများ၏ နေရာမှ ကိုယ်ချင်းစာ ပေးနိုင်သောကြောင့် သူ၏ သင်ကြားမှုစွမ်းရည်ကို သံသယရှိနေကြသော ကျောင်းသားများကို စိတ်မဆိုးမိပေ။ သူဆိုလျှင်လည်း သူ့ထက် တစ်နှစ်သာကြီးသော ဆရာကို သံသယ ဖြစ်မိလိမ့်မည်။ သူသည် ပညာမတတ်၊ ဘွဲ့မရသောကြောင့် ကျောင်းသားများက သူ့ကို မယုံကြည်ကြခြင်းမှာ အပြစ် မဆိုသာ။

သို့သော်လည်း အတန်းထဲတွင် အကောင်းဆုံး သင်ကြား ပေးနိုင်ပါက ကျောင်းသားများ၏ ယုံကြည်မှုကို ရရှိလိမ့်မည်ဟု သူယုံကြည်သည်။

"ဒါက ငါ့ရဲ့ ပထမဦးဆုံး သင်ကြားမှုပါ။ ရိုးရိုးသားသားပြောရရင် ငါလည်း စိုးရိမ်နေတယ်။ ဒီကိုမလာခင် ငါ့ဆရာက မှားတာ မသင်ပေးသရွေ့ တတ်သလောက်၊ မှတ်သလောက် သင်ပေးလို့ ရတယ်လို့ ပြောခဲ့တယ်။ ငါကလည်း ငါ ဘယ်လောက်တတ်လဲ ဆိုတာ သိချင်တယ်.။ အဲ့ဒါကြောင့် သိုင်းပညာ မုဆိုးကောလိပ်မှာ

သင်ကြားပေးတာက တစ်ခုတည်းသော အခွင့်အရေးလို့ သတ်မှတ်ပြီး ဒီတာဝန်ကို လက်ခံခဲ့တာပဲ..”

လင်းဟွမ်သည် စိတ်ရှုပ်ထွေးနေသော ကျောင်းသားများကို မြင်လိုက်လျှင် ပြုံးပြီး ရှင်းပြလိုက်သည်။

“ဟုတ်တယ်.. ငါ့ရည်ရွယ်ချက်က မင်းတို့ အားလုံးနဲ့ အတူတူပဲ။ ငါလည်း ဒီနေရာကို လေ့လာဖို့ ရောက်လာတာ။ သင်ကြားမှုဆိုတာလည်း

သင်ယူမှု တစ်မျိုးပဲ။ အားလုံး အတူတူသင်ပြီး တိုးတက်နိုင်ဖို့ မျှော်လင့်ပါတယ်”

“ကဲ ကဲ အတန်းနဲ့ မဆိုင်တဲ့ အကြောင်းအရာတွေဆီ ရောက်သွားပြီ။ အတန်းကို တရားဝင် စလိုက်ရအောင်”

လင်းဟွမ်သည် စိတ်ထဲ ရှိသည့်အတိုင်း ပြောပြီးနောက် တရားဝင် သင်ကြားမှုကို စတင်လိုက်သည်။

“ခါးတာအိုဆိုတာက လူသားသမိုင်းမှာ အစောဆုံးရှိခဲ့တဲ့ တိုက်ခိုက်ရေး နည်းစနစ်တွေထဲက

တစ်ခုပဲ။ ဒါက အမြဲတမ်း အသုံးပြုနေတဲ့ တိုက်ပွဲနည်းစနစ် တစ်ခု၊ ကံကြမ္မာစက်ဝိုင်းရဲ့ ကံကြမ္မာစွမ်းအား သမိုင်းက လွှန်ခဲ့တဲ့ နှစ်ပေါင်း (၈၀၀) ကျော်ကမှ တည်ရှိလာခဲ့တယ်။ ဒါပေမယ့် ဓါးတာအိုကတော့ အဲ့ဒီထက် စောတယ်။ "

"ခေတ်ဟောင်း ကာလ သာမက ရှေးခေတ် ကာလတွေမှာလည်း ရှိခဲ့တဲ့အတွက် ကျင့်ကြံရေး နည်းစနစ်တွေ ဘယ်လိုပဲပြောင်းပြောင်း ဓါးကတော့ အမြဲတမ်း ရေပန်းအစားဆုံး တိုက်ခိုက်ရေး နည်းတစ်ခု ဖြစ်နေသေးတယ်။ ဓါးစွမ်းရည်ကို

အခြေခံအားဖြင့် ထိုးမယ်၊ ခုတ်မယ်၊ ပင့်မယ်၊ ခုခံမယ်၊ ကာကွယ်မယ်။ အဲ့ဒီ စွမ်းရည်တွေနဲ့ ပေါင်းစပ်ထားတယ်။ အဓိက (၃) မျိုး ခွဲခြားနိုင်တယ်၊ တိုက်ခိုက်မယ်၊ တားဆီးမယ်၊ တန်ပြန်တိုက်ခိုက်မယ်၊ အဲ့ဒီတာပေါင်းစပ်ပြီး မတူညီတဲ့ ခွန်အား၊ အရှိန်၊ လုပ်ကြံသတ်ဖြတ်မှုစတဲ့ ပုံစံအမျိုးမျိုး ကွဲလာတယ်။ တစ်ဖက်လူရဲ့ ခံစစ်ကို ဖြိုခွဲတဲ့အချိန်ကျရင် အဲ့ဒီနည်းစနစ် အားလုံးကို ရောပြီးအသုံးပြုတယ်”

“အမျိုးအစား (၃) ခု ရှိတယ် ဆိုပေမယ့် ဓါးစွမ်းရည်က သတ်ဖြတ်တဲ့ ရည်ရွယ်ချက်ရှိနေလို့

အများစုက တိုက်ခိုက်တဲ့ဘက်ကို ဇောင်းပေးပေမယ့် ငါ ပြောချင်တာက ဓါးလေ့ကျင့်တယ် ဆိုတာ သတ်ဖြတ်ရုံ သက်သက်ပဲ လေ့လာရတာ မဟုတ်ဘူး”

လင်းဟွမ်က ထိုစကားကို ပြောနေစဉ် အရပ်ရှည်ပြီး သန်မာသော ကျောင်းသားတစ်ယောက်က လက်မြှောက် လိုက်သည်။

“မေးစရာ ရှိလို့လား”

“ဆရာလင်း။ မင်းက ဓါးပညာကို သတ်ဖြတ်ဖို့အတွက် ဖန်တီးထား တယ်လို့

ပြောခဲ့တယ်။ ဘာဖြစ်လို့ သတ်ဖို့ မဟုတ် ရပြန်တာလဲ။ ဓါးစွမ်းရည်ရဲ့ ရည်ရွယ်ချက်က သတ်ဖို့လား။ မသတ်နိုင်တဲ့ စွမ်းရည်ကို သင်ယူရတဲ့ ရည်ရွယ်ချက်ကရော ဘာလဲ”

“မေးခွန်းကောင်းပဲ..”

လင်းဟွမ်က ခေါင်းညိတ်ပြီး အတန်းကို ဆက်လက် သင်ကြားလိုက်သည်။

“တကယ်ဆို ဘယ်လို လက်နက်ပဲဖြစ်ဖြစ် ဓါးဖြစ်စေ၊ လှံဖြစ်စေ၊ ဆေဘာဖြစ်စေ၊ လက်သီး ဖြစ်စေ လူတိုင်းက စွမ်းရည် မြှင့်တင်နိုင်ဖို့

အလျင်မြန်ဆုံး နည်းလမ်း တစ်ခုအနေနဲ့ သတ်ဖြတ်တတ်အောင် လေ့လာ သင်ယူကြတယ်။ ဒါပေမယ့် ငါ့ရဲ့ ပထမဆုံးအတန်းမှာပဲ အားလုံးကို သတိပေးလိုက်မယ်။ လူသတ်တဲ့ စွမ်းရည်က သတ်ဖြတ်မှု များလေလေ၊ ရက်စက်ကြမ်းကြုတ်တဲ့ အော်ရာ အားကောင်းလေလေ ဖြစ်လာတတ်တယ်။"

" တစ်ချိန်တည်းမှာ ရက်စက် ကြမ်းကြုတ်တဲ့ အော်ရာက စုစည်းလာမယ် ဦးနှောက်ထဲဝင်သွားပြီး ဝိညာဉ်အထဲထိ စိမ့်ဝင် သွားလိမ့်မယ်။ လူတစ်ယောက်ရဲ့ ဝိညာဉ်ထဲအထိ အော်ရာက

စိမ့်ဝင်သွားရင် ရှူးသွပ် သွားနိုင်သလို၊ လူတစ်ယောက်ရဲ့ ဘဝ နေထိုင်မှုပုံစံကလည်း ပျက်ယွင်းသွားလိမ့်မယ်။ နောက်ဆုံးမှာ ခါး ဒါမှမဟုတ် ဆေဘာရဲ့ ကျေးကျွန်လိုမျိုး မွန်းစတားတစ်ကောင် အနေနဲ့ ပြောင်းလဲ သွားလိမ့်မယ်”

လင်းဟွမ်၏ စကားကြောင့် အတန်းထဲရှိလူတိုင်း တုန်လှုပ်သွားကြသည်။ ချင်းထိုက်ရှင်းပင် ထိုကဲ့သို့ အယူအဆကို ပထမဦးဆုံးအကြိမ် ကြားဖူးသည့်အတွက် အံ့အားသင့်နေသည်။

လင်းဟွမ် ပြောခဲ့သည့်အတိုင်း ရှုးသွပ်သည်အထိ လေ့ကျင့်သူကို မြင်ခဲ့ဖူးသော်လည်း ဓါး သို့မဟုတ် ဆေဘာ၏ ကျေးကျွန် ဖြစ်သွားသည့် လူအကြောင်းကို တစ်ခါမျှ မကြားဖူးပေ။

လင်းဟွမ်၏ အယူအဆကို ကြားပြီးနောက် ကျောင်းသားအချို့က လက်ထောင်ကြသည်။

"ကျေးဇူးပြုပြီး ပြောပါ"

လင်းဟွမ်က မိန်းကလေး တစ်ယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်သဖြင့်

"ဆရာလင်း၊ လေ့ကျင့်ရင်း ရူးသွားတဲ့ လူတွေအကြောင်း ငါ ကြားဖူးပါတယ်။ ဒါပေမယ့် ဆရာက လူတစ်ယောက်ရဲ့ ဘဝ နေထိုင်မှုပုံစံ ပြောင်းလဲလာတဲ့အထိ အော်ရာတွေက ဝိညာဉ်ထဲ စိမ့်ဝင်သွားတာနဲ့ ရက်စက်ကြမ်းကြုတ် လာတယ်လို့ ပြောခဲ့တယ်နော်၊ သက်သေ အထောက်အထား ရှိလား"

လက်ထောင်ပြသော ကျောင်းသား အားလုံးလည်း ထိုကောင်မလေး မေးခဲ့သောမေးခွန်းကို မေးချင် နေကြခြင်းပင်။

"ဒါက ပြင်းထန်တဲ့ လှုံ့ဆော်မှု အောက်မှာ လူတိုင်းဖြစ်ပျက်နိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတစ်ခုပဲ။ အတွင်း စိတ်နတ်ဆိုး ပြုစားတယ် ဆိုတာမျိုးပေါ့။ လူတွေမှာ ဗိုင်းရပ်စ်ကူးစက်သလိုမျိုး ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲနိုင်တဲ့ အထူးကိစ္စတွေ ရှိတယ်။ ဒီအကြောင်းအရာတွေကို စိတ်ဝင်စားတယ်ဆိုရင် စာအုပ်နှစ်အုပ်ကို စာကြည့်တိုက်ထဲမှာ သွားဖတ်လို့ရတယ်။"

"တစ်ခုက ဘဝဆင့်ကဲ ပြောင်းလဲမှု ပုံစံနဲ့ ရင့်ကျက်ခြင်း၊ နောက်တစ်ခုက ဝိညာဉ် အခြေခံအုတ်မြစ်လို့ ပြောထားတဲ့ စာအုပ်ထဲမှာ တွေ့နိုင်တယ်။ အဲ့ဒီစာအုပ်နှစ်အုပ်က ပိုတောင် ထောက်ပံ့ပေးနိုင်တယ်။ ဒါကြောင့် ဒီအကြောင်းအရာကို ငါ ဆက်မပြောတော့ဘူး"

လင်းဟွမ်က ပြောလိုက်သည်။

"ကဲ.. ဓါးတာအို အကြောင်း ပြန်သွားကြမယ်"

လင်းဟွမ်သည် ကျောင်းသားများကို ကြည့်လိုက်သည်။ ဤကဲ့သို့ စိတ်ဝင်စားစရာ

ကောင်းသော အကြောင်းအရာ အပိုင်းအစက သိချင်စိတ်ကို နှိုးဆွပေးနိုင်ကြောင်း သူသိနေသည်။

“သတ်ဖြတ်ခြင်း အတတ်ပညာက ရက်စက်ကြမ်းကြုတ်တဲ့ အောင်ရာ ကြီးထွားလာတာနဲ့အမျှ စိတ်ဝိညာဉ်ကိုလည်း ကျင့်ကြံပေးရတယ်။ တချို့ ကျင့်စဉ်တွေက သတ်ဖြတ်တဲ့ပုံစံ ပေါက်ပေမယ့် စိတ်ဝိညာဉ် တည်ငြိမ်စေဖို့အတွက် သင့်လျော်တယ်။ ဓါးရုပ်သိမ်းခြင်း ကတော့ ရေပန်းအစားဆုံးပေါ့။ ဒီကျင့်စဉ်အတွက် စကားလုံး ဖလုံးသာ ရှိပေမယ့်

အလွန် ထိရောက်တယ်။ ဒါက အုပ်ချုပ်သူကနေ ဆင့်ကဲ ပြောင်းလဲလာတာပဲ”

လင်းဟွမ်၏ စကားကြောင့် ချင်းထိုက်ရှင်း အပါအဝင် အခန်းထဲရှိလူတိုင်း အူကြောင်ကြောင် ဖြစ်သွားကြသည်။

“အစတုန်းကတော့ ငါ့အတွေးထဲမှာ ငါ့ရဲ့ ပထမဦးဆုံးအတန်းကို ဝိညာဉ်ကျင့်ကြံမှု အကြောင်း ပြောမလို့ပဲ။ ဒါပေမယ့် အကျိုးသက်ရောက်မှုကို မြင်ရဖို့ အချိန်ယူရတယ်။ သတ်ဖြတ်မှုနဲ့ လက်တွေ့တိုက်ပွဲတွေလောက် တိတိကျကျ

အထောက်အကူ မဖြစ်နိုင်ဘူး။ အဲ့ဒါကြောင့် အဲ့ဒီအကြံကို စွန့်လွှတ်လိုက်တယ်။ သတ်ဖြတ်ခြင်းက ပိုကောင်းတယ်။ ဒီနေ့ မင်းတို့ကို သတ်ဖြတ်ခြင်း အတတ်ပညာ တစ်ခု ငါသင်ပေးမယ်”

ကျောင်းသား တော်တော်များများ စိတ်လှုပ်ရှားသွားကြသည်။

“ငါနဲ့အတူ လေ့ကျင့်ရေး အခန်းထဲ လိုက်ခဲ့ကြ”

လင်းဟွမ်သည် ထိုသို့ပြောပြီးနောက် ကျောင်းသားအုပ်စုကြီးကို လေ့ကျင့်အခန်း အမှတ် (၁၀၁) သို့ ဦးဆောင် ခေါ်ဆောင်သွားသည်။

အပြင်ဘက်တွင် အခြားလေ့ကျင့်ရေး အခန်းများ ရှိသော်လည်း လင်းဟွမ်က အခြားနေရာ တစ်ခုကို ဦးဆောင် နေသဖြင့် ချင်းထိုက်ရှင်းက ရယ်စရာကောင်းသည်ဟု ထင်နေခဲ့သည်။

လေ့ကျင့်ရေးအခန်း အမှတ် (၁၀၁) ကို ရောက်လာသည့် အချိန်ကျမှ ချင်းထိုက်ရှင်းသည် လင်းဟွမ် လုပ်ဆောင်နေသည့် အရာကို နောက်ဆုံး၌ နားလည် သဘောပေါက်သွား၍ ခပ်မြန်မြန်လျှောက်ပြီး လင်းဟွမ်ကို မီအောင် လိုက်သွားသည်။

"ဒီလေ့ကျင့်ရေး အခန်းက အများအတွက် မဖွင့်ပေးဘူး။ သော့ကလည်း ဌာနမှူး ဆီမှာပဲ ရှိတာ"

"ငါ့မှာလည်း ရှိပါတယ်"

လင်းဟွမ်က ချင်းထိုက်ရှင်းအရှေ့တွင် သော့ကို ထုတ်ပြီး လှုပ်ပြလိုက်သည်။ ထို့နောက် လေ့ကျင့်ရေး အခန်းတံခါးကို ဖွင့်လိုက်သည်။ အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကျောင်းသားများသည် လေ့ကျင့်ရေး အခန်းထဲသို့ ချက်ချင်း ပြေးဝင်သွားကြသည်။

"သော့ကို ဘယ်နေရာက ရခဲ့တာလဲ"

ချင်းထိုက်ရှင်းက လင်းဟွမ်ကို ဘေးသို့ဆွဲပြီး မေးလိုက်သဖြင့်

"ဌာနမှူးလုက ငါ့ကိုပေးခဲ့တာ။ ဘာဖြစ်လို့လဲ"

လင်းဟွမ်သည် ဤမေးခွန်းက ထူးဆန်းသည်ဟု ထင်နေသည်။

"ဒါက သာလွန်အဆင့်တွေအတွက် တိုက်ပွဲလေ့ကျင့်ရေး အခန်းပဲ။ ကောလိပ်က ဆရာတွေနဲ့ တခြားကျောင်းက ဆရာတွေကိုတောင် လေ့ကျင့်ဖို့အတွက် တစ်နှစ်မှာ တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲ ဖွင့်ပေးတာ.."

ချင်းထိုက်ရှင်းက ရှင်းပြလိုက်သည်။

“ဒါဆို ဒီနေရာက ဘယ်သူမှ မသုံးဘူးပေါ့။ ပိုတောင် အဆင်ပြေသေးတယ်။ ဌာနမှူးက ဒါကို တားမြစ်တယ်ဆိုရင် သူ ပြန်လာတဲ့အခါ သော့ ပြန်သိမ်းသွားလိမ့်မယ်”

လင်းဟွမ်သည် လုမင်က ဒါကို စိတ်ထဲမထားကြောင်း သိနေပြီး ကျောင်းသားများဘက်ကို လှည့်ကြည့်လိုက်သည်။

ကျောင်းသား အားလုံးက လှည့်ပတ်ကြည့် နေကြသည်။ ဤမျှ ကြီးမားသော တိုက်ခိုက်ရေး အခန်းကို ပထမဦးဆုံးအကြိမ် မြင်ဖူးကြခြင်းပင်။

"ဘယ်လောက်တောင် ပျော်နေကြလဲ ကြည့်ကြစမ်းပါအုံး။ အတန်း ထက်စာရင် ဒီပတ်ဝန်းကျင်က ပိုပြီး အာရုံစိုက်လို့ ကောင်းတယ် မဟုတ်လား"

လင်းဟွမ်၏ စကားကြောင့် ချင်းထိုက်ရှင်း ဆွံ့အသွားသည်။ ဌာနမှူးလုက လင်းဟွမ်ကို ယုံကြည်ပြီး သော့ပေးထားသည့်အတွက် သူ့မှာ

တားစရာ အကြောင်းမရှိပေ။ သို့သော်လည်း လင်းပွှမ်နှင့် ဌာနမှူးလုက မည်ကဲ့သို့ ဆက်ဆံရေးရှိနေလဲဆိုသည်ကို စတင် စဉ်းစားလာခဲ့သည်။

## အခန်း(၄၅၆) - နောက်တစ်ကြိမ် ပဋိပက္ခဖြစ်ခြင်း။

လင်းဟွမ်က အခန်းအလယ်တွင် ရပ်နေပြီး ကျောင်းသားများကို စက်ဝိုင်းပုံစံ ရပ်ခိုင်းလိုက်သည်။

“ဒီနေ့ သင်ပေးမယ့် ပထမဦးဆုံး ခါးကျင့်စဉ်က အဆက်မပျက် သတ်ဖြတ်ခြင်း ပုံစံလို့ခေါ်တဲ့ တိုက်ခိုက်ရေး ခါးကျင့်စဉ်တစ်ခုပဲ။ ဒီခါးကျင့်စဉ်ရဲ့ မူလဇစ်မြစ်က ပြည်ထောင်စုအစိုးရ စစ်တပ်ရဲ့ တိုက်ခိုက်ရေး ခါးကျင့်စဉ်ဖြစ်တဲ့ အဆက်မပျက် စစ်ပွဲတိုက်ခိုက်ခြင်းလို့ ခေါ်တယ်။”

“ မူလကတော့ အဆက်မပျက် စစ်ပွဲ တိုက်ခိုက်ခြင်းက စစ်မြေပြင်မှာရှိတဲ့ ရန်သူတွေကို သတ်ဖြတ်ဖို့ သင့်တော်တဲ့ ပုံစံနှစ်မျိုးရှိတဲ့ ခါးကျင့်စဉ်တစ်ခုပဲ။ ပိုအားကောင်းလာတဲ့ နည်းပညာတွေနဲ့ ပြုပြင် ပြောင်းလဲလိုက်တော့ ပုံစံရှစ်မျိုး ပြောင်းလဲသွားတယ်။ အရေအတွက် နည်းတဲ့ အရာတွေကို သတ်ဖြတ်ဖို့အတွက် ပိုသင့်တော်လာတယ်”

“မူရင်း အဆက်မပျက် စစ်ပွဲတိုက်ခိုက်ခြင်း ကျင့်စဉ်က အသုံးချတဲ့လူတွေမှာ တိကျတဲ့

ခွန်အားနဲ့ကံကြမ္မာစွမ်းအား ရှိနေဖို့ လိုအပ်တယ်။ လူတစ်ယောက်ရဲ့ ခွန်အားက အဆင့်မမီရင် သူ့ကိုယ်သူ ဒဏ်ပြန်ပြီး နာကျင်မှု ခံစားရလိမ့်မယ်”

“လေ့ကျင့်တဲ့ အချိန် ကြာလာတာနဲ့အမျှ အတွင်းဒဏ်ရာ ပိုများလာလိမ့်မယ်။ ကံကြမ္မာ စွမ်းအား မရှိရင် အကျိုးသက်ရောက်မှုကလည်း အားကောင်းမှာ မဟုတ်ဘူး”

“ပြင်ဆင်ထားတဲ့ အဆက်မပြတ် သတ်ဖြတ်ခြင်း ပုံစံက ခွန်းအားနဲ့ ကံကြမ္မာစွမ်းအား မလိုတဲ့ ကျင့်စဉ်တစ်ခုပဲ။ ဒါကို လေ့ကျင့်ရင်

ဘေးထွက်ဆိုးကျိုး မရှိဘူး။ အချိန်တစ်ခုကြာအောင် လေ့ကျင့်ပြီး ကျွမ်းကျင်လာရင် ကံကြမ္မာစွမ်းအား အသုံးမပြုဘဲနဲ့ မွန်းစတားတွေကို လုံလုံ လောက်လောက် အန္တရာယ် ပေးနိုင်တယ်”

လင်းဟွမ်က ဓါးကျင့်စဉ် အကြောင်း ရှင်းပြပြီးနောက် သစ်သားဓါးကို ဆွဲထုတ် လိုက်သည်။

“မင်းတို့ကို ငါက တစ်ခါ သရုပ်ပြပေးမယ်။ ကျေးဇူးပြုပြီး အာရုံစိုက်ထားပါ။

အကောင်းဆုံးကတော့ မီတာ ငါးဆယ်အကွာမှာ မတ်တပ်ရပ်နေကြပါ”

ကျောင်းသားများသည် မီတာ ငါးဆယ်က များလွန်းသည်ဟု ထင်သော်လည်း ညွှန်ကြားချက်အတိုင်း လိုက်နာ လိုက်ကြသည်။ တစ်ချိန်တည်းမှာပင် ချင်းထိုက်ရှင်းသည် လင်းဟွမ်က ကျောင်းသားများကို သင်ကြားပေးမည်ဆိုပြီး မီတာ ငါးဆယ်အကွာတွင် မတ်တပ်ရပ်ခိုင်းလိုက်သောကြောင့် မျက်ခုံး ပင့်လိုက်မိသည်။

ထို့အပြင် လင်းဟွမ်က ကံကြမ္မာစွမ်းအားများ ကောင်းကောင်း ထည့်မသွင်းနိုင်သည့် သစ်သား ဓါးတစ်ချောင်းကိုသာ အသုံးပြုထားသဖြင့် ကျောင်းသားများကို ဤမျှ ဝေးကွာသောနေရာတွင် ရပ်ခိုင်းထားရန် မလိုအပ်ဘူးဟု တွေးလိုက်ခြင်းသာ

သစ်သားဓါး ကိုင်ထားသော လင်းဟွမ်သည် ချင်းထိုက်ရှင်းက ဘာတွေတွေးနေလဲ ဆိုသည်ကို ဂရုမစိုက်ပေ။ ကံကြမ္မာ စွမ်းအားများကို အသက်သွင်းလိုက်သောအခါ သူ့ လက်ထဲတွင် ကိုင်ထားသော သစ်သားဓါးမှာ ရွှေစင်ရောင်

ကံကြမ္မာစွမ်းအားများ ဖုံးအုပ်လာပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် တောင်ပစ္စာ လင်းထိန်လာသည်။

ကျောင်းသားများ အံ့သြ သွားကြသည်။ လင်းဟွမ်က ရွှေအဆင့်ရှိသူ ဖြစ်ကြောင်း မကြာသေးခင်ကမှ သိရှိခဲ့ကြသည်။ သာလွန်အဆင့် မရောက်သေးခင် ရှားပါးသော ကံကြမ္မာစွမ်းရည် ကျင့်စဉ်များလွှဲ၍ လူအများစု၏ ကံကြမ္မာစွမ်းအား အရောင်များသည် အဆင့်တက်သွားသည်နှင့် အရောင်ပါ လိုက်ပါ၍ ပြောင်းလဲသွားသည်။

ကံကြမ္မာစွမ်းအား အရောင်သည် သံအဆင့်တွင် ရှိပါက အနက်ရောင်၊ ကြေးအဆင့်တွင် ရှိပါက မီးခိုးရောင်၊ ငွေအဆင့်တွင် ရှိပါက ငွေအရောင် ဖြစ်ပြီး ရွှေအဆင့်တွင်ရှိပါက ရွှေအရောင်အဖြစ် ပြောင်းလဲသွားသည်။

လင်းဟွမ်က အသက် (၁၆) နှစ်သာ ရှိသေးသည်ဟု ကျောင်းသားများက ကြားသိသောအခါ အများဆုံးမှ ငွေအဆင့်သာ ဖြစ်လိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း သစ်သားခါးပေါ်တွင် ဖုံးအုပ်ထားသော ရွှေရောင်

ကံကြမ္မာစွမ်းအားကို မြင်သောအခါ သူတို့ဆရာက ပါရမီရှင်တစ်ယောက် ဖြစ်ကြောင်း နောက်ဆုံး၌ သိလိုက်ကြသည်။

အဖွဲ့ခွဲတစ်ခုလုံးတွင် နှစ်ပေါင်း (၈၀၀) အတွင်း အသက် (၁၆) နှစ်နှင့် ရွှေအဆင့်သို့ ရောက်ရှိသူမှာ အနည်းငယ်သာ ရှိသော်လည်း ကျောင်းသား အချို့ကမူ မယုံကြည်ကြပေ။ ကံကြမ္မာစွမ်းအား အရောင်ကို ပြောင်းစေနိုင်သော အထူး ကံကြမ္မာစွမ်းရည် ကျင့်စဉ်တစ်ခု လေ့ကျင့်ထားသည်ဟု ထင်နေကြဆဲပင်။

ထို့ကြောင့် ချင်းထိုက်ရှင်းကို လှည့်မေးကြသည်။

"ဆရာချင်း၊ ဆရာလင်းရဲ့ ကံကြမ္မာစွမ်းအားက အထူး ကံကြမ္မာစွမ်းရည် ကျင့်စဉ် လေ့ကျင့်ထားလို့ အရောင်ပြောင်းနေတာလား"

ချင်းထိုက်ရှင်းက ခေါင်းခါလိုက်ပြီး

"ဆရာလင်းက ရွှေအဆင့် သုံး ရောက်နေပြီ အရာအားလုံးက စီစဉ်ထားတဲ့ အတိုင်း ဖြစ်လာမယ်ဆိုရင် ဒီနှစ်မှာပဲ သာလွန်အဆင့် ရောက်နိုင်တယ်။ အဖွဲ့ခွဲ (၇) ရဲ့ သမိုင်းမှာ

အသက်အငယ်ဆုံး သာလွန်အဆင့် ဖြစ်လာလိမ့်မယ်”

ချင်းထိုက်ရှင်းသည် ကျယ်လောင်စွာ မပြောခဲ့သော်လည်း အနီးအနားတွင် ရှိနေသော ကျောင်းသားများသည် ရှင်းရှင်းလင်းလင်း ကြားလိုက်ရပြီး လင်းဟွမ်ကို ထိတ်လန့်စွာ လှမ်းကြည့်ကြသည်။ သူတို့သည် ကျောင်းသားများ ဖြစ်သော်လည်း အသက် (၁၆) နှစ်နှင့် သာလွန်အဆင့် ရောက်ရှိခြင်းသည် မည်မျှ ကြောက်စရာကောင်းကြောင်း သိနေကြသည်။

"ဆရာလင်းက ဒဏ္ဍာရီလာ ပါရမီရှင်များ ဖြစ်နေမလား"

ကျောင်းသားတစ်ယောက်က မေးလိုက်သည်။

"ငါ သိသလောက်တော့ သာလွန်အဆင့် မွန်းစတားတွေကို အဆင့်ကျော်ပြီး သတ်ဖြတ်နိုင်တဲ့ အစွမ်း ရှိတယ်"

ချင်းထိုက်ရှင်းက အတည် ပြုလိုက်သည်။ ကြားလိုက်ရသည့် လူများသည် လင်းဟွမ်ကို လေးစားစွာ လှမ်းကြည့်လိုက်ကြသည်။

ထိုအချိန်၌ လေ့ကျင့်ရေးကွင်း အလယ်တွင် ရှိနေသောလင်းဟွမ်က ခါးကျင့်စဉ်ကို သရုပ်ပြနေပြီး သူ၏လေ့ကျင့်မှု အရှိန်အဟုန်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်စေရန် ဖြည်းညင်းစွာ လှုပ်ရှားပြနေသည်။ ခါးနယ်ပယ်၏ အကူအညီဖြင့် မြက်ခင်းပေါ်၌ မီတာ(၃၀) ခန့်ရှည်သော အက်ကွဲကြောင်းများ ပေါ်လာသည်။

ကျောင်းသားများ တုန်လှုပ် သွားကြသည်။ သူတို့သည် သန်မာသည့် ရောမသားရဲကြီး တစ်ကောင် တိုက်ခိုက်နေသော အရာကို

ကြည့်နေရသကဲ့သို့ အတွေး နယ်ပယ်ထဲ ဖြည်းဖြည်းချင်း မျှောပါသွားကြသည်။

လင်းဟွမ်၏ သရုပ်ပြလှုပ်ရှားမှုကို မြင်လိုက်လျှင်ချင်းထိုက်ရှင်းသည် အံ့အောသင့်သွားပြီး မကြာခင် စိတ်လှုပ်ရှား လာသည်။ သူသည် ဓါးတာအိုနယ်ပယ်တွင် အဆင့်နှစ် ရောက်နေခဲ့ပြီ ဖြစ်သော်လည်း ယခု ကြည့်လိုက်ရာ လင်းဟွမ်၏ စွမ်းဆောင်မှုသည် အဆင့်သုံးနှင့် နီးစပ်နေပြီဟု ပြောနိုင်သည်။ ဤသရုပ်ပြမှုက သူ့အတွက်

အင်မတန်အကျိုး ရှိသဖြင့် မကြာခင် သရုပ်ပြမှုထဲတွင် နှစ်မြုပ်သွားသည်။

လင်းဟွမ်က ဓါးပြန်မသိမ်းခင် ဓါးကျင့်စဉ် ရှစ်ကွက်ကို တစ်မိနစ်ခန့် အချိန်ယူပြီး သရုပ် ပြခဲ့သည်။

"အခု ငါ သုံးခေါက် သရုပ်ပြပြီးပြီ မင်းတို့အားလုံး ပုံစံမှတ်မိကြလား"

လင်းဟွမ်က လူတိုင်းကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

လူအများစုသည် တုန်လှုပ်သွားကြသည်။ လင်းဟွမ် လှုပ်ရှား နေစဉ်အတွင်း ထိရောက်မှု ရှိကြောင်းသာ သိခဲ့သည်။

“ပြီးခဲ့တဲ့ရက်ပိုင်းက ငါ လေ့ကျင့်မှု ဗီဒီယိုတွေ ပြင်ဆင်ထားတယ်။ မင်းတို့ လွတ်သွားလည်း ကိစ္စမရှိဘူး။ နောက်ကျရင် စကားဝိုင်း အဖွဲ့တစ်ခု လုပ်ပြီး မင်းတို့အားလုံးကို ထည့်ပေးမယ်။ အဲ့ဒီကနေပဲ ဗီဒီယိုကို ဒေါင်းလုဒ်လုပ်ပြီး လေ့ကျင့်လိုက်ကြ”

လင်းဟွမ်က စကားဝိုင်း အဖွဲ့တစ်ခု ဖန်တီးပြီး ဘားကုဒ်ကို ပုံဖော်လိုက်သည်။

"အဖွဲ့ထဲ ပါချင်တဲ့လူတွေက ဘားကုဒ်ကို စကန်ဖတ်ကြပါ။ ငါက အဖွဲ့နဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို တင်ပေးမယ်။ မင်းတို့ ကိုယ်တိုင် ဒေါင်းလုဒ်လုပ်ကြပေါ့"

ကျောင်းသားများသည် သူတို့၏ အင်ပါယာ နှလုံးသားလက်စွပ်နှင့် ချက်ချင်း စကန်ဖတ်ကြသည်။ ထိုအထဲတွင် ချင်းထိုက်ရှင်း တစ်ယောက်လည်း ပါနေသည်။

လင်းဟွမ်သည် ဒါကို မြင်လိုက်သော်လည်း ဘာမှမပြောခဲ့ပေ။

အတန်းထဲရှိ ကျောင်းသား ငါးဆယ်ကျော်၊ လင်းဟွမ်နှင့် ချင်းထိုက်ရှင်းတို့ အပါအဝင် အုပ်စုထဲ၌ လူ (၅၂) ယောက် ရှိသည်။

လင်းဟွမ်သည် အဖွဲ့ထဲ၌ လူစုံသွားသည်ကို မြင်လိုက်လျှင် လွန်ခဲ့သောရက်ပိုင်းက သူ ရိုက်ကူးခဲ့သော ဓါးကျင့်စဉ် ဗီဒီယိုကို တင်ပေးလိုက်သည်။

ကျောင်းသားများသည် ဗီဒီယိုကို မြင်လိုက်သည်နှင့် သူတို့၏လက်စွပ်ထဲသို့ အမြန် ဒေါင်းလုဒ် ဆွဲပြသည်။ ချင်းထိုက်ရှင်းလည်း ထို့အတူပင်။

"ကဲ ငါတို့ရဲ့အတန်းချိန်က နှစ်နာရီ ကျန်သေးတယ်။ ဗီဒီယိုထဲကအတိုင်း မင်းတို့ လေ့ကျင့်ကြပေါ့။ အဲ့ဒီကိစ္စ မတိုင်ခင် လာမယ့် တစ်ပတ်မှာ လုပ်ထားရမယ့် အစီအစဉ်ကို အကျဉ်းချုံးပြောပြမယ်"

လင်းဟွမ်းသည် အဖွဲ့စကားဝိုင်းကို အသံပိတ်ပြီးပြီးနောက် အင်ပါယာ နှလုံးသား လက်စွပ်၏ စာမျက်နှာကို ပိတ်လိုက်သည်။

"နောက်တစ်ပတ်မှာ ဒီအဆက်မပျက် တိုက်ခိုက်ခြင်းပုံစံကို ပြန်စစ်ဆေးမယ်။ တကယ်လို့ မင်းတို့အားလုံးရဲ့ တိုးတက်မှုကို ကျေနပ်တယ်ဆိုရင် နောက်တစ်ပတ်မှာ မင်းတို့ကို အစစ်အမှန် တိုက်ပွဲလေ့ကျင့်ဖို့အတွက် တတိယအဆင့် တောရိုင်းဇုန်ကို ခေါ်သွားပေးမယ်။ ဒါပေမယ့် ငါ့မျှော်လင့်ချက်နဲ့ မပြည့်မီဘူးဆိုရင်တော့

တတိယအပတ်မှာ မင်းတို့ကို ပြန်စစ်ဆေးမယ်။ တကယ်လို့ တိုးတက်မှုကို မကျေနပ်သေးရင် တောရိုင်းဇုံကို လေ့ကျင့်ဖို့ ခေါ်သွားမှာမဟုတ်ဘူး။ မင်းတို့ကို ခါးကျင့်စဉ်အသစ်လဲ သင်ပေးမှာ မဟုတ်တော့ဘူး”

လင်းဟွမ်က သူ့ဆုံးဖြတ်ချက်ကို ပြောလိုက်သည်။

ကျောင်းသား အားလုံးသည် စစ်မှန်သော တိုက်ပွဲကို မျှော်လင့်နေကြသော်လည်း နောက်ဆုံး ပိုင်းတွင် လင်းဟွမ်ပြောလိုက်သော စကားကြောင့် အများစုအတွက် ဖိအားများ ရှိလာကြသည်။

ကျောင်းသားများသည် လင်းဟွမ် စကား၏ ပထမတစ်ဝက်ကို ကြားသည့်အချိန်မှာ စိတ်လှုပ်ရှားရင်ခုန် နေကြသော်လည်း နောက်ဆုံးပိုင်းကို ကြားလိုက်သောအခါ ရေခဲရေနှင့် လောင်းချလိုက်သကဲ့သို့ တောင့်တင်း သွားသည်။

ကောင်မလေးတစ်ယောက်က လက်ထောင်လိုက်သဖြင့်

"ပြောပါ"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

“ဒါပေမယ့် ကျောင်းမှာ ကျောင်းသားအားလုံးအတွက် ငါးပတ်မြောက်မှာ စစ်ဆေးလေ့ကျင့်မှု ပြုလုပ်ပြီး ရလာဒ်တွေကို နောက်အကဲဖြတ်မှုမှာ ထည့်သွင်းပြီး တွက်ချက်ပေးတယ်။ တကယ်လို့ လေးပတ်မြောက်မှာ မင်းရဲ့ မျှော်လင့်ချက်ကို မပြည့်မီဘူးဆိုရင် ငါးပတ်မြောက် တိုက်ပွဲ လေ့ကျင့်မှုကို ဘယ်လိုလုပ်ရမှာလဲ”

ကောင်မလေးက ခပ်ရှက်ရှက် အမူအရာနှင့် မေးလိုက်လျှင်

"ဒါအမှန်ပဲ လေးပတ်မြောက်တဲ့အထိ မင်းတို့က ငါ့မျှော်လင့်ချက်ကို မပြည့်သေးဘူးဆိုရင် ငါးပတ်မြောက်မှာ တိုက်ပွဲ လေ့ကျင့်ဖို့အတွက် မင်းတို့က အရည်အချင်း မပြည့်မီသေးဘူးလို့ ကျောင်းကို ငါ လှမ်းပြောလိုက်မယ်။ မင်းတို့အားလုံး သုည ရမယ်"

လင်းဟွမ်က နောက်ပြောင်နေသည့်ပုံစံ မရှိပေ။

လင်းဟွမ်၏ စကားကြောင့် လိုက်လျောညီထွေ ဖြစ်နေသော ပတ်ဝန်းကျင်သည် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

"ဒါ မတရားဘူး။ မင်းမှာ ဒီလိုလုပ်ပိုင်ခွင့် ရှိလို့လား"

ဆံပင်တိုသော ကျောင်းသား တစ်ယောက်က လှမ်းအော်လိုက်သဖြင့်

"ဒီကမ္ဘာကြီးမှာ တရားမျှတမှုဆိုတာ မရှိဘူး။ တရားမျှတမှု လိုချင်ရင်တော့ တရားမျှတမှု ယူနိုင်တဲ့ အရည်အချင်း ရှိရမယ်။ တိုက်ပွဲဝင်နိုင်ရမယ်"

လင်းဟွမ်က ထိုကောင်လေးကို လေးလေးနက်နက် စိုက်ကြည့်ပြီး ပြောလိုက်သည်။

“မုဆိုးအဖွဲ့အစည်းရဲ့ အကဲဖြတ်မှုက အချိန်တိုင်း ဘာကြောင့် အရမ်း ခက်ခဲနေလဲဆိုတာ သိလား။ တန်ပြန်မုဆိုး အကဲဖြတ်မှုဆိုပေမယ့် အချို့ သံအဆင့်သုံး တွေတောင် မဖြတ်ကျော်နိုင်ဘူး။ မုဆိုးအဖွဲ့အစည်းက နောက်ထပ် လူပိုတွေ မလိုချင်တော့ဘူး။ အဲ့ဒါကြောင့် သူတို့နဲ့ ပူပေါင်းမယ့်လူတွေရဲ့ စံနှုန်းကို မြင့်တင်လိုက်တယ်။ အေး အကြောင်းအရင်းကတော့ သေမှုနှုန်းကို လျှော့ချဖို့ပဲ”

"ကျွမ်းကျင်မှု နည်းတဲ့ ကောင်တွေများနေရင် သေတဲ့လူတွေ ပိုများလာလိမ့်မယ်။ အဲ့ဒီလို အားနည်းချက် မဖြစ်ရအောင် အဆင့်အတန်း မြင့်လိုက်တာပဲ။ အဲ့ဒီလိုမှမဟုတ်ရင် အားနည်းတဲ့ လူတွေက ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားမှာပေါ့။ မင်းတို့ကိုလည်း တင်းကျပ်ရတဲ့ အကြောင်းအရင်းက အတူတူပဲ။ မင်းတို့ကို အရည်အချင်း မပြည့်မီဘဲ တိုက်ပွဲဝင်ဖို့ ခွင့်ပြုလိုက်ရင် အဓိပ္ပါယ်မဲ့ သွားလိမ့်မယ်။ မင်းတို့က ဆရာတွေရဲ့ အကာအကွယ်နဲ့ တိုက်ပွဲလေ့ကျင့်မှုမှာ

ဘေးကင်းရင် ဘေးကင်းလိမ့်မယ်။ ဒါပေမယ့် သုံးနှစ်ကြာသွားရင် ဘာဖြစ်လာမလဲ”

“မင်းတို့က ဆရာတွေမရှိဘဲ မင်းတို့ရဲ့ ကိုယ်ပိုင်အဖွဲ့အစည်း အသီးသီးနဲ့ ပူးပေါင်းလိုက်တဲ့ အချိန်ရောက်ရင် လုံလောက်တဲ့စွမ်းရည်တွေ မရှိလို့ ဖြစ်လာမယ့် အကျိုးဆက်တွေကို စဉ်းစားဖူးလား”

“ငါ့ရဲ့ဆုံးဖြတ်ချက်က မင်းတို့ရဲ့ ပညာရေး ရလဒ်ကို ထိခိုက်နိုင်ပြီး မင်းတို့ရဲ့ ပညာရေး သမိုင်းကြောင်းမှာ အမည်းစက် ဖြစ်လာနိုင်တယ် ဆိုတာ ငါလည်းသိတယ်။ ငါ မဆုံးဖြတ်

ခင်ကတည်းက တစ်ချို့က ငါ့ အယူအဆကို သဘောမတူနိုင်ဘူး ဆိုတာလဲ သိတယ်။ ဒါပေမယ့် အဖွဲ့အစည်းနဲ့ ပူးပေါင်း လုပ်ဆောင်လာတဲ့ အချိန်ကျရင် ငါ့အယူအဆကို မင်းတို့တွေ လက်ခံနိုင်လိမ့်မယ်”

“နောက်ပြီးတော့ မင်းတို့ကို အချိန် အလုံအလောက် မပေးတာလည်း မဟုတ်ဘူး။ ဒါက ပထမအပတ်ပဲ ရှိသေးတယ်။ မင်းတို့မှာ လေ့ကျင့်ဖို့အချိန် သုံးပတ် ကျန်သေးတယ်။ မင်းတို့ကို စံနှုန်းမီအောင် လုပ်နိုင်ဖို့ အရင်ဆုံး လေ့ကျင့်ခွင့်

ပေးထားတယ်။ ငါးပတ်မြောက် ရောက်တဲ့ အချိန်ကျရင် မင်းတို့တွေ တစ်ခြားအတန်းက ကျောင်းသားတွေနဲ့ အခွင့်အရေး အတူတူပဲ။ မင်းတို့က ပါရမီရှင် ဟုတ်လား၊ မဟုတ်လား သိချင်ရင် မင်းတို့ ဘာလုပ်နိုင်လဲဆိုတာ ပြလေ”

## အခန်း(၄၅၇) - ပထမနှစ်ရဲ့ လူကြိုက်အနည်းဆုံး ဆရာ။

”သူက ဘယ်လို ပေါက်ကရ ဆရာလဲ”

“ငါတို့ကို လက်တွေ့တိုက်ပွဲထဲ ပါဝင်လို့ မရအောင် အရည်အချင်း မပြည့်မီအောင် လုပ်ဖို့အတွက် သူ့မှာ ဘယ်လို လုပ်ပိုင်ခွင့်တွေ ရှိနေလို့လဲ”

ကျိုးလင်သည် ဒေါ်သတကြီး အော်ဟစ်ပြီး လေ့ကျင့်ရေး အခန်းထဲမှ ထွက်သွားရန် လုပ်လိုက်သည်။ သူမသည် ငါးပတ်မြောက် တိုက်ပွဲလေ့ကျင်ရေး အကြောင်း လက်မြောက်ပြီး မေးခဲ့သည့် သေးငယ်သော မိန်းကလေးပင် ။

“သူ့မှာ အခွင့်အရေးရှိတယ်။ သူက ငါတို့ရဲ့ ဓါးတာအိုဆရာပဲ။ သိုင်းပညာ မုဆိုးကောလိပ်ရဲ့ ဆရာများဆိုင်ရာ စည်းကမ်းအမှတ် (၁၂) အရ ဆရာတစ်ယောက်က ကျောင်းသား တစ်ယောက်ကို အရည်အချင်း မပြည့်မီဘူးလို့ ဆုံးဖြတ်ရင်

ကျောင်းသားရဲ့ တိုက်ပွဲ လေ့ကျင့်မှု ပါဝင်မှု အရည်အချင်းကို ဖယ်ရှားပြီးတော့ သုည ပေးလိမ့်မယ်။ တိုက်ပွဲ အမှတ်တွေလဲ ပါတယ်”

သူမဘေးနားက ဆံပင်အတိုနှင့် ကောင်မလေးက ထုတ်ပြောလိုက်သည်။

“ရှောင်ဟွေ့ မင်းက ဘယ်ဘက်ကလဲ”

ကျိုးလင် ဒေါသ ပေါက်ကွဲသွားသည်။ ဆံပင်အတိုနှင့် ကောင်မလေးသည် သူမ၏ အခန်းဖော် ဖြစ်သောကြောင့် လင်းဟွမ်ဘက်တွင် ရပ်တည်ရန် မမျှော်လင့်ခဲ့ပေ။

"ငါက အမှန်အတိုင်း ပြောနေတာ"

ရှန်ကွမ်ဟွေ့က အမူအရာ ကင်းမဲ့စွာ ထုတ်ပြောလိုက်သည်။

"ငါကတော့ ဆရာလင်းပြောတာ မှန်တယ်လို့ ထင်တယ်။ ငါတို့တွေ ဆရာတွေနဲ့ အတူတူ ရှိနေတယ်ဆိုပြီး ငါတို့ထဲမှာအများစုက အလေးအနက် မထားဘူး။ ကစားပွဲတစ်ခုလိုပဲ သဘော ထားကြတယ်။ ငါတို့တွေ ဘွဲ့ရပြီးရင် ငါတို့ကို ကာကွယ်ပေးမယ့် လူမရှိဘဲ ငါတို့ဘာသာ ငါတို့ အားကိုးရမှာ။ တကယ်လို့ ငါတို့မှာ လုံလောက်တဲ့

အရည်အချင်းမရှိရင် သေချာပေါက် သေမှာပဲ။ အဲ့ဒီအချိန်မှာ နောင်တရနေမယ့်အစား အခုလက်ရှိကို တကယ့် တိုက်ပွဲလို့ သဘောထားလိုက်တာ ပိုကောင်းတယ်။ အနည်းဆုံးတော့ ငါတို့မှာ အမှား လုပ်မိရင်တောင် ပြန်ပြင်ဖို့ အခွင့်အရေးရှိတယ်။ တကယ့်တိုက်ပွဲမှာ အခွင့်အရေး မရှိဘူး”

“ဒါပေမယ့်”

ကျိုးလင်သည် ရှန်ကွမ်ဟွေ့၏ စကားကို သဘောတူသော်လည်း ပြန်ချေပစရာ စကားလုံး ရှာမတွေ့သဖြင့် ဒေါသ ပေါက်ကွဲသွားသည်။

"လူတိုင်းက ဆရာလင်း မှားနေလို့ မကျေနပ်ကြဘူး။ ဒါ ငါတို့က သူ့ကို မယုံကြည်တဲ့ အဓိပ္ပါယ်ပဲ။ အခြေခံအားဖြင့်တော့ သူက အရမ်းငယ်နေလို့ပဲ။ သူ့နေရာမှာ ဆရာချင်းသာ ဒီလိုပြောရင် လူ တော်တော်များများက စိတ်မဆိုးကြဘူးလို့ ငါထင်တယ်"

ရှန်ကွမ်ဟွေ့က ဆက်ရှင်းပြသည်။

ကျိုးလင်လည်း ထိုအကြောင်းကို စဉ်းစားကြည့်လိုက်သည်။ အကယ်၍ ပြောသည့်လူမှာ ဆရာချင်းသာ ဖြစ်နေခဲ့လျှင် သူမက စောဒက

တက်မှာဖြစ်သော်လည်း ဆရာ၏ ရည်ရွယ်ချက်ကို မေးခွန်းထုတ်ကြမည် မဟုတ်ပေ။

"ဒါဆို ဘာဖြစ်လဲ။ သူက ငါ့ထက် ဘယ်လောက်မှ အသက်မကြီးတာ။ ငါတို့ရဲ့ ဆရာလာလုပ်ဖို့ ဘယ်သူက ပြောလို့လဲ"

ကျိုးလင်က ခေါင်းမာစွာ ငြင်းလိုက်သည်။

"ကောင်းပြီလေ။ သူ့မှာ ပြောပိုင်ခွင့် တကယ် ရှိတယ်။ သူက အသက် (၁၅) နှစ်နဲ့ မုဆိုးလိုင်စင်ရခဲ့တယ်ဆိုတာ မမေ့နဲ့။ ဒါတောင် မဟုတ်ဘူးနော်။ အခုလက်ရှိမှာ ဆရာလင်းက

ရွှေအဆင့်သုံး ရောက်နေပြီလို့ ကြားထားတယ်။ သူက ဒီနှစ်မှာ သာလွန်အဆင့် တက်လှမ်းသွားရင် အဖွဲ့ခွဲ (၇) တစ်ခုလုံးမှာ အသက်အငယ်ဆုံး သာလွန်လူသားတောင် ဖြစ်လာ နိုင်သေးတယ်။ အဲ့ဒါတင် မကသေးဘူး အခုလက်ရှိ ရွှေအဆင့်သုံး ဆိုပေမယ့် သာလွန်အဆင့် မွန်းစတားတွေကိုတောင် သတ်ဖြတ်နိုင်နေပြီ”

အစောပိုင်းက လေ့ကျင့်ရေး အခန်းထဲတွင် ချင်းထိုက်ရှင်း ပြောခဲ့သည့်စကားကို ရှန်ကွမ်ဟွေ့က ကြားထားသည်။

"အသက် (၁၆) နှစ်နဲ့ သာလွန်အဆင့်လား"

ကျိုးလင်သည် မယုံကြည်နိုင် ဖြစ်သွားသည်။

"ငါကတော့ ဆရာချင်း လိမ်နေတယ်လို့ မထင်ဘူး။ လူတစ်ယောက်က ရွှေအဆင့်သုံးကနေ ရွှေအဆင့်ပြည့်ဝအဆင့် တက်ဖို့ သုံး၊ လေးလလောက် လိုတယ်။ အဲ့ဒါပြီးရင် မီးစာ မွန်းစတား သတ်ပြီးတာနဲ့ သာလွန်အဆင့် တက်လှမ်းနိုင်ပြီ။ အခုလက်ရှိက စက်တင်ဘာလ အစောပိုင်းပဲ ရှိသေးတယ်။ ဆရာလင်းက ရွှေအဆင့်သုံး ရောက်နေပြီဆိုတော့ ဒီဇင်ဘာလ

လောက်ဆို ရွှေအဆင့် ပြည့်ဝအဆင့် ရောက်သွားလိမ့်မယ်။ အဆင့်တက်ဖို့အတွက်က သာလွန်အဆင့် မွန်းစတားတစ်ကောင်ကို သတ်ဖြတ်ဖို့ ရက်ပိုင်းလောက်ပဲ အချိန်ယူရမှာပါ့"

ရှန်ကွမ်ပျော့က ချင်းထိုက်ရှင်း၏ စကားကို သံသယမရှိ ယုံကြည်နေသည်။

ကျိုးလင် တိတ်ဆိတ်သွားသည်။

"ဆရာလင်းက ငါတို့ကို ဓါးပညာ သင်ပေးနေတဲ့ အချိန်မှာ ဆရာချင်းရဲ့ မျက်လုံးတွေ တောက်ပနေတာ ငါ သတိထား မိတယ်။ မသိရင်

အစာငတ်နေတဲ့ သားရဲတစ်ကောင်းက အစားအစား မြင်လိုက်ရသလိုပဲ”

ရှန်ကွမ်ဟွေ့သည် ချင်းထိုက်ရှင်း၏ ထူးဆန်းသော အပြုအမူကို သတိထားခဲ့မိသည်။

“ဆရာချင်းက ယောက်ျားအချင်းချင်း ကြိုက်နေတာကို ငါတို့ မသိတာလည်း ဖြစ်နိုင်တာပဲ”

ကျိုးလင်က ပေါက်ကရ ပြောလိုက်သည်။

...

ထိုအချိန်တွင် လင်းဟွမ်နှင့် ချင်းထိုက်ရှင်းတို့သည် လေ့ကျင်းရေး အခန်းထဲမှ ကျောင်းသားများ ထွက်ခွာသွားသည်ကို စောင့်ကြည့် နေကြသည်။ နောက်ဆုံးကျောင်းသား ထွက်သွားသောအခါ ချင်းထိုက်ရှင်းက

"မင်း ဘာလုပ်ဖို့ ကြိုးစားနေတာလဲ။ မင်းနဲ့ ကျောင်းသားတွေရဲ့ ဆက်ဆံရေး တည်ဆောက် နိုင်ပြီးမှ ဘာဖြစ်လို့ ဒီလိုလုပ်လိုက်တာလဲ။ သူတို့က မင်းကို မကြိုက်ဘဲနဲ့ အပြစ်တင်ကြတော့မယ်"

"ငါက ဆရာတစ်ယောက်ပါ။ ငါ့ကို သဘောကျနေစရာ မလိုဘူး"

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။

"အခု ငါ ဘာလုပ်နေလဲဆိုတာ သူတို့ နားမလည်ပေမယ့် တစ်နေ့နေ့တော့ နားလည် လာလိမ့်မယ်"

"မင်းက ဒီကိစ္စကို တကယ် အတည် ပြောနေတာလား"

ချင်းထိုက်ရှင်း မျက်လုံးပြူးသွားသည်။

လင်းဟွမ်၏ စကားများက ကျောင်းသားများကို ဖိအားပေးရန်အတွက် ခြောက်လန့်ခြင်းမျှသာ ဖြစ်လိမ့်မည်ဟု ထင်နေခဲ့သည်။

"ဟုတ်တယ် သူတို့က တိုက်ပွဲလေ့ကျင့်မှုကို ကစားပွဲ တစ်ခုလို သဘောထားနေကြတယ်။ အဲ့ဒါကြောင့် သူတို့ကို အရည်အချင်း မပြည့်ရင် တိုက်ပွဲလေ့ကျင့်မှုထဲ ပါဝင်ခွင့် မပေးနိုင်ဘူး"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"တကယ်လို့ သူတို့မှာ အရည်အချင်း မပြည့်မီလို့ အမှတ်မရှိရင် မင်းကို မုန်းကြလိမ့်မယ်နော်"

ချင်းထိုက်ချင်းက အလေးအနက်ထားပြီး ပြောလိုက်သည်။ နှစ်ပေါင်း အနည်းငယ်ကြာအောင် စာသင် လာခဲ့သောကြောင့် ကျောင်းသားများ၏ အတွေးနှင့်စိတ်ကို နားလည်နေသည်။

"ဒါပေမယ့် သူတို့က ဒုတိယ အကြိမ်မြောက် သုည မလိုချင်ရင်တော့ နောက်ပိုင်းတာဝန်တွေကို အလေးအနက် ထားသွားလိမ့်မယ်"

လင်းဟွမ်က ဆုံးဖြတ်ချက် ချပြီးသား ဖြစ်နေသည်။

"ဒုတိယအကြိမ်"

ယခုမူ ချင်းထိုက်ရှင်း ဆွံ့အသွားသည်။

"ငါ နောက်တစ်ပတ်မှာလည်း အတန်းထဲ လာထိုင်ဦးမယ်။ ဒါပေမယ့် ဒီလောက်တော့ ခက်ခဲအောင် မလုပ်ပါနဲ့ကွာ။ သူတို့က ကလေးတွေပဲလေ"

"ငါလည်း ကလေးပါပဲ။ ပြီးတော့ ခေါင်းမာတဲ့ လူတစ်ယောက်"

လင်းဟွမ်က ရယ်မောပြီး ပြန်ပြောလိုက်သဖြင့်

"အမ်"

ချင်းထိုက်ရှင်းသည် မည်ကဲ့သို့ ပြန်ပြောရမှန်း မသိတော့ချေ။

“စိတ်မပူပါနဲ့၊ ဒီကလေးတွေရဲ့ စွမ်းရည်ကို ငါ ယုံကြည်တယ်။ နောက်ပြီးတော့ ငါ သင်ပေးနေတဲ့ ခါးကျင့်စဉ်ကလဲ မရှုပ်ထွေးဘူး။ တစ်ပတ်၊ နှစ်ပတ်လောက်နဲ့ ငါ့ မျှော်လင့်ချက်ကို မပြည့်မီပေမယ့် လေးပတ်လောက် ဆိုရင်တော့ လုပ်နိုင်လိမ့်မယ်”

ချင်းထိုက်ရှင်းသည် လင်းဟွမ်က ဆုံးဖြတ်ပြီးသား ဖြစ်နေသဖြင့် မတားချင်တော့ပေ။

ဓါးတာအိုဌာန၏ ညွှန်ကြားရေးမှူး တစ်ယောက်အနေနှင့် လင်းဟွမ်၏ သင်ကြားရေး ပုံစံထဲကို ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ပေ။ ဆရာတိုင်းတွင် ကိုယ်ပိုင် သင်ကြားရေးပုံစံ ရှိကြသည့်အပြင် လင်းဟွမ်၏ သင်ကြားရေး နည်းစနစ်ကလည်း မှားယွင်းနေခြင်း မဟုတ်ပေ။ အနည်းငယ် တင်းကြပ်လွန်းခြင်းသာ။

ပထမအတန်းချိန်မှ စတင်၍ လင်းဟွမ်၏ နာမည်သည် ဓါးတာအို သင်ကြားကြသော ကျောင်းသားအသစ်များ ကြားထဲတွင် ပျံ့နှံ့သွားပြီး

ပထမနှစ်၏ လူကြိုက် အနည်းဆုံး ဆရာတစ်ယောက် ဖြစ်လာခဲ့သည်။

တန်းခွဲ (၂) တွင် သင်ကြားပေးနေသော ဆရာမှာ အသက် (၁၆) နှစ်သာ ရှိသေးသည့် အကြောင်းကို အခြားတန်းခွဲမှ ကျောင်းသားများ ကြားသောအခါ ရယ်စရာ ကောင်းသည်ဟု ထင်နေကြသည်။ ထို့အပြင် ရယ်စရာကောင်းသော စံနှုန်းနှင့် တိုက်ပွဲလေ့ကျင့်မှု ပါဝင်ခြင်းကို တားဆီးရန် ခြိမ်းခြောက်ထားကြောင်း ကြားရသည်။

အကယ်၍ တန်းခွဲ (၂) သည် တစ်လအကြာတွင် ပြုလုပ်ရန် စီစဉ်ထားသည့် တိုက်ပွဲလေ့ကျင့်မှုတွင် မပါဝင်နိုင်ပါက အခြားအတန်းမှ ကျောင်းသားအများစုသည် အားနည်းသော ပြိုင်ဘက်များနှင့် ရင်ဆိုင်ခွင့် ရနိုင်သဖြင့် ဝမ်းသာ ပီတိဖြစ်နေကြသည်။

သို့သော်လဲ ရက်ပိုင်းခန့် ကြာသောအခါ တန်းခွဲ (၂)တွင် သင်ကြားပေးနေသော ဆရာလင်းမှာ အသက်(၁၆) နှစ်သာ ရှိသေးသော်လည်း ရွှေအဆင့်

(၃) ရှိနေပြီ ဖြစ်ကြောင်း နောက်ထပ် သတင်းတစ်ပုဒ် ပျံ့နှံ့လာသည်။

ထိုဆရာက ယခုနှစ်မှာပင် သာလွန်အဆင့်သို့ တက်လှမ်း နိုင်ချေရှိနေသည်။ စစ်မှန်သော ပါရမီရှင်များသည် သင်ကြားခြင်းနှင့် အချိန် ကုန်ရမည့်အစား လေ့ကျင့်ရင်း အချိန်အများစု ကုန်ဆုံးတတ်သောကြောင့် ထိုသတင်းက အမှားသာ ဖြစ်နိုင်သည်ဟု အများစုက ယူဆနေကြသည်။

လင်းဟွမ်သည် ပထမနေ့စ်တွင် သူက လူကြိုက်အနည်းဆုံး ဆရာတစ်ယောက် ဖြစ်နေကြောင်း ကြားသိရသော်လည်း လုံး၀ ဂရုမစိုက်ခဲ့ပေ။

စာကြည့်တိုက်ထဲတွင် မနက်မှ ညအထိ နေလေ့ရှိသည်။ သူ့ဂုဏ်သတင်းသည် အလွန်ဆိုးသွမ်းနေခဲ့ပြီး တစ်ခါတစ်လေ စာကြည့်တိုက်ထဲတွင် သူနှင့် ထိပ်တိုက်ရင်ဆိုင်မိသော ကျောင်းသားများသည် သူ့အား စော်ကားမိမည်ကို ကြောက်၍ ရှောင်သွားကြသည်။

## အခန်း(၄၅၈) - အရည်အချင်း မပြည့်ဘူး နောက်တစ်ယောက်။

လင်းရှင်သည် လင်းဟွမ်က ပထမနှစ်တွင် လူကြိုက် အနည်းဆုံးဆရာ ဖြစ်နေကြောင်း သတင်း ကြားသောအခါ တနင်္လာနေ့ပင် ဖြစ်နေခဲ့ပြီ။ ထို့ကြောင့် အားသည်နှင့် လင်းဟွမ်ထံ ဖုန်းဆက်လိုက်သည်။

လင်းဟွမ် နေ့လည်စာစားနေစဉ် အင်ပါယာ နှလုံးသားလက်စွပ် တုန်ခါလာသည်။ လင်းဟွမ်သည်

စာကြည့်တိုက်ထဲတွင် ရှိနေသောကြောင့် အသံလုံအလွှာကို ဆင့်ခေါ်ပြီး လင်းရှင်၏ ဗီဒီယိုဖုန်းကို ကိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ။ တစ်ခုခု ဖြစ်လို့လား"

လင်းရှင်သည် သူနှင့် အတူမနေသော်လည်း တနင်္ဂနွေ ပိတ်ရက်တိုင်းတွင် ဆုံကြသည်။ ယခုမူ ဖုန်းဆက်လာသဖြင့် တစ်ခုခု ဖြစ်နေသည်မှာ အသေအချာပင်။

"ပြီးခဲ့တဲ့ ရက်ပိုင်းက တန်းခွဲ (၂) မှာ စာသင်ရတာ ဘယ်လိုလဲ"

လင်းရှင်က တစ်ချက် တုံ့ဆိုင်းသွားပြီးနောက် လှမ်းမေးလိုက်သည်။

"အဆင်ပြေပါတယ်။ မနေ့ကတောင် မင်း မေးခဲ့ပြီးပြီ မဟုတ်လား"

လင်းဟွမ်သည် ဤမေးခွန်းက ထူးဆန်းသည်ဟု တွေးလိုက်မိသည်။

"ငါ သိတယ်လေ။ ဒါပေမယ့် အခုတလော လူတွေပြောနေတဲ့ ကောလဟာလ တစ်ခု ရှိနေလို့"

လင်းရှင်က တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဘာ ကောလဟာလလဲ"

"တန်းခွဲ (၂) က ကျောင်းသားတွေရဲ့ တိုက်ပွဲလေ့ကျင့်မှုကို တားဆီး ပိတ်ပင်ထားတယ်လို့ တစ်ယောက်ယောက်က ပြောနေတယ်။ အဲ့ဒီလို ကောလဟာလ ပေါက်ကြားသွားဖို့ အချိန်အများကြီး မပေးရဘူး"

လင်းရှင်သည် လင်းဟွမ်က မတရား ခံရသည်ဟု ထင်နေသည်။

"အို ဒါလား။ အဲ့ဒါက ကောလဟာလ မဟုတ်ပါဘူး။ တကယ်လည်း အဲ့ဒီအတိုင်းပဲ"

လင်းဟွမ်က ဝန်ခ လိုက်သည်။

“တကယ်ကြီးလား”

လင်းရှင်သည် မမျှော်လင့်ထားသဖြင့် အံ့အော သင့်ပြီး ဆွံ့အသွားသည်။

“အစ်ကို ဘာတွေ တွေးနေတာလဲ”

အော် ငါက ကျောင်းသားတွေကို အောင်မြင်ရင် ဆုပေးမယ် မအောင်မြင်ရင် ဒါဏ်ပေးမယ်ဆိုတဲ့ ဆုပေး၊ ဒါဏ်ပေး လုပ်နေတာလေ။ ဘာမှ အများအယွင်း မရှိဘူး”

လင်းဟွမ်သည် ရှင်းပြချင်စိတ်မရှိပေ။

“ဒါပေမယ့် အခုလက်ရှိတော့ အစ်ကိုက ပထမနှစ်မှာ လူကြိုက်အနည်းဆုံး ဆရာ ဖြစ်သွားပြီဆိုတာ သိလား”

လင်းရှင်သည် ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်သည်။

“ငါ သိပါတယ်။ ဒီရက်ပိုင်းအတွင်း ဆရာတွေရဲ့ စကားဝိုင်းထဲမှာလဲ ဒီအကြောင်းပဲ ပြောနေကြတယ်လေ”

လင်းဟွမ်သည် အဖွဲ့စကားဝိုင်း၏ အသံကို အမြဲတမ်း ပိတ်ထားသော်လည်း ညတိုင်း မအိပ်ခင် ဝင်ဝင် ကြည့်တတ်သည်။ သူ့အကြောင်း ပြောနေသည်ကို မြင်သော်လည်း စိတ်မဝင်စားပေ။

“ဒီအကြောင်းနဲ့ ပက်သက်ပြီး စိတ်မပူနဲ့။ နောက်လမှာ ကျင်းပမယ့် တိုက်ပွဲ လေ့ကျင့်မှုအတွက် မင်းရဲ့စွမ်းရည်နဲ့ သန်မာမှု ပိုအားကောင်းလာအောင် ပြင်ဆင်ထားအုံး”

လင်းဟွမ်က အကြံပေးလိုက်သည်။

လင်းဟွမ်သည် ကျောင်းသားများ၏ စကားကြောင့် ထိခိုက်ခြင်းမရှိဘဲ နောက်ပိုင်း ရက်အနည်းငယ် ကြာသည့်တိုင်အောင် ဘဝကို ပုံမှန်အတိုင်း ဖြတ်သန်းနေခဲ့သည်။

ဤကဲ့သို့ဖြင့် သောကြာနေ့ နေ့လည်ခင်းသို့ နောက်တစ်ကြိမ် ပြန်ရောက် လာသဖြင့် ကျောင်းသားများကို လေ့ကျင့်ရေး အခန်းထဲသို့ တန်းပြီး ခေါ်လာခဲ့သည်။

ချင်းထိုက်ရှင်းသည် လင်းဟွမ်က ရယ်စရာကောင်းသည့် အရာတစ်ခုခုကို ထပ်လုပ်မည်စိုးရိမ်သောကြောင့် အတန်းထဲတွင် ထိုင်နေခဲ့သည်။

“ပြီးခဲ့တဲ့အပတ်က မင်းတို့ အားလုံးကို တာဝန်တစ်ခု ပေးခဲ့တယ်။ အခု တပတ်ပြည့်ပြီ။ မင်းတို့ရဲ့ လေ့ကျင့်မှုကို စမ်းသပ်မယ်”

လင်းဟွမ်သည် အတန်းလာတက်သော ကျောင်းသားများကို ကြည့်ပြီး ပြောလိုက်သည်။

အချို့လူများက စိန်ခေါ်ရန် အသင့်ဖြစ်နေကြသော်လည်း လင်းဟွမ်က သူတို့ကို လျစ်လျူရှုရန် ဆုံးဖြတ်ထားသည်။

"ကျောင်းသားတွေ အဆင့် (၁) ကနေ (၅၀) အထိ အစီအစဥ်အတိုင်း သရုပ်ပြမယ်၊ ယွီရန်"

ယွီရန် ဟုခေါ်သော ကျောင်းသားလေးသည် အရပ်မြင့်ပြီး ထင်ပေါ်သည်။

"ကဲ မင်း ဘာတွေ လေ့ကျင့်ထားလဲဆိုတာ ငါ့ကိုပြ"

ယွီရန်သည် သိုလှောင်လက်စွပ်ထဲမှ တိုက်ပွဲဝင် ဓါးတစ်ချောင်းကို ထုတ်ယူပြီး ဓါးကို ဝှေ့ရမ်းလိုက်သည်။ ဓါးကိုင်တွယ်ပုံမှာ အဆင်ပြေ ချောမွေ့လွန်းသည်။

ကျောင်းသားများ နောက်တွင် မတ်တပ်ရပ်နေသော ချင်းထိုက်ရှင်းသည် မျက်မှောင်ကြုတ်နေသော်လည်း စကားပြောဆိုခြင်း မရှိပေ။ ယွီရန်၏ စွမ်းဆောင်မှုကို သူကျေနပ်နေသည်။

ယွီရန်သည် ခေါင်းကိုသိမ်းပြီးနောက် လင်းဟွမ်ကို လှမ်းကြည့်လိုက်သည်။

“အရည်အချင်း မပြည့်ဘူး။ နောက်တစ်ယောက်”

လင်းဟွမ်က သူ့ကိုပင် လှည့်မကြည့် စာရင်းထဲ ချမှတ်လိုက်သည်။

ဒါကိုမြင်လျှင် ကျောင်းသားတော်တော်များများ အံ့အားသင့်သွားသည်။

“ဆရာလင်း၊ ငါ ဘာအမှား လုပ်မိလို့လဲ”

ကိုယ့်ကိုယ်ကို အမြဲတမ်း ဂုဏ်ယူနေတတ်သော ယွိုရန်သည် ဤရလဒ်ကို လက်မခံနိုင်ပေ။ ကျောင်းသားများ၏ အဆင့်ကို ကျောင်းဝင်သော ရမှတ်များနှင့် စီထားခြင်းပင် ။

သူသည် တန်းခွဲ (၂) တွင် အမှတ်အများဆုံး ဖြစ်ပြီး တန်းခွဲ (၁) ကိုရောက်ရန် (၁) မှတ်သာ ကပ်လိုခဲ့သည်။ တန်းခွဲ (၂) တွင် ထိပ်ဆုံးဟု ထင်ခဲ့သော်လည်း လင်းဟွမ်က သူ့ကို အကျပေးလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

"မင်း သိချင်လား။ ဒါဆိုလည်း မင်းကို ပြောပြမယ်"

လင်းဟွမ်က ယွီရန်ကို မော့ကြည့်လိုက်သည်။

"ငါ ထင်တာ မမှားဘူးဆိုရင် မင်းက ဒီခါးကျင့်စဥ်ကို လေ့ကျင့်ဖို့အတွက် ငါးနာရီတောင် မသုံးခဲ့ဘူး။ အတိအကျပြောရရင် ပြီးခဲ့တဲ့ အပတ်ထဲက ငါအတန်းထဲမှာ အချိန်ပေးခဲ့တဲ့ နှစ်နာရီကလွဲရင် မင်း မလေ့ကျင့်ထားဘူး။ မင်းက လေ့ကျင့်မှုမှာ အာရုံစူးစိုက်မှု မရှိဘူး။ ငါ့ရှေ့မှာ လှုပ်ရှားပြရုံနဲ့ မင်းက ဖုံးကွယ်နိုင်မယ်

ထင်နေတာလား။ မင်းရဲ့ ကိုယ်ပိုင်နည်းစနစ်တွေနဲ့ ပေါင်းစပ်ပြီး ပိုအဆင်ပြေ ချောမွေ့သွားတာပဲ ရှိတယ်”

“ငါ သင်ပေးခဲ့တဲ့ ဓါးကျင့်စဉ်ကို အတွဲလိုက် တိုက်ခိုက်ခြင်း ပုံစံလို့ခေါ်တယ်။ မင်းလုပ်နေတာက ဘာလဲ အကမင်းသမီးလား”

လင်းဟွမ်က ဆူပူ ကြိမ်းမောင်းလိုက်သည်။ အချို့က အကမင်းသမီး ဟူသောစကားကို ကြားလိုက်လျှင် ပါးစပ်ကိုလက်နှင့်အုပ်ပြီး တခွီခွီ ရယ်နေကြသည်။

ယှဉ်ရန် စိတ်တိုသွားသည်။

"အတွဲလိုက် တိုင်ခိုက်ခြင်းပုံစံက သတ်ဖြတ်တဲ့ စွမ်းရည်တစ်ခုပဲ။ ခုနက မင်းသရုပ်ပြခဲ့တာ အပေါ်ယံပဲ ရှိတယ်။ လူသတ်ဖြတ်နိုင်တဲ့ အော်ရာ လုံးဝ မမြင်ရဘူး။ ကျင့်စဉ်အကြောင်းနဲ့ ပက်သက်ပြီး မင်းက ရှင်းရှင်းလင်းလင်း နားမလည်ဘူး။ ထိပ်တန်း ကောလိပ်က ကျောင်းသားတစ်ယောက် မဟုတ်တဲ့ လူတောင် တစ်ပတ်လောက် အာရုံစိုက်ပြီး လေ့ကျင့်လိုက်ရင် မင်းထက် ပိုကောင်းလာမှာ သေချာတယ်"

ယွီရန်သည် လင်းဟွမ် ထောက်ပြသော အချက်အလက်များကြောင့် ဆွံ့အနေသည်။

ယွီရန်သည် ဓါးကျင့်စဥ်ကို လေ့ကျင့်ရန်အတွက် အားစိုက်ထုတ်မှု တစ်စုံတစ်ရာမျှ မလုပ်ခဲ့ချေ။ ဓါးခုတ်ချခြင်း၊ လွှဲခြင်း၊ မိုးဓါးခုတ်ခြင်း စသည့် အရာများကို အဆင်ပြေသလို သူ့နည်းစနစ်နှင့် ပေါင်းစပ်ခဲ့ပါက ဖြတ်ကျော် နိုင်လိမ့်မည်ဟု ထင်နေခဲ့သည်။

"နောက်တစ်ယောက် နံပါတ် (၂) ကုန်နင်း"

နံပါတ် (၂) ကျောင်းသူလေးသည် ခါးကျင့်စဥ်ကို သရုပ်ပြပြီးနောက် စိုးရိမ်တကြီး မတ်တပ်ရပ်နေသည်။

"အရည်အချင်း မပြည့်ဘူး။ နောက်တစ်ယောက်"

နံပါတ် (၂) ကျောင်းသူလေးသည် ဘာမှမပြောဘဲ သူမ မတ်တပ်ရပ်နေသောနေရာမှ ကျောခိုင်းပြီး လှည့်ထွက်သွားသည်။

မကြာခင် နံပါတ် (၃) ကျောင်းသားက ခါးကို ဖော့ယမ်းလိုက်သည်။

"အရည်အချင်း မပြည့်ဘူး.....၊ နောက်တစ်ယောက်"

"အရည်အချင်း မပြည့်ဘူး.....၊ နောက်တစ်ယောက်"

"အရည်အချင်း မပြည့်ဘူး.....၊ နောက်တစ်ယောက်"

တစ်နာရီ ကြာသောအခါ ကျောင်းသားအားလုံး သရုပ်ပြ၍ ပြီးဆုံးသွားသည်။

လင်းဟွမ် မျက်မှောင်ကြုတ်နေသည်။

ချင်းထိုက်ရှင်းပင် စိတ်တိုနေသည်။

ကြိုးစားအားထုတ်ခဲ့သည့် လူအချို့မှ လွဲ၍ အများစုသည် လင်းဟွမ်၏ ညွှန်ကြားချက်ကို အလေးအနက်ထားခြင်း မရှိခဲ့ကြပေ။

"ဒီနေ့ မင်းတို့ရဲ့ စွမ်းဆောင်ရည်တွေကို လုံးဝ မကျေနပ်ဘူး။ သုံးယောက်ပဲ ကြိုးစား အားထုတ်ခဲ့တယ်။ ကျန်တဲ့လူတွေကို မေးချင်တာက ပြီးခဲ့တဲ့ တစ်ပတ်က မင်းတို့ရဲ့ အချိန်တွေကို ဘာတွေ လုပ်နေကြတာလဲ။ မင်းတို့မှာ ခါးသိုင်း လေ့ကျင့်ဖို့ သုံးနာရီတောင် အချိန်မရှိဘူးလား"

လင်းဟွမ်က လက်တစ်ဖက် နောက်ပစ်၍ ဆူပူကြိမ်းမောင်း နေသည်။

"ဒါက မင်းတို့ကို ဓါးကျင့်စဉ်လေး လေ့ကျင့်ခိုင်းတဲ့ တာဝန်တစ်ခုပဲ။ မင်းတို့က ဒါတောင် မလုပ်နိုင်ဘူးလား။ ငါ မင်းတို့ကို မေးချင်တာက နောက်ထပ် (၂) နှစ်ကြာလို့ မင်းတို့က မုဆိုးအဖွဲ့အစည်း ဒါမှမဟုတ် ပြည်ထောင်စု အစိုးရမှာ အလုပ်ဝင်ရင် မင်းတို့ရဲ့အချိုးက ဒီတိုင်းပဲ ဖြစ်နေအုံးမှာလား"

"ဒါက တကယ့်တိုက်ပွဲ အစစ်သာဆိုရင် မင်းတို့ပဲ မဟုတ်ဘူး။ မင်းတို့ရဲ့ သူငယ်ချင်းတွေ၊ အပေါင်းအသင်းတွေ တစ်ဖွဲ့လုံး သေသွားလိမ့်မယ်။ နောက်ပြီးတော့ မင်းတို့လေ့ကျင့်တာ အရည်အချင်း မပြည့်ဘူးလို့ ငါ ပြောခဲ့တယ်။ ခါးသိုင်း လေ့ကျင့်တာကို ဟာသတစ်ခုလို့ မင်းတို့ မတွေးနဲ့"

"အေး လေးပတ်မြောက်မှာ ငါ့ရဲ့မျှော်လင့်ချက် မပြည့်မီရင် မင်းတို့အားလုံး တိုက်ပွဲလေ့ကျင့်မှုမှာ မပါရဘူး။ ငါ သေချာပေါက် ပယ်ချမယ်။ ဒါတင် မကသေးဘူး။ နောက်လမှာ မင်းတို့ကို တာဝန်

အသစ်တစ်ခု ထပ်ပေးမယ်။ ပထမ တာဝန်ကို ပြီးအောင် မလုပ်နိုင်တဲ့ လူတွေက ပထမတာဝန်အပြင် နောက်ထပ် တာဝန်တစ်ခုပါ ပြီးအောင်လုပ်ရမယ်။ မအောင်မြင်တဲ့လူတွေက ဒုတိယလ တိုက်ပွဲ လေ့ကျင့်မှု၊ တတိယနဲ့ စတုတ္ထလ တိုက်ပွဲ လေ့ကျင့်မှုမှာလည်း အတူတူပဲ”

“မင်းတို့ထဲက တစ်ယောက်ယောက်က ပထမတာဝန် တစ်ခုကိုတောင် နှစ်ကုန်တဲ့အထိ ပြီးအောင် မလုပ်နိုင်ရင် တိုက်ပွဲလေ့ကျင့်မှု အားလုံးပါဝင်ဖို့ အရည်အချင်း မပြည့်ဘူး။

ပြောချင်တာက ပထမနှစ်ဝက် စာသင်နှစ်မှာ မင်းတို့ရဲ့တိုက်ပွဲ ရလဒ်က သုညပဲ ရမယ်”

ကျောင်းသားများသည် တအံ့တဩ ငေးကြည့်နေကြသည်။

စာသင်နှစ်ဝက် တစ်ခုလုံးတွင် တိုက်ပွဲလေ့ကျင့်မှု ရမှတ် သုညရပါက သိုင်းပညာ မုဆိုးကောလိပ်မှ ကျောင်းထုတ် ခံရလိမ့်မည်။

## အခန်း(၄၅၉) - ရွှေအဆင့် ပြည့်ဝအဆင့်သို့ အဆင့်တက်ခြင်း။

တနင်္လာနေ့ မနက်....

ယွီရန် ဦးဆောင်သော ဓါးတာအိုဌာန ပထမနှစ် တန်းခွဲ (၂) မှ ကျောင်းသား (၄၂) ယောက်သည် ကျောင်းသားရေးရာ ဌာနသို့ ရောက်ရှိလာသည်။

"မင်းတို့ကောင်တွေ မနက်ခင်း စောစောစီးစီး ဘာလာလုပ်တာလဲ"

ကျောင်းသားရေးရာဌာန၏ ညွှန်ကြားရေးမှူး လီဖန်းက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ ကျောင်းသားများက ဘာကြောင့် ဤနေရာသို့ ရောက်ရှိလာလည်း ဆိုသည်ကို သူ ခန့်မှန်းပြီးသားပင်။

လွန်ခဲ့သော သောကြာနေ့က လင်းဟွမ်၏ အတန်းပြီးသွားခဲ့သည်။ ကျောင်းသားအားလုံးကို စာသင်နှစ် နှစ်ဝက် တစ်ခုလုံးအတွက် တိုက်ပွဲ လေ့ကျင့်မှုအမှတ် တစ်မှတ်မှ မရနိုင်ကြောင်း

လင်းဟွမ် ပြောထားသည့် ဗီဒီယိုကိုလည်း တွေ့ခဲ့ဖူးသည်။

လင်းဟွမ် ပြောသည့် အရှေ့ပိုင်းကို ချန်လှပ်ထားပြီး အထိ နစ်နာစေမည့် အပိုင်းကိုသာ ဗီဒီယို ဖြတ်တောက်၍ ဖြန့်ဝေခဲ့ခြင်းပင် ။ အဖွဲ့ထဲရှိ ဆရာအချို့ကလည်း ထိုဗီဒီယိုကို ထပ်ဆင့် ဖြန့်ဝေခဲ့ကြသည်။

"ဆရာလင်းဟွမ်ကို ကျောင်းက ထုတ်ပစ်ဖို့ တောင်းဆိုပါတယ်။ သူက ဆရာတစ်ယောက်လုပ်ဖို့ မသင့်တော်ပါဘူး"

ကျောင်းသားအဖွဲ့ကို ဦးဆောင်လာသော ယွိရန်က အော်ဟာစ်လိုက်သည်။ ကျောင်းသားရေးရာ ဌာနတွင် ဖြစ်ပျက်နေသော အကြောင်းအရာသည် စတုတ္ထ အထပ်ရှိ အရာရှိများ၏ အခန်းကို ဆွဲဆောင်သွားသည်။ လူစုလူဝေးကြီး ဖြစ်လာပြီး သူတို့အချင်းချင်း စကားများ ပြောဆိုနေကြသည်။

"ဟုတ်ပြီ။ ဦးဆောင်တဲ့ လူတစ်ယောက်ကပဲ ပြော"

လီဖန်းက ယွိရန်ကို တည့်တည့် စိုက်ကြည့်လိုက်သည်။

အတန်းကို ကိုယ်စားပြုသော ယွီရန်က လီဖန်းရှေ့ကို ဂုဏ်ယူ ဝံ့ကြွားစွာ လမ်းလျှောက်သွားသည်။

"ဆရာတစ်ယောက်ကို အလုပ်ထုတ်ဖို့ဆိုရင် ခိုင်မာတဲ့ အကြောင်းပြချက်လိုတယ်။ ဆရာလင်းကို ဘာဖြစ်လို့ အလုပ် ထုတ်ရမှာလဲ"

လီဖန်းသည် သူ့ရုံးခန်း ကုလားထိုင်ပေါ်တွင် နောက်ကျော မှီချလိုက်ပြီး သူ့ရှေ့မှလူငယ်ကို မျက်ခုံးပင့် ကြည့်လိုက်သည်။

ယွီရန်က သူ တည်းဖြတ်ထားသော ဗီဒီယိုကို ပြသလိုက်သည်။ ဒါသည် လင်းဟွမ်က ပထမနှစ်ဝက် တိုက်ပွဲလေ့ကျင့်မှုတွင် လုံးဝ ပါဝင်ခွင့်မပေးဘဲ အမှတ်သုညသာ ပေးမည့်အကြောင်းကို ပြောဆိုနေသော အပိုင်း ပင် ။

"သူက ဘယ်လို သင်ပေးရမယ်ဆိုတာ မသိဘူး။ သူလုပ်တတ်တာက ငါတို့ကို တိုက်ပွဲ လေ့ကျင့်မှုကနေ ဖယ်ရှားပစ်မယ်ဆိုပြီး ခြိမ်းခြောက်နေတာပဲ ရှိတယ်။ နောက်ပြီးတော့ ဆရာတစ်ခါမှ မလုပ်ဖူးတဲ့ လူတစ်ယောက်၊

ကျောင်းတစ်ခါ မတက်ဖူးတဲ့ လူတစ်ယောက်က ငါတို့ဆရာ ဖြစ်ဖို့ မသင့်တော်ဘူး။ အရည်အချင်း မရှိဘူး”

ယွီရန်က နောက်ထပ် ဗီဒီယိုဖိုင်တစ်ခု ပြသရင်း ရှင်းပြလိုက်သည်။ ဒါသည် ပထမဆုံးနေ့ အတန်း မိတ်ဆက်စဥ်က ကောလိပ်ကို တစ်ခါမှ မတက်ဖူးကြောင်း လင်းဟွမ် ဝန်ခံထားသည့် ဗီဒီယိုဖိုင်ပင်။

“သူက ငါတို့ကို သင်ပေးဖို့ မသင့်တော်ဘူးလို့ ငါတို့အားလုံး ယူဆထားတယ်။ ဒါကြောင့် သူ့ကို

ကျောင်းက အလုပ်ထုတ်တာပဲ ဖြစ်ဖြစ်၊ တခြားအခန်းပြောင်းတာပဲ ဖြစ်ဖြစ် လုပ်ပေးပါ။ ငါတို့တန်းခွဲ (၂) က ကျောင်းသားတွေက ငါ့တို့ရဲ့ ဆရာအဖြစ် လက်မခံနိုင်ဘူး”

“တကယ် ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ငါက မသိဘူးလို့ ထင်နေတာလား”

ယွီရန် စကားဆုံးသွားသောအခါ လီဖန်းက မပြုံးချင်သလိုလို ပြုံးချင်သလိုလို ပြုံးပြီး မေးလိုက်သဖြင့်

ယွီရန်၏ နှလုံးခုန်သံများ ရပ်တန့်သွားသည်။

ထို့နောက် လီဖန်းက တန်းခွဲ (၂) မှ ကျောင်းသားများကို ခါးကျင့်စဥ် လေ့ကျင့်ခိုင်းနေသည့် ဗီဒီယိုဖိုင်ကို ပြသလိုက်သည်။ ဒါသည် ချင်းထိုက်ရှင်း ရိုက်ကူးထားသော သူ့ရှုထောင့်က ဗီဒီယိုဖြစ်ပြီး ကျောင်းသားများ၏ စွမ်းဆောင်ရည်ကြောင့် လင်းဟွမ် ပေါက်ကွဲနေရသော အကြောင်းအရာများလည်း ပါဝင်နေသည်။

အမှန်တကယ်ဆိုလျှင် ယှဥ်ရန်နှင့် ကျန်သည့် လူများက သေကြာနေ့ ကတည်းကပင် ဗီဒီယိုကို

တည်းဖြတ်ပြီး မျှဝေခဲ့ကြသည်။ ထို့နောက် ဆရာများ၏ စကားဝိုင်းထဲကိုလည်း ပို့လာခဲ့သဖြင့် လီဖန်းက ချင်းထိုက်ရှင်းကို မေးမြန်းခဲ့သည်။ ချင်းထိုက်ရှင်း ရိုက်ကူးထားသော ဗီဒီယိုဖိုင်ကို တွေ့ပြီးနောက် အမှန်တရားကို သိခဲ့သည်။

"မင်းတို့က ဆရာလင်းပေးတဲ့ တာဝန်ကိုလည်း ပြီးမြောက်အောင် မလုပ်ဘူး။ နောက်ပြီးတော့ အဖြစ်အပျက်ကို ကလိမ်ကကျစ် ဉာဏ်ဆင် လုပ်ကြံ ဗီဒီယိုဖိုင်လည်း လုပ်ကြသေးတယ်။

မင်းတို့ကောင်တွေ ဘာ လုပ်တယ်ဆိုတာ ကြည့်စမ်း”

“မင်းက တပတ်လုံး လေ့ကျင့်နေရမယ့် အစား၊ ခါးကျင့်စဉ် သရုပ်ပြနေတဲ့ အချိန်မှာလည်း မိန်းမတစ်ယောက် ကနေသလိုပဲ။ ဆရာလင်း မှန်တယ်။ ငါတို့ ကောလိပ်ထက် နိမ့်ကျတဲ့ ကောလိပ်က ကျောင်းသားတွေတောင် မင်းတို့ အားလုံးထက် ပိုကောင်းသေးတယ်။ မင်းတို့ထက်စာရင် သူတို့က အလုပ်လုပ်ရင် အလေးအနက် ထားသေးတယ်။”

“ နောက်ပြီးတော့ မင်းတို့ကောင်တွေက ဗီဒီယိုဖိုင်ကို မင်းတို့စိတ်ကြိုက် တည်းဖြတ်ပြီး မင်းတို့ပြချင်တဲ့ အပိုင်းလေးပဲ ပြပြီး ဗိုင်းရပ်စ် တစ်ခုလိုဖြန့်ဝေတယ်။ အခုလည်း မင်းက ဒီကိုတောင် ရောက်နေပြီ။ မင်းဆရာက ဘယ်လောက် ဆိုးတယ်လို့ ငါတို့ကို ပြောပြီး ဆရာကို အလုပ် ထုတ်ခိုင်းတာလား”

လီဖန်းက တချက်ပြီး တချက် ထောက်ပြ၍ အဆက်မပြတ် ဝေဖန် ပြောဆိုလာသောအခါ ယွီရန်၏မျက်နှာ ဖြူဖျော့သွားသည်။

"မင်းတို့ တည်းဖြတ်ထားတဲ့ ဗီဒီယိုဖိုင်ကို အစကတည်းက မင်းတို့ဆရာ လင်းဟွမ် မြင်သွားပြီဆိုတာ မင်းတို့သိရဲ့လား။ ဒီဗီဒီယိုဖိုင်ကို မျှဝေနေတာ၊ မင်းတို့ကောင်တွေ ဖြန့်ဝေနေတဲ့ ကောလဟာလနဲ့ စွပ်စွဲချက်အားလုံးကို သူ သည်းခံခဲ့တယ်။ သူ သက်သေပြဖို့ အခွင့်အရေး ရှိပေမယ့် နှုတ်ဆိတ်နေဖို့ ရွေးချယ်ခဲ့တယ်"

ယွီရန် သာမက ကျန်သည့်ကျောင်းသားများ အားလုံး ရှက်သည့်စိတ်ဖြင့် ခေါင်းငိုက်စိုက် ကျကုန်ကြသည်။

"ဒီကိစ္စကို ဒီမှာပဲ အဆုံးသတ် လိုက်မယ်။ ငါတို့က ဆရာလင်းဘက်ကပဲ ရပ်တည်ပေးမယ်။ ဗီဒီယိုဖိုင် တင်ထားတဲ့လူက (၂၄) နာရီ အတွင်း မင်းတို့ရဲ့ ဗီဒီယိုဖိုင်ကို ပြန်ဖျက်ပါ။ အဲ့ဒါဆို မေ့ထားပေးလိုက်မယ်။ မင်းတို့ထဲက တစ်ယောက်ယောက်က တိုက်ပွဲလေ့ကျင့်မှုမှာ အမှတ်သုညရရင် ငါတို့ သိုင်းပညာ မုဆိုး ကောလိပ်က မင်းတို့ကို ကျောင်းထုတ်မယ်။ မင်းတို့က ဌာနမှူးဆီကို တိုင်ကြားစာ ပို့လည်း အတူတူပဲ"

လီဖန်းသည် လင်းဟွမ်၏ နောက်ကွယ်တွင် ဌာနမှူးလုမင် ရှိနေကြောင်း သိနေသည့်အတွက် လင်းဟွမ်ကို ထောက်ခံရန် စိတ်ပိုင်းဖြတ်ထားပြီး မစော်ကားချင်ပေ။

ယွီရန်နှင့် ကျန်သည့် ကျောင်းသားများသည် တိုက်ပွဲ ကျရှုံးသွားသလို စိတ်ပျက် ဝမ်းနည်း၍ အီးမှန်နေသော မျက်နှာများဖြင့် ရုံးခန်းထဲမှ ထွက်သွားကြသည်။ သူတို့ ဖန်တီးထားသော သက်သေအတုကြောင့် ပြန်ခံ ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

အခြား ရွေးချယ်စရာ မရှိတော့သဖြင့် ခါးကျင့်စဥ့်ကိုသာ ရိုးသားကြိုးစားစွာ လေ့ကျင့်ရုံသာ ရှိတော့သည်။ ဒီကိစ္စကို လီဖန်းက ဤကဲ့သို့ နည်းလမ်းဖြင့် ချုပ်ကိုင်ထားခဲ့သည်။

လင်းဟွမ်သည် ထိုအဖြစ်အပျက်ကို ပြန်ကြားသောအခါ ပြုံးရုံသာ ပြုံးနေလိုက်သည်။

ဗီဒီယိုကို ပြန်ဖျက်ခဲ့သော်လည်း ထိုကိစ္စသည် ကောလိပ်ထဲတွင် အပြင်းထန်ဆုံး စကားခေါင်းစဥ် တစ်ခု ဖြစ်နေသေးသည်။ ဒုတိယနှစ်နဲ့ တတိယနှစ်မှ ကျောင်းသားများပင် ရယ်စရာ ကောင်းသော

ဆုံးဖြတ်ချက်နှင့် ပြဿနာရှာခြင်း ခံရမှုကို ရှန်းထွက်နိုင်ခဲ့သော ဆရာလင်း၏ နောက်ကွယ်တွင် အစွမ်းထက်သော နောက်ခံ အသိုင်းအဝိုင်း ရှိနေကြောင်း ကြားသိခဲ့ရသည်။

လင်းရှင်က ထိုကိစ္စနှင့် ပတ်သက်၍ ထပ်မံ ဆက်သွယ်ခဲ့သော်လည်း လင်းဟွမ်က သူမကို နှစ်သိမ့်လိုက်သည်။

ဤသို့ဖြင့် ဒုတိယအပတ်မြောက် သောကြာနေ့ ရောက်ရှိလာခဲ့သည်။

လင်းဟွမ်သည် အတန်းထဲ ဝင်လာပြီး ကျောင်းသားများ၏ တိုးတက်မှုကို စစ်ဆေးကြည့်ရာ ဤတစ်ကြိမ်တွင် တော်တော်လေး စိတ်ကျေနပ်သွားသည်။

"ဒီနေ့အောင်မြင်တဲ့ ကျောင်းသား (၃၆) ယောက်ရှိတယ်။ အရင်က ပြောဖူးပါတယ်။ မင်းတို့တွေ လေ့ကျင့်နေသရွေ့ ငါ့ မျှော်လင့်ချက် ပြည့်မီဖို့ မခက်ပါဘူး။ မင်းတို့အားလုံး ငါ့ရဲ့ စံချိန်စံညွှန်းကို ပြည့်မီရင် တိုက်ပွဲလေ့ကျင့်မှုမှာ အရည်အချင်း မပြည့်မီစရာအကြောင်း မရှိဘူး"

လင်းဟွမ်သည် ကျောင်းသားများ လုပ်ခဲ့သည် သက်သေအတုနှင့် ပက်သက်သည့် ကိစ္စကို အတန်းထဲတွင် မပြောခဲ့ပေ။

ကလဲ့စား ပြန်အချေ ခံရမည်ကို စိုးရိမ်နေကြသော ကျောင်းသား တော်တော်များများလည်း ရင်အေးသွားသည်။

လင်းဟွမ်က ကျောင်းသားများအပေါ်၌ အညှိုးထား၍ အပြစ်ရှာမည်ကို စိုးရိမ်နေသော ချင်းထိုက်ရှင်းပင် ဝမ်းသာသွားသည်။

ကံကောင်း ထောက်မစွာဖြင့် ဒီနေ့အတန်းက တော်တော်လေး ပဏာသင့်ခဲ့သည်။

စာကြည့်တိုက်ထဲတွင် လင်းဟွမ်က ညဘက် ရောက်သည့်အထိ စာကြည့်နေခဲ့သည်။ ရုတ်တရက် သူ့ ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာ စွမ်းအားများ တည်ငြိမ်သွားသလို ခံစားလိုက်ရကာ အော်ရာ အပြောင်းအလဲများ ဖြစ်ပေါ်လာပြီး ရွှေအဆင့် ပြည့်ဝအဆင့်သို့ တက်လှမ်းသွားသည်။

လင်းဟွမ်သည် ရွှေအဆင့် (၃) မှ ရွှေအဆင့် ပြည့်ဝအဆင့်ကို ရောက်ရှိရန် ကံကြမ္မာစွမ်းအား

တစ်ကြိမ်တစ်ခါမျှ မလည်ပတ် ခဲ့ပေ။ ကံကြမ္မာစွမ်းအားများကို သူ့အလိုလိုသာ လည်ပတ်စေခဲ့ပြီး ဓါးကျင့်စဥ်များကိုသာ လေ့ကျင့်နေခဲ့သည်။

နောက်ဆုံး၌ သုံးလကြာပြီးသည့် အချိန်တွင် ရွှေအဆင့် ပြည့်ဝအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ။ ဒါသည် အဆင့်တစ်ခုတည်းတွင် အချိန်အကြာကြီး နေခဲ့ခြင်းပင်။

သို့သော်လည်း သင်ယူခြင်းနှင့် ပြန်လည်အစာချေခြင်း လုပ်ငန်းစဉ်များကြောင့် သူ၏ အခြေခံအုတ်မြစ်သည် ပို၍ တည်ငြိမ်လာခဲ့သည်။

"မော်ကွန်း အဆင့် မွန်းစတားကတ် - ရွှေသံချပ်ကာ ဂျင်းနီ (အာဏာရှင်) က ကြက်သွေးရောင် မီးလျှံအဆင့်ကို အလိုလို မြင့်တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မော်ကွန်းအဆင့် မွန်းစတားကတ် - ကြမ်းတမ်း ဓါးသခင် (လန်စန်လော့)နဲ့ ကျန်တဲ့ ဓါးကျေးကျွန်းများက ကြက်သွေးရောင်

မီးလျှံအဆင့်ကို အလိုလိုတက်လှမ်း သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

"မော်ကွန်းအဆင့် မွန်းစတားကတ် - ကောင်းကင်တမန်တော် တရားသူကြီး (ကိုင်လီ) က ကြက်သွေးရောင် မီးလျှံအဆင့်ကို အလိုလို အဆင့်တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

........

လင်းဟွမ်က ရွှေအဆင့် ပြည့်ဝအဆင့်ကို တက်လှမ်းပြီးနောက် ရောင်ဖိန်ထံမှ

အကြောင်းကြားချက် အနည်းငယ် ထွက်ပေါ်လာသည်။

"အခု ငါ့ရဲ့တိုက်ခိုက်ရေး အဆင့်ကလည်း အဆင့်တက်သွားပြီ။ မွန်းစတားတွေလည်း အဆင့်တက်လာပြီဆိုတော့ ငါ့ရဲ့ မီးစာမွန်းစတားကို ရှာဖွေဖို့ အချိန်ကျပြီ"

လင်းဟွမ်က အကြံများစွာဖြင့်

"ဒါဆိုရင် အစောပိုင်းကတည်းက ငါ ဆန်ကာတင် ရွေးချယ်ထားတဲ့ မွန်းစတားတွေထဲက တစ်ကောင်ကို

ရွေးရမယ်။ ဘယ်တစ်ကောင်ကို ရွေးရင် ကောင်းမလဲ”